# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်　၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ ကြာသပတေးနေ့　အတွဲ (၆၀)၊ အမှတ် (၂၉၉)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ဗဟိုအကျဉ်းထောင်၌ အချုပ်သား ၆၁၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး



အင်းစိန်ဗဟိုအကျဉ်းထောင်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၂၈

လတ်တလော ဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလတွင် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ပျံ့နှံ့မှုမရှိစေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ ဝယ်ယူရောက်ရှိလာသော ကာကွယ်ဆေးများ စတင်ထိုးနှံမှု ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား/ အချုပ်သား ၆၁၀ အား ယနေ့နံနက်ပိုင်းတွင် စတင်ထိုးနှံပေးခဲ့ကြောင်း အင်းစိန်ဗဟိုအကျဉ်းထောင်မှ သိရသည်။

**ကာကွယ်ဆေးထိုးဖို့ ဆန္ဒပြု**

"ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ ပတ်သက်လို့ ဒီနေ့ အင်းစိန်ဗဟိုအကျဉ်းထောင်က အကျဉ်းသားတွေကို ပထမဆုံး စတင်ထိုးနှံပေးတာဖြစ်ပါတယ်။ အရင် ပထမလှိုင်းနဲ့ ဒုတိယလှိုင်းတုန်းကတော့ မထိုးဖြစ်ခဲ့ဘူး။ အခုလည်း ထောင်အတွင်း အကျဉ်းသားတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုတော့ မရှိသေးဘူး။ ဒါပေမယ့် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဒီကနေ့ ကနဦး ထိုးနှံပေးတာ ဖြစ်ပါတယ်။ အကျဉ်းသား/ အချုပ်သား ဆန္ဒပြုတဲ့သူနဲ့ ဆေးထိုးဖို့ အကျုံးဝင်တဲ့သူအားလုံးကို စာရင်းကောက်ခံပြီး ထိုးနှံပေးသွားမှာပါ။ တချို့ကလည်း ရောဂါလက်ခံအခြေအနေတစ်ရပ်ရပ်ကြောင့် မထိုးကြတဲ့သူတွေလည်းရှိတယ်။ အခုလတ်တလောမှာတော့ ကာကွယ်ဆေးထိုးဖို့ ဆန္ဒပြုထားတဲ့သူ ၂၅၀၀ ကျော် ရှိပါတယ်။ စာရင်းပေးထားတဲ့ အားလုံးကိုတော့ ကာကွယ်ဆေး

*စာမျက်နှာ ၄ ကော်လံ ၁* ◆

**ယနေ့ ဖတ် စ ရာ**


**ယူနန်ပြည်သူများက ကိုဗစ်အတည်ပြုလူနာများ ကုသရာတွင် အသုံးပြုရန် Liquid Oxygen တန် ၂၀၀ လှူဒါန်း** ပြည်တွင်းသတင်း စာ - ၄

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပ တင်သွင်းခွင့် သွင်းကုန်လိုင်စင် လျှောက်ထားခြင်းကို ယာယီ ကင်းလွတ်ခွင့် ပြုပေးလျက်ရှိ** ပြည်တွင်းသတင်း စာ - ၅

**ဥရောပသမဂ္ဂရှိ အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း ဥရောပကော်မရှင် ဥက္ကဋ္ဌပြော** နိုင်ငံတကာသတင်း စာ - ၁၃

မြန်မာ့အလင်း

## ကပ်ရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေးနှင့် လူမှုကူညီရေးအဖွဲ့အစည်းများ၏ကဏ္ဍ

မိမိအတွက် အကျိုးအမြတ်တစ်စုံတစ်ရာ ရယူခြင်းမရှိဘဲ အများအကျိုးဆောင်ရွက်သည့်လုပ်ငန်းများကို ပရဟိတလုပ်ငန်းများအဖြစ် သိရှိကြသည်။ အများအကျိုးဆောင်အလုပ်ကို တစ်ပိုင်တစ်နိုင်၊ အတိုင်းအတာကာလတစ်ရပ် လုပ်ကိုင်ကြသူများ၊ အဖွဲ့အစည်းတစ်ခုအဖြစ် စနစ်တကျဖွဲ့စည်းပြီး အများအကျိုးဆောင်လုပ်ငန်းတစ်ခုခုကို နှစ်ရှည်လများ တည်ထောင်လုပ်ကိုင်ကြသူများ မြန်မာနိုင်ငံမြို့ရွာဒေသအနှံ့အပြားတွင် ရှိကြသည်။ ပရဟိတလုပ်ငန်း လုပ်ကိုင်သူတို့၏ ရည်ရွယ်ချက်များမှာ လူမှုဒုက္ခကျရောက်နေသူများအတွက် လိုအပ်သော ကူညီမှုများကို လုပ်ကိုင်ပေးကာ ဒုက္ခနှင့် သောကတို့ကို ပြေပျောက်စေရေးဖြစ်သည့်အတွက် ပရဟိတလုပ်ငန်းဟူသည် မေတ္တာနှင့် ကရုဏာတို့ကိုအခြေခံ၍ လုပ်ကိုင်ကြရသော မွန်မြတ်သည့်လုပ်ငန်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ မည်သည့်ဒေသတွင်မဆို အများအကျိုးဆောင်ပရဟိတလုပ်ငန်း အမယ်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး တွေ့မြင်ရမည်ဖြစ်ပြီး ဒေသနေပြည်သူများကလည်း အားကိုးအားထားပြုကြရသည်ကို တွေ့ရသည်။ နာရေးကူညီမှုလုပ်ငန်း၊ အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်း၊ ဇီဝိတဒါနသွေးလှူလုပ်ငန်း၊ အရေးပေါ်အောက်ဆီဂျင်ဘူး ဒါနပြုသည့်လုပ်ငန်း၊ မိဘမဲ့ကလေးများ စောင့်ရှောက်သည့်လုပ်ငန်း၊ ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများ စောင့်ရှောက်သည့်လုပ်ငန်း၊ အမျိုးသမီးများ ကူညီကယ်ဆယ်ရေးလုပ်ငန်း၊ ပညာဒါနလုပ်ငန်း၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်း စသည့် လူမှုကရုဏာလုပ်ငန်း အမျိုးမျိုးတို့ကို အကျိုးအမြတ် မမျှော်ကိုးဘဲ ပေးဆပ်သူတို့၏ နှလုံးသားဖြင့် ကိုယ်ရောစိတ်ပါ ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ပရဟိတအဖွဲ့အစည်းများမှာ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှုတို့ကောင်းလျှင်ကောင်းသလို အောင်မြင်မှုရရှိကြပြီး ပါဝင်ဆောင်ရွက်ကြသူများ၏ မေတ္တာ၊ ကရုဏာ၊ ဝါသနာ၊ စေတနာ၊ အနစ်နာတို့ စိုက်ထုတ်မှု ကြီးမားသည်နှင့်အမျှ အများပြည်သူတို့၏ ယုံကြည်မှု၊ လေးစားမှုတို့ကိုပါ ရရှိကြသည်။

မြန်မာနိုင်ငံသို့ ကိုဗစ်–၁၉ ကပ်ရောဂါ စတင်ဝင်ရောက်လာချိန်မှစ၍ ယခုအချိန်အထိတိုင်အောင် ပရဟိတအဖွဲ့အစည်းပေါင်းများစွာတို့က လူမှုကရုဏာလုပ်ငန်းအမျိုးမျိုးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြရာ လပေါင်းများစွာကြာအောင် အခက်အခဲအမျိုးမျိုးတို့၏ကြား၊ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည့် အနိဋ္ဌာရုံများနှင့် စိတ်ဖိစီးမှုတို့၏ ဖိအားများအောက်တွင် ဇွဲနပဲဖြင့် လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း လေးစားဖွယ်ရာ တွေ့ရှိရသည်။ ပရဟိတအလုပ်လုပ်ကိုင်နေကြသူများမှာလည်း သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် ဖြစ်သည့်အလျောက် အချိန်တိုင်းတွင် ထိတွေ့နေရသည့် ကူးစက်ရောဂါ၏ အန္တရာယ်မှလည်း သတိမလွတ်စတမ်း ကာကွယ်နေနိုင်ကြရန် လိုအပ်ကြပြီး ၎င်းတို့အတွက် ကျွမ်းကျင်မှုဆိုင်ရာများ သင်ကြားလေ့ကျင့်ပေးရေး၊ ကပ်ရောဂါကာကွယ်ရေးဆိုင်ရာ ပစ္စည်းပစ္စယများ၊ ဆေးဝါးများ ထောက်ပံ့ကူညီပေးရေးနှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့ လိုအပ်မည်ဖြစ်သည်။ လူမှုကူညီရေးအသင်းများ၊ ပရဟိတအဖွဲ့အစည်းများသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရန် ပြည်သူများကြားမှ ပေါ်ထွက်လာသည့် အဖွဲ့အစည်းများဖြစ်ရာ ၎င်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပြီး လုပ်အားကို စနစ်တကျ ရယူခြင်းဖြင့် အဖိုးတန်သည့် လူ့စွမ်းအား အရင်းအမြစ်များကို ရရှိနိုင်မည်ဖြစ်သည်။

ယခုအချိန်သည် ကိုဗစ်–၁၉ ကပ်ရောဂါ တတိယလှိုင်းကြောင့် ကူးစက်မှုမြင့်တက်နေသကဲ့သို့ နိုင်ငံ၏ဒေသအချို့တွင် ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်တို့ ဖြစ်ပေါ်လျက်ရှိရာ စေတနာ့ဝန်ထမ်း လူမှုကူညီရေးအသင်းများနှင့် ပရဟိတအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို စနစ်တကျရယူခြင်းဖြင့် ကူညီကယ်ဆယ်မှုလုပ်ငန်းများကို ပိုမို၍ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဆက်လက်၍လည်း ကိုဗစ်–၁၉ ရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေးနှင့် သန်းနှင့်ချီ၍ ထိုးနှံပေးရမည့်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင်လည်း အများအကျိုးဆောင် လူမှုကူညီရေးအသင်းအဖွဲ့တို့၏ စေတနာလုပ်အားများကို အကျိုးရှိရှိ ရယူနိုင်စေလိုပါကြောင်း။ ။

# မိဘပြည်သူများထံသို့ တိုက်တွန်းနှိုးဆော်ချက်

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ယခုလတ်တလော Coronavirus Disease 2019 (COVID–19 ) ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ တိုးတက်မြင့်မားလျက်ရှိပါသည်။
- မြန်မာသက္ကရာဇ် ၁၃၈၃ ခု၊ ဝါဆိုလဆန်း ၅ ရက်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019(COVID–19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရတနသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူပေးခဲ့ပါသည်။
- ထို့အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပဌမအဖွဲ့ခွဲ) ကလည်း လတ်တလော ဖြစ်ပွားနေသော Coronavirus Disease 2019 (COVID–19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များက မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ရန် အဆင့်ဆင့် အကြောင်းကြား လျှောက်ထားပြီး ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင်ရှိသော မိဘပြည်သူများအနေဖြင့် လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID–19) ကမ္ဘာ့ ကပ်ရောဂါ အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရတနသုတ် ပရိတ်တရားတော်ကို မိမိနေအိမ်တွင် နေ့စဉ်ရွတ်ဖတ်ပူဇော်နိုင်ကြပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်း




**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။

အလှူငွေ ပေးအပ်ပွဲသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အလှူရှင် ၄၀ က အလှူပစ္စည်းများဖြစ်သည့် Oxygen Regulator နှစ်စုံ၊ Rapid Diagnostic Test(RDT)Kit အစုံ ၂၀၀၊ Oximeter ၅၀၊ Mask ၁၀၀၀၀၊ ရေသန့်စက်နှစ်လုံး၊ ကာကွယ်ဆေးတစ်ပုံး၊ ငွေကျပ် ၁၀၇၄၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ နာယက မြို့တော်ဝန် ဦးဗိုလ်ဌေး၊ လုပ်ငန်းကော်မတီ နာယက ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေတို့က အလှူပစ္စည်းများနှင့် အလှူငွေများကို လက်ခံရယူကြပြီး မြို့တော်ဝန် ဦးဗိုလ်ဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သီပေါမြို့နယ် နမ့်လန်ပရဟိတအသင်းသို့ ကိုဗစ်- ၁၉ ကာကွယ်ရေးပစ္စည်းများနှင့် ငွေလှူဒါန်း



**သီပေါ ဇူလိုင် ၂၈**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် နိုင်နိုင်ဦးက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ဖြူစင်နှလုံးသားလူမှုကူညီရေးပရဟိတအသင်းသို့ ကိုဗစ်– ၁၉ ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများဖြစ်သည့် နှာခေါင်းစည်းနှစ်သေတ္တာ၊ ရေမလိုလက်သန့်ဆေးရည်တစ်သေတ္တာ၊ အကာအကွယ်ဝတ်အင်္ကျီတစ်သေတ္တာနှင့် ၁၀ ထည်၊ အောက်ဆီဂျင်အိုး ၁၀ လုံးတို့ကို ယနေ့နံနက်ပိုင်းက ပေးပို့လှူဒါန်းကြောင်း သိရသည်။

ထို့အပြင် နမ့်လန်မြို့တောင်ပိုင်းရပ်နေ ကိုအောင်သန်းစိုး– နန်းထွေးရီ မိသားစုတို့က လူနာတင်ယာဉ်ဝယ်ရန်အတွက် ငွေကျပ် ၁၀ သိန်းကို နမ့်လန်ဖြူစင်နှလုံးသား ပရဟိတလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးရန်နိုင်စိုးထံ ပေးအပ်လှူဒါန်းသည်။

**စိုင်း(သီပေါ)**

# ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၏ အကြံပြုချက်များဖြင့် အသုံးပြုခြင်းသာ အကောင်းဆုံး

အောက်ဆီဂျင်နှင့် ပတ်သက်၍ လူအများစိတ်ဝင်စားလျက်ရှိပြီး အောက်ဆီဂျင်ပေး၍ ကုသသည်ဆိုသော်လည်း လိုအပ်သည့် သူများကိုသာ အောက်ဆီဂျင်ပေးကုသရသည်ဖြစ်ကြောင်း၊ သို့သော်လည်း ပြည်သူလူထုအနေဖြင့် ကောလာဟလ သတင်းများကြောင့် စိုးရိမ်ပူပန်ပြီး အောက်ဆီဂျင်များကို ဝယ်ယူသိုလှောင်ခြင်း၊ တစ်ဆင့်ခံရောင်းချခြင်းများ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရကြောင်း၊ အောက်ဆီဂျင်ကို ဆေးရုံများနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၏ အကြံပြုချက်များဖြင့် အသုံးပြုခြင်းသာ အကောင်းဆုံးဖြစ်မည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ စက်ရုံ၊ အလုပ်ရုံများရှိ Oxygen Plant များမှ အောက်ဆီဂျင်များ ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှလည်း liquid အောက်ဆီဂျင်နှင့် အောက်ဆီဂျင်အိုးများကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်သွင်းပေးလျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၈-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာစာရင်းစစ်ချုပ်ရုံးများအဖွဲ့ အဆင့်မြင့်အရာရှိကြီးများ၏ (၆) ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEAN Supreme Audit Institutions: ASEANSAI)၏ (၆)ကြိမ်မြောက်ထိပ်သီးအစည်းအဝေး (the 6th ASEANSAI Summit) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ASEANSAI အဆင့်မြင့် အရာရှိကြီးများ၏ (၆) ကြိမ်မြောက်အစည်းအဝေး (the 6th ASEANSAI Senior Officials' Meeting: SOM) ကို ယနေ့တွင် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးသို့ အာဆီယံ (၁၀) နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေး)နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်ကြသည်။

**တက်ကြွစွာပါဝင်ဆောင်ရွက်**

အစည်းအဝေး၌ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ လက်ရှိဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် မလေးရှားနိုင်ငံစာရင်းစစ်ချုပ် H.E. Datuk Nik Azman bin Nik Abdul Majid က စတင်ဖွဲ့စည်းသည့် ကာလမှစ၍ ၁၀ နှစ်တာကာလအတွင်း အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ခဲ့ပြီး အရေးပါသည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးဖြေရှင်း၍ အဖွဲ့၏ရည်မှန်းချက်များ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရှေ့လာမည့်ကာလများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။




**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် အဖွဲ့အတွင်းရေးမှူးရုံး၏ Head of ASEANSAI Secretariat ဖြစ်သူ Mr. Bahtiar Arif က နှုတ်ခွန်းဆက်စကားပြောကြားပြီး သဘာပတိအဖြစ် ဆက်လက်ဆောင်ရွက်သည်။ အစည်းအဝေးတွင် အဖွဲ့၏ စည်းမျဉ်းစည်းကမ်းနှင့်လုပ်ထုံးလုပ်နည်းများပြင်ဆင်ချက် (မူကြမ်း)၊ အဖွဲ့၏ မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)နှင့် အသိပညာမျှဝေရေးကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများအကြား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အဖွဲ့၏ ကော်မတီများဖြစ်သည့် စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ကော်မတီ၊ မဟာဗျူဟာစီမံကိန်းကော်မတီ၊ လေ့ကျင့်သင်ကြားရေးကော်မတီ၊ အသိပညာ မျှဝေရေး ကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် အတွင်းရေးမှူးရုံးတို့၏ ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် လုပ်ငန်းစီမံချက်(မူကြမ်း)နှင့် အဖွဲ့၏ ဥပဒေရေးရာ ဆောင်ရွက်နိုင်မှုအပေါ် စိစစ်လေ့လာမှုတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ရာ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့်အဖွဲ့ဝင်များက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ အဆင့်မြင့် အရာရှိကြီးများ၏ (၆) ကြိမ်မြောက်အစည်းအဝေး၊ ဒုတိယနေ့ကို ဇူလိုင် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ယနေ့ကျင်းပခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ အဆင့်မြင့်အရာရှိကြီးများ၏ (၆) ကြိမ်မြောက် အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် အထောက်အကူပြု အစည်းအဝေးတို့ကို ယမန်နေ့ကလည်း မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးဆောင်သောအဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တောင်း၊ သောင်ရင်း၊ သံလွင်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်း မြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁၀ ပေခွဲခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ မြဝတီမြို့နယ်နှင့်ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ယူနန်ပြည်သူများက ကိုဗစ်အတည်ပြုလူနာများ ကုသရာတွင်အသုံးပြုရန် Liquid Oxygen တန် ၂၀၀ လှူဒါန်း

**မန္တလေး ဇူလိုင် ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်သူများက မြန်မာနိုင်ငံမှ ကိုဗစ်လူနာများ ကုသရာတွင် အသုံးပြုရန် အောက်ဆီဂျင် အရည် (Liquid Oxygen) တန် ၂၀၀ လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ကျင်းပသည်။

လှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ဦးမျိုးအောင်၊ ဦးသိန်းဌွေး၊ မန္တလေး အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်ပုံငွေ ရှာဖွေရေး ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ယူနန်ပြည်သူများက လှူဒါန်းသည့် Liquid Oxygen တန် ၂၀၀ နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် မန္တလေး အထွေထွေရောဂါကု ဆေးရုံအုပ်ကြီးတို့က လက်ခံပြီး **(ယာပုံ)** ကျေးဇူးတင်စကား ပြောကြားသည်။

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရန် အလှူရှင်များက လှူဒါန်းလျက်ရှိရာ အဆိုပါ ဆေးရုံကြီးရှိ LIQUID OXYGEN PLANT သို့ ဇူလိုင် ၁၇ ရက်တွင် ပြည်သူ့ကျန်းမာရေး နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေးကော်မတီက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Liquid Oxygen ၂၆ တန်ကို လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် အလှူရှင် ဦးခိုင်ဇော်ဆွေနှင့်ဇနီး ဒေါ်သက်သက်လှိုင် မိသားစုက မြဝတီမှ Liquid Oxygen တန် ၂၀ ကိုလည်းကောင်း၊ ဇူလိုင် ၂၃ ရက်တွင် ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေ ရှာဖွေရေးကော်မတီမှ လီတာ ၄၀ Oxygen Cylinder အလွတ်ဘူး ၁၂၀၀ ကို မန္တလေး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီသို့ လည်းကောင်း၊ ကိုးကန့်လူမှုဖွံ့ဖြိုးရေးအသင်းက Liquid Oxygen ၅ တန်တို့ကို လည်းကောင်း လှူဒါန်းပြီးဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**





အင်းစိန်ဗဟိုအကျဉ်းထောင်၌ အမျိုးသားတစ်ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို တွေ့ရစဉ်။



အင်းစိန်ဗဟိုအကျဉ်းထောင်၌ အမျိုးသားတစ်ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံမီ ကျန်းမာရေးစစ်ဆေးပေးနေမှုကို တွေ့ရစဉ်။

◆ *ရှေ့ဖုံးမှ*

ထိုးနှံပေးသွားမှာပါ" ဟု အင်းစိန်ဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

### ထပ်မံထိုးနှံပေးသွားမည်

အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိအကျဉ်းသား/ အချုပ်သားများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ယခုကဲ့သို့ ထိုးနှံပေးခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် အကျဉ်းဦးစီးဌာနမှ တာဝန်ယူကာ စတင်ထိုးနှံပေးခြင်းဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို အင်းစိန်ထောင်အတွင်း ဆေးရုံ၌ပင် အကျဉ်းထောင်ဆရာဝန်ကြီးများနှင့် သူနာပြုဆေးဝန်ထမ်းများက အကျဉ်းသား/ အချုပ်သား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၆၁၀ ကို ကြိုတင်ကျန်းမာရေး ဆေးစစ်မှုများ ပြုလုပ်ကာ ယနေ့ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဆေးဖြန့်ဝေရရှိမှုအပေါ် မူတည်ကာ နောက်ရက်များတွင်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### ဝိုင်းဝန်းပူးပေါင်းကူညီ

အဆိုပါ အင်းစိန်ဗဟိုထောင်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှုတွင် အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဇော်၊ အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းအောင်၊ အကျဉ်းထောင်ဆေးရုံမှ ဆေးရုံအုပ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစံလင်းထွန်းနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ၊ ဆေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကာ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ခဲ့ကြသည်။

လတ်တလောတွင် ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်၌ အကျဉ်းသား/ အချုပ်သား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၉၀၀၀ ကျော်ရှိပြီး ကာကွယ်ဆေးထိုးနှံမည့် စာရင်းပေးသူများမှာ စုစုပေါင်း ၂၅၀၀ ကျော်ရှိကြောင်း သိရသည်။

မြင့်မိုရ်၊
ဓာတ်ပုံ- မိုးမခ



အင်းစိန်ဗဟိုအကျဉ်းထောင်၌ အမျိုးသမီးတစ်ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး မြေပြင်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြသည့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး မြေပြင်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြသည့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ ဖော်ထုတ်ဆွေးနွေးခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး နှင့် ကရင်ပြည်နယ်တို့ရှိ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ယနေ့ နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ စေတနာ့ဝန်ထမ်းများ၊ ပရဟိတ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း Online စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ပုံ)**



**ဝယ်ယူပံ့ပိုးပေးလျက်ရှိ**

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က လက်ရှိအချိန်တွင် ကရင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် ရောဂါအပြင် သဘာဝဘေးကိုပါ စတင်ကြုံတွေ့နေရပါကြောင်း၊ တတိယလှိုင်းတွင် ကြုံတွေ့နေရသည့် မျိုးကွဲဗိုင်းရပ်စ်သည် ပိုမိုကူးစက်မှုမြန်ပြီး ပိုမိုပြင်းထန်သဖြင့် ယခင်ကအသက် (၆၀) ကျော်များသာ သေဆုံးမှုများ ရှိခဲ့သော်လည်း ယခုအခါ ကျန်းမာသန်စွမ်းသူများပင် သေဆုံးမှုများ ရှိနေပါကြောင်း၊ တတိယလှိုင်းတွင် ထူးခြားချက်အနေဖြင့် ဆရာဝန်၊ သူနာပြုအင်အား မလုံလောက်မှုများလည်း ကြုံတွေ့နေရပါကြောင်း၊ ယခုတတိယလှိုင်း ဖြစ်ပွားသည့်ကာလတွင် အောက်ဆီဂျင် လိုအပ်ချက် ပြဿနာထပ်တိုး ရင်ဆိုင်လာရသည့်အတွက် နိုင်ငံတော်မှ ဝယ်ယူပံ့ပိုးပေးလျက် ရှိပါကြောင်း၊ ယခုနိုင်ငံတော်မှ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် ထိုးနှံရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးကို ပါဝင်ကူညီရာတွင် သက်ဆိုင်ရာမြို့နယ်များအလိုက် နိုင်ငံတော်မှ ဖွဲ့စည်းထားသည့်ထိန်းချုပ် တုံ့ပြန်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကား ပြောကြားသည်။

**လိုအပ်ချက်များကို တင်ပြ**

ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ် (၈) ခုမှ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်း ကိုယ်စားလှယ်များက ဒေသအလိုက်ကြုံတွေ့နေရသည့်အခက်အခဲ၊ ပံ့ပိုးပေးရန် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပတင်သွင်းခွင့် သွင်းကုန်လိုင်စင်လျှော့ကျထားခြင်းကို ယာယီကင်းလွတ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှ တင်သွင်းခွင့် သွင်းကုန်လိုင်စင်လျှော့ကျထားခြင်းကို ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းနှင့် နယ်စပ်ဒေသများမှ တင်သွင်းရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ရုံးပိတ်ရက်မရှိဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပုံမှန် Online စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြားကုန်စည်များအတွက် အများပြည်သူ အလုပ်ပိတ်ရက်ရှည်ဖြစ်သည့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားမှုများကို ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန် လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) တို့မှ အွန်လိုင်းစနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ ပို့ကုန်လိုင်စင် အစောင် ၂၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၆ သန်းနှင့် ဆေးနှင့် ဆေးပစ္စည်းအတွက် သွင်းကုန် လိုင်စင် ၅၆ စောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆ သန်း အပါအဝင် သွင်းကုန်လိုင်စင် ၂၇၇ စောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁၈ သန်း ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ရုံးပိတ်ရက်ကာလအတွင်း ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များ၊ တာဝန်ရှိသူများ ညွှန်ကြားထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၃၀၆၃ ခု၊ Test Kit ၁၅၂၅၀ တို့အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း၊ တာချီလိတ် ကုန်သွယ်ရေး စခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၂၉ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၃၃၀၂ ခု၊ နှာခေါင်းစည်း (Mask) ၂၁ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၆ ခု မှ ယာဉ်စီးရေ ၃၆ စီးဖြင့် တင်သွင်းလာခြင်းဖြစ်ကြောင်း သိရသည်။



မြဝတီကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်အိုးကြီး တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။



မူဆယ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှ ၂၈ ရက်အထိ ယာဉ်စီးရေ ၅၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၆၃၁ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၄၉၄ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၀၆ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၄၄၆၈၄ခု၊ Test Kit ၂၇၅၇၇၈ ခု၊ နှာခေါင်းစည်း (Mask) ၇၉၇ တန်၊ Oxygen Plant ငါးခု၊ Oxygen Generator ကိုးခု တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# အတိတ်သမိုင်းက ဆိုးမွေကို မျက်မှောက်သမိုင်းတွင် မပါစေလို

❑ စံထိပ်ထားနိုင် ❑

*(ယမန်နေ့မှ အဆက်)*

ထိုအချိန်ကာလက ရဲဘော်ဖြူများသည် ကျောက်ပန်းတောင်း၊ ညောင်ဦး၊ တောင်သာ၊ မိတ္ထီလာတစ်ခွင် စိုးမိုးထားသည့်အချိန်လည်း ဖြစ်သည်။ ရဲဘော်ဖြူများသည် ပုပ္ပားတောင်ကိုပါ သိမ်းထားသည်။ ထိုစဉ်က ပုပ္ပားတောင် ပြန်လည်သိမ်းယူရန် ကြိုးပမ်းခဲ့သည့် ဖြစ်စဉ်နှင့် ပုပ္ပားတောင်ကလပ်ပေါ် တက်ရင်းတွေ့ကြုံခဲ့ရပုံကို ဖတ်ရှုရသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

**မိဘအပေါ် တန်ဖိုးထား**

ပုပ္ပါးတောင်ကလပ်ပေါ်တွင် လေက တဝူးဝူး၊ တောင်ကလပ်ပေါ်က စေတီကလေး တစ်ဆူ ရှိနေသည်။ စေတီကို လက်ယာရစ် ပတ်နိုင်လျှင် မိခင်၏ နို့တစ်လုံးဖိုး ကျေသည်ဟု ဆိုကြသည်။ ရဲဘော်များက စာရေးသူတို့ ပတ်နိုင်မလား သိချင်စိတ်များနေသည်၊ မိခင်ကျေးဇူး နို့တစ်လုံးကျေမည် ဆိုသည့်အတွက် ကိုယ်တိုင်ကလည်း စေတီကိုပတ်တာနှင့် ကျေသည်ဆိုသည့် ယုံကြည်မှုရှိနေသည်။ စာရေးသူ ၆ တန်းနှစ်ကပင် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြသည့် မိဘနှစ်ပါးဂုဏ်ကျေးဇူးကို ရည်မှန်းကာ ပတ်ချင်သည့်စိတ်က ကြီးစိုးနေသည်။ ချောက်ကြီး နှင့် လေက တဝူးဝူး တိုက်နေသည့် အပြင် ပတ်လျှောက်ရန် ခြေတစ်ဖဝါး တစ်လွှာစာသာရှိနေသည်။ သို့သော် စေတီလေးကို အားပြုဖက်ပြီး ပတ်ခဲ့သည်။ အမိ အဖ ကျေးဇူးကို ရည်မှန်း၍ အဓိဋ္ဌာန်ပြု၍ လက်ယာရစ် တစ်ပတ် ပတ်နိုင်ခဲ့သည်ကို ဖတ်ရှုရသည်မှာ စာရေးသူ၏ မိဘအပေါ် တန်ဖိုးထား ချစ်ခင်စိတ်ကိုပါ သိမြင်ခံစားရသည်။

စာအုပ်တွင် စာရေးသူသည် တာဝန်များဖြင့် ဟိုမှသည် သည်မှဟို အလီလီ ပြောင်းရွှေ့ထမ်းဆောင်နေရသည်ကို လေ့လာဖတ်ရှုရသည်။ "မ" သုံးလုံးဒေသတွင် ဗကပ ဗဟို၏ အချက်အချာကျသည့်နေရာများကို တပ်မတော်က တိုက်ခိုက်မှုများကြောင့် ဗကပတို့သည် ပဲခူးရိုးမသို့ အခြေခံရန် ဖြစ်လာတော့သည်။ "မ" သုံးလုံး နယ်မြေများရှိ ကျေးရွာများကိုပါ တပ်မတော်က စိုးမိုးထားနိုင်သည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် တခြားတပ်ရင်းများသို့ စစ်ဆင်ရေးနယ်မြေအား လွှဲအပ်ခဲ့ပြီး တရုတ်ကူမင်တန်တပ်များကို တိုက်ခိုက်ရမည့် အထူးစစ်ဆင်ရေးအတွက် စာရေးသူတို့ တပ်ရင်းတစ်ခုလုံး တောင်ကြီးမြို့သို့ ပြောင်းရွှေ့ခဲ့ကြရကြောင်း ဖော်ပြထားသည်။

**ထွက်ပြေးတိမ်းရှောင်**

တောင်ကြီးမြို့သို့ ရောက်ရှိသည့်အခါ ကျိုင်းခမ်းရှမ်းရွာများ ရှိသည့် ဒေသသို့ ထပ်မံပြောင်းရွှေ့ခဲ့ရသည်။ တာဝန်နှင့် တိုက်ရမည့်ရန်သူများသည် တရုတ်ဖြူများပင်။




ဗိုလ်မှူးကြီး သန်းတင် အမှတ်(၈၈) ခြေမြန်တပ်မ ဌာနချုပ် တပ်မမှူး တာဝန် ထမ်းဆောင်စဉ်။

ထိုအချိန်က တရုတ်ပြည်မကြီးတွင် ကွန်မြူနစ်မော်စီတုံး ပြည်သူ့တပ်များ ပေါ်လာပြီး တရုတ်ဖြူ ကူမင်တန်တပ်များနှင့် နင်လား ငါလား တိုက်ကြသည်။ တရုတ်ပြည်ကွန်မြူနစ်ပါတီတပ်များသည် လူထု၏ ထောက်ခံမှုကြောင့် တရုတ်ဖြူတပ်များ တရုတ်ပြည်မကြီးတွင် မရပ်တည်နိုင်ဘဲ ချန်ကေရှိတ် စစ်သူကြီးဦးဆောင်ကာ တရုတ်ပြည် ဖော်မိုဆာကျွန်းကြီးသို့ ထွက်ပြေးတိမ်းရှောင်ကြသည်။

**တရုတ်ဖြူများကို တိုက်ခိုက်ခဲ့**

တရုတ်ဖြူတို့၏ ရေရှည်စီမံချက်အရ တစ်နေ့ တရုတ်ပြည်မကြီးအား ပြန်တိုက်ရန် မြန်မာနိုင်ငံတွင် တတ်နိုင်သမျှ ခြေကုပ်ယူရန်ဖြစ်သည်။ ထို့ကြောင့် ရှမ်းပြည်နယ်တစ်ခွင်တွင် လှုပ်ရှားစည်းရုံးကာ စီးပွားရေးပါ လုပ်ဆောင်နေသည်။ ထိုအချိန်က ဖဆပလအစိုးရက တပ်မတော်ကို တရုတ်ဖြူများ တိုက်ထုတ်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံးကို တာဝန်ပေးသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံးက တရုတ်ဖြူတပ်များ ရှမ်းပြည်တစ်ခွင် ဝင်ရောက်သောင်းကျန်းလာမှုကို မောင်းထုတ်ရန် စာရေးသူ (ဗိုလ်မှူးချုပ် သန်းတင်) တို့အပါအဝင် တပ်ရင်းသုံးရင်းကို တာဝန်ပေးခဲ့ကြောင်း သိရှိရသည်။ ထို့အတွက် နဂါးနိုင်စစ်ဆင်ရေးဖြင့် တိုက်ခိုက်ခဲ့သည်။ ထို့အတူ ရန်ကြီးအောင် စစ်ဆင်ရေးဖြင့် တရုတ်ဖြူများကို တိုက်ခိုက်ခဲ့သည်။

ဤကဲ့သို့ တရုတ်ဖြူများကို မြန်မာ့မြေပေါ်မှ တိုက်ခိုက်နှင်ထုတ်သည့် စစ်ဆင်ရေးတွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်၍ ပါဝင်ထမ်းဆောင်ခဲ့ပုံမှာ တပ်မတော်သားတစ်ဦး၏ နိုင်ငံချစ်စိတ်ကို ပေါ်လွင်စေသည်။ ဗိုလ်မှူးချုပ် သန်းတင်သည် ရာထူးတာဝန် အဆင့်ဆင့်ဖြင့် နိုင်ငံအတွင်း လှည့်လည်ထမ်းဆောင်ရင်း ရောက်ရှိသည့် နေရာတိုင်းတွင် သောင်းကျန်းသူများကို *စာမျက်နှာ ၇ သို့*



အနောက်တောင်တိုင်းစစ်ဌာနချုပ် (ရောဝတီတိုင်း)မှ ဘယ်မှညာ - ဒုတိယဗိုလ်မှူးကြီး အေးဖေ(ဦးစီးအရာရှိထောက်)၊ ဗိုလ်မှူးကြီးအောင်ပွင့် (ဒုတိယတိုင်းမှူး)၊ ဗိုလ်မှူးကြီးသန်းတင်(စာရေးသူ တိုင်းမှူး)၊ ဗိုလ်မှူးကြီး ခင်ဇာမုံ(ဒုတိယ တိုင်းမှူး)၊ ဒုတိယဗိုလ်မှူးကြီး တင်ဝင်းညို(ဦးစီးအရာရှိ (ပ)စစ်ဆင်ရေး)၊ ဒုတိယဗိုလ်မှူးကြီး ထွန်းရင်လော(ဦးစီးအရာရှိ-ရေး)

**ချောက်ကြီးနှင့် လေက တဝူးဝူး တိုက်နေသည့် အပြင်ပတ်လျှောက်ရန် ခြေတစ်ဖဝါး တစ်လွှာစာသာ ရှိနေသည်။ သို့သော် စေတီလေးကို အားပြုဖက်ပြီး ပတ်ခဲ့သည်။ အမိအဖကျေးဇူးကို ရည်မှန်း၍ အဓိဋ္ဌာန်ပြု၍ လက်ယာရစ်တစ်ပတ် ပတ်နိုင်ခဲ့သည်ကို ဖတ်ရှုရသည်မှာ စာရေးသူ၏ မိဘအပေါ် တန်ဖိုးထား ချစ်ခင်စိတ်ကိုပါ သိမြင်ခံစားရ**



ရောဝတီတိုင်း (အနောက်တောင်တိုင်းစစ်ဌာနချုပ်) နယ်မြေတွင် "၇၄" ခုနှစ် ဖွဲ့စည်းပုံကို ပြည်သူများထံ လိုက်လံရှင်းလင်းရန်တာဝန်ကျသည့်ပုဂ္ဂိုလ်များ ဘယ်မှ - ဦးအောင်မှီ(အလုပ်သမား)၊ ဦးစောဟန်သာမွှေး(ကရင်အမျိုးသား)၊ ဦးလှအောင် (ဥက္ကဋ္ဌ တရားသူကြီး)၊ ဦးလှဟန်(အဖွဲ့ခေါင်းဆောင်ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး)၊ ဗိုလ်မှူးကြီး သန်းတင်(တိုင်းမှူး)၊ ဦးမင်းညီ (ဒေသဒုဥက္ကဋ္ဌ)၊ ဦးကျော်ဇေ (ပါတီဌာနချုပ်)

*စာမျက်နှာ ၆ မှ*

တိုက်ခိုက်သည့် အဖြစ်အပျက်များကို ဖတ်ရှုလေ့လာရသည်မှာ စိတ်ဝင်စားဖွယ် ကောင်းသည်။

အဘယ်ကြောင့်ဆိုသော် ဗိုလ်မှူးချုပ်သန်းတင် ပါဝင်တွေ့ကြုံခဲ့သည့် သိန္နီတံတားတိုက်ပွဲ၊ ပန်ကျုံးတိုက်ပွဲတို့သည် ရောင်စုံသောင်းကျန်းသူများ အထိနာခဲ့သည့်တိုက်ပွဲများ ဖြစ်သောကြောင့်ပင်။ စစ်သမိုင်း၊ စစ်ဥပဒေများ၌ တိုက်ပွဲတစ်ပွဲ ရှုံးလင့်ကစား စစ်ပွဲကြီးအား မထိခိုက်နိုင်သလို ဤစစ်ပွဲမျိုး ဆုံးရှုံးလိုက်ရသည့် အတွက် စစ်ဆင်ရေးကြီးတစ်ခုလုံး အထိနာ ဆုံးရှုံးသွားနိုင်သည်ဟု ဖော်ပြထားသည်။ စစ်ဥပဒေများအရ ပန်ကျုံးတိုက်ပွဲကြောင့် ဗကပ အဝေးရောက် ဗမာပြည် ကွန်မြူနစ်ပါတီအတွက် စစ်ရေးပြလှုပ်ရှားပြသမှု ဆုံးရှုံးသဖြင့် ဗကပတို့ စစ်စတင် ရှုံးခြင်းပင်ဖြစ်သည်။

### စာဖတ်သူကို ဆွဲဆောင်

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုခွဲစခန်းအား တိုက်ခိုက်ချေမှုန်းရာတွင် ပါဝင်ခဲ့သည့် ဗိုလ်မှူးချုပ်သန်းတင်၏ အတွေ့အကြုံမှာလည်း စာဖတ်ပရိသတ်ကို စိတ်လှုပ်ရှားစေသည်။ ဗဟိုခွဲစခန်းရှိရာတောသည် အင်ကြင်းပင်များနှင့် အင်ကြင်းကျောက်များ ပေါများလှသည်။ ထို့ကြောင့်ပင် အင်တောကျောက်ဂူဟု အမည်တွင် နေခြင်းဖြစ်ပေမည်။ အတွင်းပိုင်းရောက်လေလေ တောက ထူလေလေဖြစ်သလို တောင်ကုန်းများကလည်း မြင့်မားလာသည်။ တစ်တောင်ဆင်း တစ်တောင်တက်ဖြင့် ပင်ပင်ပန်းပန်း စစ်ချီခဲ့ရပုံဖြင့် စာဖတ်သူကို ဆွဲဆောင်ထားသည်။

ထိုကဲ့သို့ တောကြီးတောင်ကြီးကြားက ဗကပ ဗဟိုခွဲ အင်တောကျောက်ဂူဒေသအား စမ်းတဝါးဝါးနှင့် စစ်ဆင်ရေးပြုလုပ်ပါက အင်တောကျောက်ဂူ၏ ခွင်အတွင်းမှ တခြားခွင်တစ်ခုသို့ ပြောင်းရွှေ့သွားနိုင် သည်။ ထို့ကြောင့် လက်ရှိအင်တောကျောက်ဂူခွင်အတွင်းပင် အပြီးချေမှုန်းနိုင်ရန် ကြိုးပမ်းခဲ့ပုံကို တင်ပြထားသည်။

ထိုကဲ့သို့ ချေမှုန်းနိုင်ရန်အတွက် ဗိုလ်မှူးချုပ် သန်းတင်တို့ တပ်အနေဖြင့် သတိကြီးစွာ လှုပ်ရှားနေရင်း ဗကပနှင့် စတင်ထိတွေ့ တိုက်ပွဲဖြစ်ပုံကို တင်ပြထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ဗိုလ်မှူးချုပ် သန်းတင်တို့ တပ်ဘက်မှ သောက်ရေရှာဆင်းရင်း ဝါးခုတ်နေသည့် ဗကပတစ်ဦးနှင့် တွေ့ခဲ့သည်။ ထိုဗကပ တစ်ဦးကို ပါးစပ်ကိုပိတ်



ဗိုလ်မှူးကြီး သန်းတင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အနောက်တောင်တိုင်း စစ်ဌာနချုပ် (ပုသိမ်) သို့ မပြောင်းခင် တိုင်းမှူးအသစ် ဗိုလ်မှူးကြီးစံကြည်နှင့် နယ်ဘက် စစ်ဘက်တို့အား နှုတ်ဆက်ညစာကျွေးနေစဉ်။



ပုပ္ပားတောင်တော်သိမ်းပြီး တောင်ကလပ်ပေါ်တက်စဉ် ဘယ်စွန်ဗိုလ်ကြီး မောင်မောင်၊ အလယ် စာရေးသူ ဗိုလ်ကြီး သန်းတင်၊ ညာစွန် တပ်ကြပ်ကြီး ရှမ်းကြီး။

အသံမထွက်အောင် ဖမ်းသော်လည်း "ရန်သူ၊ ရန်သူ"ဟု ဗကပက ရအောင် အော်သည်။ အော်သံကြားသည်နှင့် ဗကပတို့က ပစ်တော့သည်။ ဗကပများလည်း ကျဆုံးသည်။ ရဲဘော်များလည်း နိုင်ငံအတွက် အသက်ပေးရင်း ကျဆုံးမှု ရှိခဲ့သည်။

နိုင်ငံကို ကာကွယ်ရင်း သေဆုံးခဲ့သည့် ရဲဘော်တို့၏ ရုပ်ကြွင်းရှေ့ အသက်ရှင်ကျန်ခဲ့သည့် ရဲဘော်တို့က "ငါ့ တိုင်းပြည်၊ ငါ့လူမျိုး။ ငါ့တပ်မတော်အတွက်၊ ငါ့အသက်ကို စွန့်လွှတ်ပါသည်"ဟု သစ္စာလေးချက်ဆိုခဲ့သည်သာ။ ထိုအခြေအနေကို မျက်မြင်တွေ့ကြုံရသလို ပုံဖော်ခံစားနိုင်အောင် ဗိုလ်မှူးချုပ် သန်းတင်က ရေးသားတင်ပြထားပြီး နိုင်ငံအတွက် စွန့်လွှတ်ဝံ့သူတို့အတွက် စာဖတ်သူတို့ ဝမ်းနည်းခံစားရစေသည်။

သို့သော် ဗကပဗဟိုခွဲမှ သခင်တင်ထွန်းကို အသေဖမ်းဆီးရမိခဲ့သည့် အောင်မြင်သောတိုက်ပွဲဖြစ်ခဲ့သည်။ ထိုသို့ ဗကပ ဗဟိုခွဲကို တိုက်ခိုက်ခံရသည့် အကြောင်းကြောင့် အဖွဲ့ကွဲသွားသည့် ဗကပများလည်း ကျေးရွာများကို ချဉ်းကပ်ကာ လက်နက်များ ချကြသည်။ နိုင်ငံတော်ကို ရင်ဆိုင်ရန် ပြုလုပ်ထားသည့် ဗကပဗဟိုဌာနချုပ်၏ မိုးလုံးဟိန်း စီမံချက်သည် ပြိုပျက်ရတော့သည်။

တပ်မတော်အနေဖြင့် စစ်ဆင်ရေးပြီး စစ်ဆင်ရေးအမည်အမျိုးမျိုးဖြင့် သောင်းကျန်းသူများကို ချေမှုန်းနေသောကြောင့် ကျဆုံး၊ လက်နက်ချ၊ ဒဏ်ရာရဖြင့် အထိနာသော်လည်း ကုန်သွားပြီဟု မရှိသေး။ ဗိုလ်မှူးချုပ် သန်းတင်သည် စစ်ဆင်ရေးများတွင် နှစ်ပေါင်းသုံးလေးဆယ် ပါဝင်ထမ်းဆောင်ရင်း စစ်ဆင်ရေးသံသရာလည်ခဲ့ကြောင်း၊ အသက်ပင် ဇရာထောက်လာကြောင်း တင်ပြထားသည်။

### လူထုကို မြေဇာပင်ဖြစ်စေခဲ့

ဤနေရာတွင် ဗိုလ်မှူးချုပ် သန်းတင်က ၎င်း၏ အတွေ့အကြုံအရ ခံစားသိမြင်ရသည့် သဘောထားကို လှစ်ဟဖော်ပြထားသည်။ လွတ်လပ်ရေးရသည့်အချိန် နိုင်ငံတော်၏ လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကိုတိုက်၊ ဖက်ဆစ်ဂျပန်ကိုတိုက်၊ ထိုတုန်းက အောင်နိုင်ခဲ့သည်။ ပြည်တွင်းသောင်းကျန်းသူများကို လွတ်လပ်ရေးရသည့်အချိန်မှ စ၍ တိုက်ခိုက်ခဲ့ရသည်။ သောင်းကျန်းသူများလက်မှ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းများကို ပြန်သိမ်းခဲ့ရသည်။ သို့သော် သောင်းကျန်းသူများ ရှိမြဲရှိနေဆဲပင်။ အဖျက်လုပ်ငန်းများ လုပ်ဆောင်နေဆဲပင်ဖြစ်ပြီး နိုင်ငံရေးတွင် သူတို့ဝါဒကို စွဲမြဲစွာ ကိုင်စွဲထားပြီး လူထုကို မြေဇာပင်ဖြစ်စေခဲ့သည်။ ပြည်သူများ၏ စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရဘဲ မနက်မိုးလင်းလာလျှင် မျက်နှာသစ်စရာ မျက်နှာမှရှိပါ့မလားဆိုသည့် ကြောက်ရွံ့မှုကို စာနာနားလည်ခဲ့သည်။

ထို့ကြောင့် သောင်းကျန်းသူများကို ချေမှုန်းနိုင်ရန် တပ်မတော်က ဖြတ်လေးဖြတ် စစ်နည်းဗျူဟာစီမံချက်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ရောင်စုံသောင်းကျန်းသူများ၏ အမာခံများ ဖော်ထုတ်ခြင်း၊ ရိက္ခာပိတ်ဆို့၊ ရိက္ခာဖြတ်ခြင်း၊ ဆက်ကြေးများဖြတ်ခြင်း၊ ကျေးရွာများရှိ သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့များက သောင်းကျန်းသူများအား တန်ပြန်တိုက်ကာ လက်နက်များ ရယူခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့သည်။

ဗကပ ဗဟိုဌာနချုပ်သည် ၁၉၄၈ ခုနှစ်က ပဲခူးရိုးမကို အခြေပြုခဲ့သေးသည်။ ၁၉၅၂ ခုနှစ် ဝန်းကျင်တွင် ပဲခူးရိုးမကို စွန့်ခွာပြီး အထက်မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ခဲ့သော်လည်း တပ်မတော်မှ အဆက်မပြတ် ထိုးစစ်ဆင်ခြင်းကြောင့် ၁၉၅၈ ခုနှစ်တွင် ပဲခူးရိုးမသို့ ပြန်လည်ပြောင်းရွှေ့အခြေစိုက်ရလေသည်။ ၁၉၆၂ ခုနှစ်အကုန်တွင် ပဲခူးရိုးမတိုင်းဖွဲ့စည်းရေးကွန်ဖရင့်ကျင်းပ၍ ပဲခူးရိုးမအမြန်ဖွဲ့စည်းကာ လက်နက်ကိုင်တိုက်ပွဲ နည်းလမ်းဖြင့်သာ နိုင်ငံရေးအာဏာကို ထိန်းချုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိုအချိန် တပ်မတော်ဘက်မှ ဟေမာန်ဦး၊ သူရိန်၊ မာဃ၊ ရိုးမ၊ မဟော်၊ ဒေါန၊ မိုးကြိုး၊ မိုး၊ သိန်း၊ ဆောင်း၊ မီးခိုး၊ ကျား၊ မြဖြူ၊ အောင်သူရ၊ ရန်ရှင်း၊ ရောင်နီ၊ ဇေယျ၊ ဒေသန္တရ၊ အောင်စကြာ၊ ဒေဝေါ၊ ဂဠုန်ပျံ စစ်ဆင်ရေးအပြင် ဒေသန္တရ စစ်ဆင်ရေး ၂၁ ခုဖြင့် စစ်ဆင်ရေးပြီး စစ်ဆင်ရေး ပြုလုပ်တိုက်ခိုက်ခဲ့သည်။

တပ်မတော်၏ စစ်ဆင်ရေးပြီး စစ်ဆင်ရေးဖြင့် တိုက်ခိုက်မှုများကြောင့် ဗကပ ဗဟိုဌာနချုပ်သည် ရွှေ့ပြောင်းပြေးနေရပြန်သည်။ ဗကပ သခင်သန်းထွန်းသည် "ရန်သူထိုးစစ်ကို ငါတို့ ထိုးစစ်ဖြင့် ချေမှုန်းရမည်" ဟူသော လမ်းစဉ်ညွှန်ကြားချက်ဖြင့် တိုက်တိုင်းအောင်တပ်ကို ဖွဲ့စည်းပေးခဲ့သော်လည်း တပ်မတော်၏ တပ်မတို့ကို မီအောင် စစ်စွမ်းရည်မရှိခဲ့ခြင်းကြောင့် မထူးခြားပေ။ တပ်မတော်သည် ဗကပ ဗဟိုအထိ ဝင်စီးနိုင်ခဲ့သည်။ သို့သော် သခင်သန်းထွန်းမှာ တပ်မတော်နှင့် ထိတွေ့ရာမှ သေဆုံးခြင်းမဟုတ်ဘဲ ရဲဘော်မြကြီးက လုပ်ကြံ၍ သေဆုံးခဲ့ရခြင်းဖြစ်သည်မှာ သင်ခန်းစာယူဖွယ်။

ဗမာပြည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းနောက် သခင်ဇင်၊ သခင်ချစ်တို့ဖြင့် အဆက်ဆက်သည် နိုင်ငံတော်အာဏာကို ရရှိရန်၊ တပ်မတော်ကို အနိုင်ရရန် သွေးခင်းသည့် လမ်းကိုသာ ဖောက်ခဲ့သည်။ ပြည်သူကို ရန်သူ ဟု ထင်လာသည်၊ ရန်ပြုလာသည်၊ အချင်းချင်း ဖြုတ်၊ ထုတ်၊ သတ်လာသည်။ တပ်မတော်ဘက်မှ ရဲဘော်များလည်း ဗကပကိုတိုက်ရင်း အသက်ပေး လှူခဲ့ရသည်မှာလည်း မနည်းခဲ့ပေ။ ဖြတ်လေးဖြတ် စစ်ဗျူဟာကြောင့် နောက်ဆုံးတွင် ပဲခူးရိုးမကြီးနှင့် ပဲခူးတိုင်း တစ်ခုလုံးသည် အဖြူရောင်နယ်မြေအဖြစ် တည်ရှိလာခဲ့ပေပြီ။

သောင်းကျန်းသူများ၏ ရန်စွယ်မှ မြို့၊ ရွာ၊ ဒေသများ အေးချမ်းခဲ့သလို စာရေးသူ ဗိုလ်မှူးချုပ်သန်းတင်သည် စစ်ဆင်ရေးပြီး စစ်ဆင်ရေးဖြင့် ကျရာတာဝန်ထမ်းဆောင်ရင်း အငြိမ်းစားယူခဲ့ပေပြီ။ ၎င်း၏ ဘဝတစ်လျှောက်လုံး တာဝန်ကိုဦးလည်မသုန် ထမ်းဆောင်ရင်း စွဲမြဲစွာ မှတ်သားထားသည်က ဗိုလ်သင်တန်းကျောင်းတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် ကျောင်းဖွင့်မိန့်ခွန်း။

**ဗိုလ်ချုပ်အောင်ဆန်းက တောင့်တင်းခိုင်မာသော ကိုယ်ပိုင်စစ်တပ်မရှိဘဲ တိုင်းပြည်လွတ်လပ်ရေးကို ရနိုင်မည်မဟုတ်၊ ရရှိသော်လည်း ထိုလွတ်လပ်ရေးကို ထိန်းသိမ်းနိုင်မည်မဟုတ်၊ ထို့ကြောင့် ဇွဲ၊ စွမ်းရည်၊ တိုင်းပြည်လူမျိုးနှင့် တပ်မတော်ကို ချစ်သည့် စိတ်ဓာတ်လိုသည်ဟူသည့် မိန့်ခွန်းကို မြွက်ကြားခဲ့သည်။**

### စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ

ဗိုလ်မှူးချုပ် သန်းတင်(ငြိမ်း)၏ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ စာအုပ်သည် ငယ်ငယ်ရွယ်ရွယ် တပ်သားဘဝမှသည် ဇရာထောက်လာသည့် အချိန်အထိ တာဝန်များ အဆင့်ဆင့်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားတစ်ဦး၏ ဘဝတစ်ခုကို စာမျက်နှာပေါ်တွင် ဖတ်ရှုခံစားရသလို သောင်းကျန်းသူများက ပြည်သူကို မြေဇာပင်ဖြစ်စေကာ သွေးခင်းသည့် လမ်းကို ဖောက်၍ တိုင်းဖျက်ပြည်ဖျက် လုပ်ဆောင်မှုများ၊ သောင်းကျန်းသူအချင်းချင်း ဖြုတ်၊ ထုတ်၊ သတ် လမ်းစဉ်ကျင့်သုံးခဲ့ပုံ စသည့်သမိုင်းဟောင်းတစ်ခုကိုလည်း သိမြင်ရသည်။

စာရေးသူ ဗိုလ်မှူးချုပ် သန်းတင် (ငြိမ်း) က သမိုင်းဟောင်းတွင် တစ်ထောင့်တစ်နေရာက ပါဝင်ခဲ့သည်။ သူ၏ ဘဝအတွေ့အကြုံများကို စာဖတ်သူများထံ တင်ပြရင်း **"ကိုင်း သမိုင်းမှာ ဒီအမှားမျိုးတွေ၊ ဒီဆိုးကျိုးတွေ ထပ်လုပ်ကြဦးမှာလား"**ဆိုသည့် စာအုပ်နိဂုံးသည် သုံးသပ်ဆင်ခြင်စရာ ဖြစ်သည်ကို ဖတ်ရှုမှတ်သားလိုက်ရပါတော့သည်။ ။

ပဲခူးရိုးမတောင်ပေါ်မှ အလွန်ရိုးသားသည့် ကရင်အမျိုးသားကြီးများက တပ်မတော်၏ "ဖြတ်လေးဖြတ်" နည်းဗျူဟာကို သဘောပေါက်နားလည်ပြီး တပ်မတော်မှ ပေးထားသည့် တာဝန်များကို လုပ်ဆောင်ပါမည်ဟု သဘောတူမှတ်တမ်းတင် ဓာတ်ပုံပင်ဖြစ်သည်။ တိုင်းမှူး/ စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးကြီး သန်းတင်၊ တပ်မ(၇၇) တပ်မမှူး/ ဒုစစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးကြီး ရန်နောင် စိုး၊ ဒုတိယတိုင်းမှူး၊ စစ်ဗျူဟာမှူး၊ ဗိုလ်မှူးကြီး လှကြည်၊ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ကျော်ငွေ။



# ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ (၁၂/၂၀၂၁) လုပ်ငန်းညှိနှိုင်းစည်းဝေး

ဘားအံ ဇူလိုင် ၂၈

**ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေး ပေါ် တုံ့ပြန်ရေးကော်မတီ၏ (၁၂/၂၀၂၁)ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ (၁) ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



### ကာကွယ်ဆေးသစ်များ ရောက်ရှိမည်

အစည်းအဝေးတွင် ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေးလက်ကျန်များကို အမြန်ဆုံးထိုးနှံပေးသွားရန်နှင့် မကြာမီ ကာကွယ်ဆေးသစ်များ ရောက်ရှိလာမည်ဖြစ်သည့်အတွက် ဦးစားပေးအလိုက် ထိုးနှံရမည့်စာရင်းများကို မြေပြင်စာရင်းနှင့်ကိုက်ညီအောင် ပြုစုတင်ပြပေးစေလိုကြောင်း၊ ရရှိလာမည့် ကာကွယ်ဆေးသစ်များကို မြို့နယ်အလိုက် ခွဲဝေပေးသွားမည်ဖြစ်ပြီး ဦးစားပေးအလိုက် သတ်မှတ်အချိန်အတွင်း ပြီးစီးအောင် ထိုးနှံပေးရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကုသရေးအတွက် သာမက ရေဘေးအတွက်ပါ လိုအပ်လာမည်ဖြစ်သည့်အတွက် စေတနာ့ဝန်ထမ်းများကို ထပ်မံစည်းရုံးဆောင်ရွက်ပေးကြဖို့လိုမည်ဖြစ်ကြောင်း၊ ဆေးဝါးနှင့် အခြေခံစားသောက်ကုန်စျေးနှုန်းများ မြင့်တက်မှုအား စီမံခန့်ခွဲရေးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် မြို့နယ်များမှလိုအပ်ပါက တပ်မတော်တပ်ရင်းတပ်ဖွဲ့များတွင် အကူအညီတောင်းခံနိုင်ကြောင်း၊ သားဖွားသူနာပြုသင်တန်းသူများနှင့်လည်း ချိတ်ဆက်အကူအညီတောင်းခံနိုင်ကြောင်း၊ ကာကွယ်ဆေးထိုးရခြင်း၏ အကြောင်းအရင်းကို နားလည်သဘောပေါက်အောင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးစေလိုကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက နှစ်နိုင်ငံညှိနှိုင်း၍ ပြန်လည်ဝင်ရောက်လာကြမည့် နေရပ်ပြန်ပြည်သူများအား ကြိုဆိုလက်ခံပေးသွားနိုင်ရေး၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အောက်ခြေတွင် များများပြော၊ မြန်မြန်လုပ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရေး၊ ပြည်နယ်တွင် ဖွဲ့စည်းထားသည့် အထောက်အကူပြုလုပ်ငန်းကော်မတီနည်းတူ ခရိုင်၊ မြို့နယ်များတွင်လည်း တာဝန်ရှိသည်ဟူသည့် အသိစိတ်ဖြင့် ပူးပေါင်းပါဝင်လာကြစေရန် ဖွဲ့စည်းထားနိုင်ရေး၊ အောက်ဆီဂျင်ရရှိမှု၊ လိုအပ်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ ရေဘေးနှင့် မြို့နယ်အချို့တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ညှိနှိုင်းအစည်းအဝေးကျင်းပ

ပုသိမ် ဇူလိုင် ၂၈

**ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။** (အောက်ပုံ)



ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်က "သဘာဝဘေး ကိစ္စရပ်များ ရုတ်တရက်ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်နိုင်ကြရန် အစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ သဘာဝဘေး ဖြစ်ပေါ်လာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ အတတ်နိုင်ဆုံး ဆုံးရှုံးမှု မရှိစေရေး ကြိုတင်ဆောင်ရွက်ထားကြရန်လိုကြောင်း၊ ပြည်သူများထံသို့ သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာ ရောက်ရှိရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဖြစ်ပေါ်လာပါက ပြည်သူများသို့ စားနပ်ရိက္ခာစသည့် ထောက်ပံ့ပစ္စည်းများ အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ဖွဲ့စည်းထားသော ကော်မတီများအနေဖြင့် အချိတ်အဆက်မိမိ ပေါင်းစပ်လုပ်ကိုင်ရန်လိုကြောင်းနှင့် မိမိတို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီမှလည်း လိုအပ်ချက်များအား အတတ်နိုင်ဆုံးဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း " ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၃) ဦးအုန်းမြင့်က "စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၁၃) ဖွဲ့ ဖွဲ့စည်းပြီးစီးမှု အခြေအနေများ၊ စီမံချက်များဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးကြိုတင် ကာကွယ်ရေးအတွက် မဖြစ်ပွားမီ၊ ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးကာလများ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြိုတင်စီမံ ဆောင်ရွက်ထားရှိကြရန်" ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးများက ခရိုင်အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အွန်လိုင်းစနစ်ဖြင့် ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ဝသာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇူလိုင် ၂၈**

ဝသာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ် (၉) ကို ဇူလိုင် (၃၀) ရက် ည (၈) နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည် ဖြစ်သည်။




ယင်းအစီအစဉ်ကို စန္ဒရား ဘိုတာထွန်းညွှန့် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် စန္ဒရား ဘိုတာထွန်းညွှန့်၊ ကိုခင်မောင်သန်း၊ စိုးအောင် (ကောင်းကင်ပြာ)၊ ရဲထိုက်၊ ထက်မြက်စိုး၊ မော်မော်ထွန်းညွှန့်၊ ယဉ်ဝေယံထွန်း၊ ဆွေဆွေမြင့်၊ မြတ်နိုးစံနှင့် မြနန္ဒာတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဩဂုတ် (၁) ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇူလိုင် ၂၈**

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၂၅) ကို ဇူလိုင် ၃၀ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ပွဲစဉ် (၂၅) ၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် မိုးဂျူလိုင် တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစု လေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည် ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ( ၃၀၊ ၃၁) ရက်နှင့် ဩဂုတ် (၁) ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ (၆) နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မော်လမြိုင်မြို့ သက်ကြီးဘိုးဘွား (၁၀၀) ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှု သွားရောက်ကြည့်ရှု

**မော်လမြိုင် ဇူလိုင် ၂၈**

မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်လင်း ထွန်းနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၃ နာရီက မော်လမြိုင်မြို့ မြဆည်းဆာ ဘိုးဘွားရိပ်သာနှင့် တောင်ဝိုင်းဘိုးဘွားရိပ်သာတို့တွင် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတ စေတနာ့ဝန်ထမ်း များက သက်ကြီးဘိုးဘွား ၁၀၀ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးမှု အခြေအနေအား သွားရောက်ကြည့်ရှု၍ အားပေးစကား ပြောကြားပြီး အာဟာရဖြည့် အစားစာများ လှူဒါန်းပေးသည်။



မွန်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ကိုးသောင်းကျော် ထိုးနှံပေးသွားမည်ဖြစ်ကာ ဆက်လက်၍ Standard Operartion Procedure (SOP) (၁၂) ချက်အညီ သက်ဆိုင်ရာ မြို့နယ်များအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေး လူဦးရေစာရင်းများ ကောက်ယူ၍ ကျန်းမာရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတ စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံနိုင်ရေး ဝိုင်းဝန်းကူညီကြရေး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဟားခါးမြို့နှင့် မတူပီမြို့တို့၌ အောက်ဆီဂျင်စက်ရုံများ ဩဂုတ်လအတွင်း တည်ဆောက်မည်

**ဟားခါး ဇူလိုင် ၂၈**

ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဟားခါးနှင့် မတူပီမြို့ တို့၌ တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ရုံများ ဩဂုတ်လအတွင်း တည်ဆောက်သွားမည်ဖြစ်သည်။

ချင်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများတွင် တပ်ဆင်ထားသည့် အောက်ဆီဂျင်စက်များသည် အောက်ဆီဂျင်ထုတ်လုပ်မှုစွမ်းအားကျဆင်းလာသည့်အတွက် အောက်ဆီဂျင် လိုအပ်ချက်များကို ပခုက္ကူမြို့၊ မုံရွာမြို့နှင့် မန္တလေးမြို့များသို့ သွားရောက်ဖြည့်တင်း အသုံးပြုနေရသည်။

ယခုဟားခါးမြို့နှင့် မတူပီမြို့တို့၌ တပ်ဆင်မည့် အောက်ဆီဂျင်စက်များသည် တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၎င်းအောက်ဆီဂျင်စက်များ ထားရှိရန် ( ၃၀ x ၆၀ x ၁၅ ) ပေ RC အဆောက်အအုံ တစ်လုံးစီကိုပါ ဆောက်လုပ်သွားမည်ဖြစ်သည့်အပြင် အဆိုပါ စက်ရုံများ တည်ဆောက်ပြီးစီးပါက ဖလမ်းနှင့် ထန်တလန်မြို့နယ်တို့က ဟားခါးမြို့သို့လည်းကောင်း၊ ပလက်ဝမြို့နယ်က မတူပီမြို့သို့လည်းကောင်း လိုအပ်သည့် အောက်ဆီဂျင်များ လာရောက်ဖြည့်တင်းနိုင်မည် ဖြစ်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီက ပလက်ဝမြို့အတွက် 10 Liter Permanent Oxygen Concentrator ၁၀ လုံးနှင့် ပလက်ဝမြို့နှင့် ဆမီးမြို့တို့အတွက် 25 KVA မီးစက် တစ်လုံးစီ ထောက်ပံ့ပေးခဲ့ရာ မကြာမီ ပလက်ဝမြို့သို့ ရောက်ရှိမည်ဖြစ်သည်။ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်မှုဖြင့် ပြည်နယ်အတွင်း အောက်ဆီဂျင် လိုအပ်ချက်များ အထောက်အကူပြု အသုံးပြုနိုင်ရန် အောက်ဆီဂျင် ၄၀ လီတာဆံ့ အိုး အလုံး ၃၀၀ ကို မှာယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သထုံခရိုင်ဆေးရုံဝင်းအတွင်းရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်များ စတင်ထုတ်လုပ် လည်ပတ်

**သထုံ ဇူလိုင် ၂၈**

မွန်ပြည်နယ် သထုံခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အောက်ဆီဂျင် စက်ရုံကို ဇူလိုင် ၂၇ ရက်၊ မွန်းလွဲပိုင်းက စတင်လည်ပတ်ပြီး သထုံခရိုင် ပြည်သူ့ဆေးရုံ Isolation Ward (1) ရှိ အောက်ဆီဂျင် လိုအပ်သူများကို ပေးပို့ကာ ကြပ်မတ်ကုသပေးလျက်ရှိသည်။

သထုံခရိုင် ပြည်သူ့ဆေးရုံ Isolation Ward (1) ၌ တက်ရောက်ကုသနေသည့် ကိုဗစ်-၁၉ လူနာများအတွက် အရေးပေါ်အောက်ဆီဂျင် လုံလောက်မှုရှိစေရန် အမြန်ဆုံး တည်ဆောက်ခြင်းဖြစ်ကြောင်း သထုံခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်သင်းသင်းအိ က ပြောသည်။

အောက်ဆီဂျင်စက်ရုံမှ နေ့စဉ် အများဆုံး လူနာ ၂၅ ဦး အသုံးပြုခွင့်ရမည်ဖြစ်ပြီး လိုအပ်မှု အနေအထားပေါ်မူတည်၍ သမားတော်နှင့် မေ့ဆေးအထူးကု ဆရာဝန်၏ ညွှန်ကြားမှုဖြင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ကုသပေးသွားမည်ဖြစ်သည်။

အောက်ဆီဂျင် ထွက်ရှိမှု ပမာဏမှာ ၂၄ နာရီစက်စွမ်းအားပြည့် လည်ပတ်ပါက ၄၀ လီတာဝင် အိုး ၅၀ ထွက်ရှိမည်ဖြစ်ပြီး လက်ရှိအချိန်တွင် စက်ရုံမှ Isolation Ward လူနာများထားရှိသည့် ခုတင်ခေါင်းရင်းအထိပိုက်ဖြင့် သွယ်တန်းပေးသည့် စနစ်ကို အသုံးပြုနေကြောင်း Isolation Ward မှ လူနာအသုံးပြုမှု နည်းပါးလာပါက ၄၀ လီတာဝင် အိုးနှင့် ၁၀ လီတာဝင် အိုးများ အတွင်း ဖြည့်သွင်းပေးမည်ဖြစ်ပြီး ၎င်းအိုးများအတွင်းသို့ ဖြည့်သွင်းရန် စက်ကိုလည်း မှာယူထားပြီ ဖြစ်သည်။



အဆိုပါအောက်ဆီဂျင်စက်မှာ PSA Type Oxygen Plant ဖြစ်ပြီး စက်တန်ဖိုးမှာ ငွေကျပ် သိန်းပေါင်း ၁၄၀၀ ဖြင့် မော်လမြိုင်မြို့နေ အလှူရှင်တစ်ဦးမှ လှူဒါန်းခြင်းဖြစ်ကာ စက်ရုံအဆောက်အအုံနှင့် လျှပ်စစ်မီးသွယ်တန်းခြင်း၊ ပိုက်လိုက်များ သွယ်တန်းခြင်းအပါအဝင် အခြားလိုအပ်သည်တို့ကို ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ အစီအစဉ်ဖြင့် အများပြည်သူ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကိုဦး(ပြန်/ဆက်)**



## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၈**

တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိမင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက်၊ အုန်းတောကျောင်းတိုက်၊ ဈေးကုန်းကျောင်းတိုက်၊ ကန်လယ်ကျောင်းတိုက်၊ လယ်တီစံကျောင်းတိုက်၊ ရတနာသိဒ္ဓိကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဗျောတောဝရပ်ကွက်ရှိ ပန်သုံးဝ ဘုန်းတော်ကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပလရရပ်ကွက်ရှိ အရိယာရိပ်သာကျောင်းတိုက်၊ မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ မိဂဒါရုံတောရကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ရှိ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းသာကြီးတောင်တိုက်၊ ရတနာဗိမာန်စာချကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သန်လျင် သာသနာ့ဗိမာန်၌ ကိုဗစ်- ၁၉ ရောဂါ သံသယလူနာများ အခမဲ့စမ်းသပ်စစ်ဆေးနိုင်

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ/မရှိနှင့် ဖျားနာ၊ ချောင်းဆိုးနှင့် အနံ့ပျောက်လူနာများကို သန်လျင်မြို့နယ် မဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး Test Center ၌ နံနက် ၉ နာရီမှစတင်ကာ မည်သူမဆို (အခမဲ့) စမ်းသပ်စစ်ဆေးနိုင်ကြောင်း သိရသည်။

သန်လျင်မြို့နယ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် ပိုးတွေ့အတည်ပြုလူနာ သေဆုံးသူများလည်းရှိနေပြီး ရောဂါပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိသူများလည်း ရှိနေသဖြင့် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ပေးကြရန်နှင့် ရောဂါကာကွယ်ရေးအတွက် အသိပညာပေးခြင်း၊ ဆေးဖျန်းခြင်းနှင့် ကုသရေးလုပ်ငန်းများအား မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့များ ပူးပေါင်းကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❒ ကျောဖုံးမှ

(ဈ) ဟိုတယ်/မိုတယ်/တည်းခိုခန်းများမှ ဝန်ထမ်းများ၊

(ည) အကျဉ်းထောင်များရှိ အကျဉ်းသားများနှင့် အချုပ်သားများ၊

(ဋ) ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ပုဂ္ဂိုလ်များ (ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်း)၊

(ဌ) စူပါမားကတ်များ/ဈေးများမှ ဝန်ထမ်းများ၊ ကျန်ဦးတည်အုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ အမြန်ဆုံးဆက်လက် ထိုးနှံပေးသွားမည် ဖြစ်ပါသည်။

၄။ လတ်တလောအနေဖြင့် ကာကွယ်ဆေးထိုးနှံပေးခြင်းမပြုမည့်သူများမှာ-

(က) COVIDSHIELD အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုးမျိုးကို (၂)ကြိမ်အပြည့် ထိုးနှံပြီးသူများ၊

(ခ) လက်ရှိ ကိုဗစ်-၁၉ သံသယလက္ခဏာရှိသူများနှင့် အဖျားရောဂါရှိသူများ၊

(ဂ) ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် ဓာတ်ခွဲစစ်ဆေးအတည်ပြုသည့်နေ့မှစတင်၍ ကာကွယ်ဆေးထိုးမည့်အချိန်အထိ (၆)လတာကာလ မပြည့်မီသူများ ဖြစ်ပါသည်။

၅။ ကာကွယ်ဆေးများရရှိမှုနှင့် ထိုးနှံရန်အစီအစဉ်အနေဖြင့် (၂၀၂၁) ခုနှစ်၊ ဇူလိုင်လတွင် ကာကွယ်ဆေး doses (၃)သန်း ရောက်ရှိပြီး ဖြစ်ပါသည်။ (၂၀၂၁)ခုနှစ်၊ ဩဂုတ်လအတွင်း နောက်ထပ် ကာကွယ်ဆေး doses (၃)သန်း ထပ်မံရောက်ရှိမည်ဖြစ်ပါသည်။ ရောက်ရှိပြီး ကာကွယ်ဆေးများကို အမြန်ဆုံးထိုးနှံပေးမည် ဖြစ်ပါသည်။

၆။ ယခုရောက်ရှိသောကာကွယ်ဆေးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြုထားသည့် အာနိသင်ထက်မြက်ပြီး ဘေးကင်းလုံခြုံစိတ်ချကာ အရည်အသွေးကောင်းမွန်သည့်ဆေးများ ဖြစ်ပါသည်။

၇။ ယခုထိုးနှံပေးမည့်ကာကွယ်ဆေးများကို လူတိုင်းစနစ်တကျ အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်းဖြင့် ပြည်သူလူထုအတွင်းတွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများ အားကောင်းလာသည်နှင့်အတူ အောက်ဖော်ပြပါအကျိုးကျေးဇူးများအပြင် အခြားမြောက်မြားစွာသော အကျိုးကျေးဇူးများကို ရရှိခံစားရမည် ဖြစ်ပါသည်-

(က) ပြည်သူများအကြားတွင် ရောဂါကူးစက်မှုကွင်းဆက်ပြတ်တောက်လျော့ကျစေနိုင်ခြင်း၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုများ၊ ရောဂါပြင်းထန်စွာ ဖြစ်ပွားခံစားရ၍ နောက်ဆက်တွဲဆိုးကျိုးများ ခံစားရမှုများနှင့် ရောဂါကြောင့် သေဆုံးမှုများကို အလွန်ထိရောက်စွာ ကာကွယ်လျှော့ချနိုင်ခြင်း၊

(ခ) ပြည်သူလူထုအတွင်း ရောဂါကူးစက်ဖြစ်ပွားသူ နည်းပါးလာပါက ကုသရေးအပိုင်းတွင် ဆေးရုံခုတင် လိုအပ်ချက်၊ အောက်ဆီဂျင်လိုအပ်ချက်၊ ကျန်းမာရေးဝန်ထမ်းများတွင် အလုပ်တာဝန်များပြား၍ တာဝန်ပိခြင်းစသည်တို့ကို ထိရောက်စွာလျှော့ချနိုင်မည်ဖြစ်ပြီး အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုပေးအပ်နိုင်ခြင်း၊ အချိန်တိုအတွင်း ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်အောင်မြင်စေခြင်း။

၈။ မိဘပြည်သူများအနေဖြင့် ကာကွယ်ဆေးနှင့်ပတ်သက်သည့် သတင်းအမှားများနှင့် ကောလာဟလသတင်းများကို မယုံကြည်ကြပါရန်နှင့် မိမိအတွက်ရရှိသော ကာကွယ်ဆေးသည် မိမိကိုယ်တိုင်နှင့် မိသားစုအသိုင်းအဝန်းအတွက် အကောင်းဆုံးဖြစ်ပါ၍ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် စနစ်တကျ ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန် ဖြစ်ပါသည်။

၉။ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော လူစွမ်းအားအရင်းမြစ်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ အချိန်တိုအတွင်း ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားစွာရရှိစေရန်တို့အတွက် အငြိမ်းစားဆေးပညာရှင်များ၊ ဆေးဝန်ထမ်းများ၊ ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ ဆေးနှင့်ဆေးပညာနှီးနွှယ် တက္ကသိုလ်များတွင် တက်ရောက်နေသော ကျောင်းသား/ကျောင်းသူများ၊ သူနာပြု/သားဖွားသင်တန်းကျောင်းတက်ရောက်နေသူများနှင့် အငြိမ်းစားတပ်မတော်ဆေးဝန်ထမ်းများမှလည်း တစ်တပ်တစ်အား ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ကိုဗစ်ရောဂါ ကာကွယ်ဖို့ ကာကွယ်ဆေးထိုးကြပါစို့

၁။ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုလှိုင်းတွေ အဆင့်လိုက်၊ အဆင့်လိုက်ဖြစ်နေရာမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကမ္ဘာတစ်ဝန်းလုံးမှာ ထိန်းချုပ်နိုင်ဖို့ အရေးကြီးဆုံးသော့ချက်နဲ့ တစ်ခုတည်းသော ထွက်ပေါက်လို့လည်း ပြောလို့ရတာက ကာကွယ်ဆေးဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအတော်များများမှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို အားစိုက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။

၂။ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးအနေနဲ့ ခန္ဓာကိုယ်ထဲရှိတဲ့ ခုခံအားစနစ်ကို တုံ့ပြန်မှုအားကောင်းအောင် ဆောင်ရွက်ပေးပါတယ်။ ဗိုင်းရပ်စ်တွေက ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေထဲကိုဝင်ပြီး ပွားများလာရင် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ် ပြန်လည်တုံ့ပြန်ပါတယ်။ ဒီလိုတုံ့ပြန်တဲ့ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်မှာ **ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရင် ရောဂါပိုးကို ပြန်လည်တုံ့ပြန် ထိန်းချုပ်ချေဖျက်နိုင်မှုက ကာကွယ်ဆေးအပေါ်မှာမူတည်ပြီး ရောဂါကူးစက်မှုကို ၈၀ ရာခိုင်နှုန်းအထက် အကာအကွယ်ပေးနိုင်ပါတယ်။ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန်ခံစားရမှုကို ၉၅ ရာခိုင်နှုန်းအထက်အထိ ကာကွယ်ပေးနိုင်ပါတယ်။**

၃။ ဒါကြောင့် ကာကွယ်ဆေးက အဓိကဖြစ်ပါတယ်၊ ကာကွယ်ရေးနည်းလမ်းတွေထဲမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေပါ၊ ဒါတွေက တတ်နိုင်သမျှ ကိုယ့်ခန္ဓာကိုယ်ထဲကို ရောဂါပိုးမဝင်နိုင်အောင် လုပ်တာပါ။ ဒီကြားထဲကမှထပ်ပြီး ပိုးက ဝင်လာရင် ကာကွယ်ဆေးထိုးထားတဲ့အခါ ခန္ဓာကိုယ်ထဲမှာ အသင့်ရှိနေတဲ့ ပဋိပစ္စည်းတွေက ဝင်လာတဲ့ဗိုင်းရပ်စ်ကိုဖမ်းပြီး တားဆီးလိုက်တဲ့အတွက် ရောဂါရဲ့ နောက်ဆက်တွဲဖြစ်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်တွေ ပရမ်းပတာဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုနှုန်း ကျသွားပါတယ်။ ဒါက ကာကွယ်ရေးမှာ ကောင်းတဲ့အချက် ဖြစ်ပါတယ်။

၄။ နောက်တစ်ခုက မိသားစုထဲမှာ ဘယ်လိုကောင်းကျိုးတွေ ရမလဲဆိုရင် ဗိုင်းရပ်စ်က နှာခေါင်း၊ ပါးစပ်က ဝင်လာတဲ့အခါ ပဋိပစ္စည်းတွေ ချေဖျက်လိုက်တဲ့အတွက် မတော်တဆ ပိုးဝင်သွားရင်တောင်မှ ဗိုင်းရပ်စ်က သူ့ခန္ဓာကိုယ်ထဲမှာ မရေတွက်နိုင်အောင် အကောင်တွေ အများကြီးပွားလို့ မရတော့ဘူး။ သူ့နှာခေါင်း၊ ပါးစပ်ကနေ ထွက်တာလျော့သွားမယ်။ လျော့သွားရင် သူ့မိသားစု၊ သူနဲ့ထိတွေ့တဲ့သူတွေ ကူးစက်နိုင်ဖို့အတွက် တော်တော်အခွင့်အလမ်းနည်းသွားပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေသည် ရောဂါကူးစက်မှုကို လျော့ကျစေပါတယ်။ ရောဂါ ပြင်းပြင်းထန်ထန်ဖြစ်ပွားမှုကိုလည်း အတော့်ကိုလျော့ကျသွားစေတယ်။ အလွန်ကောင်းကျိုးရှိတဲ့ကိစ္စပါ။

၅။ ဒါကြောင့် ကမ္ဘာ့နိုင်ငံကြီးတွေအနေနဲ့ ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းမှရရှိလာတဲ့ အကျိုးကျေးဇူးတွေကို သိရှိတဲ့အတွက် သူတို့နိုင်ငံအတွင်းမှာ အရေးတကြီး ထိုးနှံပေးခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးခြင်းရဲ့ ကောင်းကျိုးနောက်တစ်ခုအနေနဲ့ မကြာခင်က အင်္ဂလန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၂၁ ဘောလုံးပြိုင်ပွဲကို တက်ရောက်အားပေးကြတဲ့ ပရိသတ်တွေအနေနဲ့ မည်သည့် အကာအကွယ်မှ ဝတ်ဆင်စရာမလိုဘဲ ဘောလုံးကွင်းထဲမှာ လွတ်လပ်ပေါ့ပါးစွာနဲ့ ပါဝင်အားပေးနိုင်ကြတာကို တွေ့ရပါတယ်။

၆။ ဒီအတွက် မကြာမီ နိုင်ငံတစ်ဝန်းမှာ ထိုးနှံပေးမည့် ကာကွယ်ဆေးထိုးအစီအစဉ်တွေမှာ မိမိနဲ့ မိမိ မိသားစုအတွက် ရရှိလာမယ့်အခွင့်အရေးကို လက်လွတ်မခံဘဲ ပါဝင်ထိုးနှံပေးကြဖို့ လိုအပ်ပါတယ်။ မိမိတို့ နေထိုင်ရာ ဒေသ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တစ်ခုလုံး ကာကွယ်ဆေးထိုးနှံပြီးပါက မိမိတို့ရဲ့ နေ့စဉ်ဆောင်ရွက်ဖွယ်ကိစ္စတွေကို ကိုဗစ်ဘေးကင်းပြီး စိတ်ချယုံကြည်စွာနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

၇။ ကိုဗစ်ကူးစက်နိုင်မှုကင်းစင်သော ရပ်ရွာအဖြစ် ရှင်သန်နိုင်ဖို့အတွက် အားလုံးကဦးစားပေးအစီအစဉ်အလိုက် ကာကွယ်ဆေးထိုးလုပ်ငန်းတွေမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

❂ ကျောဖုံးမှ

အောက်တိုဘာ ၃၀ ရက် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၂၁ ခုနှစ် ဧပြီ ၂၈ ရက်တွင် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို အရေးနိမ့်ပြီး ချန်ပီယံခါးပတ်နှစ်ခုစလုံးကို ၎င်းအား လွှဲပြောင်း ပေးခဲ့ရသည်။ အောင်လအန်ဆန်သည် ချန်ပီယံခါးပတ်နှစ်ခုစလုံး လက်လွှတ်လိုက်ရပြီးနောက်ပိုင်း အသက်အရွယ်အရ မစ်ဒယ်ဝိတ်တန်းပွဲစဉ်များသာ ထပ်မံထိုးသတ်ရန် ဆုံးဖြတ်ခဲ့သဖြင့် ONE Championship က မစ်ဒယ်ဝိတ်တန်းပွဲစဉ်များ စီစဉ်ပေးခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် လီအန်ဒရိုကို အနိုင်ရပါက မစ်ဒယ်ဝိတ်တန်းချန်ပီယံဆုအား စိန်ခေါ်ခွင့်ရမည်ဖြစ်ပြီး ONE Championship အနေဖြင့် ယခုပွဲမှအနိုင်ရသူကို ကမ္ဘာ့ချန်ပီယံလုပွဲထိုးသတ်ခွင့်ပြုမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ အောင်လအန်ဆန်နှင့် ထိုးသတ်မည့် လီအန်ဒရိုသည် အသက် ၃၄ နှစ်ရှိပြီဖြစ်ပြီး MMA ကစားသမားဘဝ ၁၅ ပွဲ ထိုးသတ်ထား ရာတွင် ၁၁ ပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားသည်။ ၂၀၂၀ ဖေဖော်ဝါရီတွင် ဒီရစ်ဒါနှင့် ထိုးသတ်ပြီးနောက်ပိုင်း တစ်နှစ်ခွဲကျော်မှ ပြန်လည်ထိုးသတ်ခွင့်ရရှိခြင်းဖြစ်သည်။

ဇူလိုင် ၃၀ ရက်တွင်ပြုလုပ်မည့် Battleground အမည်ရပြိုင်ပွဲတွင် တွဲဆိုင်းခြောက်ပွဲပါဝင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် မွေထိုင်း Straw ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲဖြစ်သော လက်ရှိချန်ပီယံ ဂိုင်ယန်ဟာဒေါင်(ထိုင်း)နှင့် စိန်ခေါ်သူ ပီရာယန်ချိုင်(ထိုင်း)၊ Co-Main Event အဖြစ် အောင်လအန်ဆန် (မြန်မာ)နှင့် လီအန်ဒရို (ဘရာဇီး)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အခြားတွဲဆိုင်းများအဖြစ် ဆာဝါဒါ (ဂျပန်)နှင့် ဘာလတ် (ကျူးဘား)၊ ချင်ယု (တရုတ်) နှင့် ဂျီရီမီ (ဖိလစ်ပိုင်)၊ အမျိုးသမီး တွဲဆိုင်းများအဖြစ် ရီတူ (အိန္ဒိယ) နှင့် လင်ဟီကျူ (တရုတ်)၊ ဗစ်တိုးရီးယားလီ (စင်ကာပူ/အမေရိကန်) နှင့် ဝမ်လုပင် (တရုတ်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်**

**ဓာတ်ပုံ-ONE Championship**

## တောင်ကြီးမြို့နယ်တွင် Stay at Home ကာလအတွင်း ပြည်သူများအနေဖြင့် မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာမှုမရှိစေရေး စစ်ဆေးမှုများ ဆောင်ရွက်

တောင်ကြီး ဇူလိုင် ၂၈

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားလာသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ တောင်ကြီးမြို့နယ်တွင် Stay at Home ကာလအတွင်း ပြည်သူများအနေဖြင့် မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာမှု မရှိစေရေး မြို့နယ်ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ ယနေ့ နံနက် ၈ နာရီခန့်မှ စတင်၍ ကုန်သည်လမ်းနှင့် မီးသွေးတန်းလမ်းဆုံနှင့် မြင်းရပ်မီးပွိုင့်လမ်းဆုံများတွင် မိုဘိုင်းလှည့်လည်၍ ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် တောင်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လုံခြုံရေးအဖွဲ့များက Stay at Home အစီအစဉ်တွင် ပါဝင်သော တောင်ကြီးမြို့နယ်အတွင်းသို့ အခြားမြို့နယ်များမှ ပြည်သူများ နယ်မြေကျော်ဖြတ်သန်းခြင်း၊ မြို့နယ်အတွင်းရှိ ပြည်သူများဈေးဝယ်ထွက်ခြင်းနှင့် ဆေးရုံဆေးခန်းပြသခြင်းတို့အတွက် နေအိမ်ပြင်ပ ထွက်ခွာသွားရောက်ပါက နယ်မြေဖြတ်သန်းခွင့်ကတ်ပြားများ၊ ဝန်ထမ်းများက ဝန်ထမ်းကတ်ပြားများ တစ်ပါတည်းယူဆောင်၍ Stay at Home စည်းမျဉ်းစည်းကမ်းများနှင့်အညီ သွားလာမှုရှိ မရှိ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရန်နှင့် ကုသရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



**နေပြည်တော် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၄)၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းပြောကြားပြီး တိုင်းမှူးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။ ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက အသီးသီး ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဇူလိုင် ၂၈**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေး အတွက် စေတနာရှင်အလှူရှင်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တာပုံစစ်မှုထမ်းဟောင်းအိမ်ရာနှင့် ခေးနင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာတို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက အဆိုပါအိမ်ရာများ၌ သွားရောက်တွေ့ဆုံပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။ (ဝဲပုံ)

အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်နေ ပြည်သူ အိမ်ထောင်စု ၂၀၀ အတွက် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများက ဆန်နှင့် စားသောက်ဖွယ်ရာများကို ပြည်သူများ၏ လက်ဝယ်အရောက်ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

**ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။**

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြင်ဆင်လက်ခံ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၉၅ ဦးနှင့် အမျိုးသမီး ၆၆ ဦး စုစုပေါင်း ၁၆၁ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၈ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၂၀၁ ဦးနှင့် အမျိုးသမီး ၁၇၈ ဦး စုစုပေါင်း ၃၇၉ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၅၅ ဦးနှင့် အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၇၉ ဦးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ နယ်မြေခံသင်တန်းကျောင်းနှင့် တပ်နယ်အားကစားခန်းမတို့၌ ခေတ်ခွဲအတည်ပြုပိုးတွေ့ လူနာအမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၈ ဦးကို လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မလမ်းရှိ သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသော သံဃာတော်များ သီးသန့်ထားရှိရန် ကုသရေးစင်တာဖွင့်လှစ်ပြင်ဆင်နေမှုများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များ အသုံးပြုရန် Oxygen Concentrator အလုံး ၅၀ အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့၌ ဖုံးခွဲသူ ဖမ်းဆီးရမိပြီး ဖောက်ခွဲရေးပစ္စည်းများအား ရွှေအုန်းပင်ဆိုင်မှ ရယူခဲ့ကြောင်း သိရှိရ

နေပြည်တော် ဇူလိုင် ၂၈

**အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ လူငယ်များအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေပြီး အများပြည်သူလူထုသွားလာ လှုပ်ရှားလျက်ရှိသည့် နေရာများကို မိုင်းထောင်တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များ၏ ပညာရေးကိုထိခိုက်စေရန် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်း၊ ဆရာ/ဆရာမများအား နှောင့်ယှက်တိုက်ခိုက်ခြင်းများကို လူသားချင်းစာနာထောက်ထားမှု မရှိဘဲ လုပ်ဆောင်လျက်ရှိသည်။**



အောင်ချစ်ကို



သိန်းသိန်းအိ(ခ) ကုလားမ



ပြည်သူ



စိုးနိုဘယ်

ထိုသို့ လုပ်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းများကို အကြမ်းဖက် PDF သင်တန်းဆင်းလာသူ အောင်ချစ်ကိုထံသို့ ပေးပို့နေသည့် သိန်းသိန်းအိ(ခ)ကုလားမ အား ဇူလိုင် ၂၆ ရက် ညပိုင်းတွင် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် သာယာကုန်း(၂)နယ်မြေရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ သိန်းသိန်းအိ(ခ) ကုလားမ၏ ထွက်ဆိုချက်အရ TNLA အကြမ်းဖက် သောင်းကျန်းသူနယ်မြေတွင် ဖောက်ခွဲရေးသင်တန်းတက်ရောက်ပြီး မိတ္ထီလာမြို့သို့ ပြန်လည်ရောက်ရှိနေသည့် အောင်ချစ်ကိုအား ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ၎င်းတိမ်းရှောင်နေထိုင်သည့် မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက် အင်းဝဘဏ်လမ်းရှိ 7 Star ကုန်မာဆိုင်၌ ဖမ်းဆီးရမိခဲ့ပြီး တရားခံအား လက်ခံထားရှိသည့် 7 Star ကုန်မာဆိုင်ပိုင်ရှင် ပြည်သူနှင့် ဇနီးဖြစ်သူ စိုးနိုဘယ်တို့အား နံနက်ပိုင်းတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ပြည်သူ၏ ထွက်ဆိုချက်အရ အောင်ချစ်ကို အပ်နှံထားသည့် လက်လုပ်သေနတ် နှစ်လက်အား လပ်ကီးစတားကုန်မာဆိုင်ခွဲမှ ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းတွင် ထပ်မံသိမ်းဆည်းရခဲ့သည်။

တရားခံ အောင်ချစ်ကို၏ ထွက်ဆိုချက်အရ ဧပြီ ၂၇ ရက်က သူရိန်စိုးနှင့်အတူ မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ ခရိုင်ပညာရေးမှူးရုံးကို လည်းကောင်း၊ ဈေးအရှေ့ပြင်ရပ်ကွက်ရှိ မြို့နယ်လဝကရုံးကို လည်းကောင်း လက်လုပ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မေ ၆ ရက်က သူရိန်စိုး၊ ထင်လင်း၊ ဝေမှူး၊ ခိုင်မြဲဇော်၊ တရုတ်လေး၊ ကျော်ဇင်ဟန်၊ ပန်ချာ၊ ထက်ဝေယံ တို့နှင့်အတူ မိတ္ထီလာမြို့နယ် ကျွဲတလင်းအုပ်စု မယ်ဇလီပင်ကျေးရွာရှိ အမက(၃၀)ကျောင်း၌ ဆရာ/ဆရာမများက ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်နေစဉ် အစည်းအဝေး ပျက်ပြားစေရန်နှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိစေရန် ရည်ရွယ်၍ ကျောင်းဝင်းအတွင်းသို့ လေးခွများဖြင့် ပစ်ခြင်း၊ ကျောင်းဝင်းအတွင်း ဝင်ရောက်၍ ဆရာ/ဆရာမများ၏ ဆိုင်ကယ် သုံးစီးအား မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မေ ၇ ရက်က သီရိမင်္ဂလာရပ်ကွက်ရှိ ခရိုင်ပညာရေးမှူးရုံးအတွင်း ဝင်ရောက်၍ ဆရာ/ဆရာမများ၏ ဆိုင်ကယ်ခြောက်စီးအား ဓာတ်ဆီလောင်း မီးရှို့ဖျက်ဆီးခြင်းများတွင် ပါဝင်ခဲ့ကြောင်းသိရှိရပြီး ထိုသို့ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အသုံးပြုသည့် လက်လုပ်မိုင်းများအား ဇွန် ၆ ရက်က ရွှေအုန်းပင်ထမင်းဆိုင်၌ လက်လုပ်မိုင်းများ ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးခဲ့သော တရားခံစိုးရန်နိုင်ထံမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။



မိတ္ထီလာမြို့ လပ်ကီးစတားကုန်မာဆိုင်ခွဲ၌ လက်လုပ်သေနတ် နှစ်လက် သိမ်းဆည်းရမိသည်ကို တွေ့ရစဉ်။

ထို့ပြင် မိတ္ထီလာမြို့ပေါ်တွင် အဖျက်လုပ်ငန်းနှင့် အပြစ်မဲ့ ပြည်သူများအား ပစ်ခတ်လုပ်ကြံမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် တရားခံ အောင်ချစ်ကိုသည် ဆက်စပ်တရားခံ ပိုင်ဇေ (ဖမ်းဆီးရမိ)ထံမှ ချိတ်ဆက်၍ လက်လုပ်သေနတ် နှစ်လက်အား ရယူခဲ့ကြောင်း သိရှိရသည်။

တရားခံ အောင်ချစ်ကိုသည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင် ဆောင်ရွက်မှုများကြောင့် မေ ၁၈ ရက်တွင် ပုဒ်မ-၅၀၅ (က) ဖြင့် အမှုဖွင့်လှစ်ခံထားရပြီး ဆက်စပ် တရားခံ ဇင်မင်းဖြိုး (ဖမ်းဆီးရန်ကျန်)၏ စေခိုင်းချက်အရ TNLA အကြမ်းဖက် သောင်းကျန်းသူများ လှုပ်ရှားလျက်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ခွန်ကော်အုပ်စု အုန်အီးကျေးရွာတွင် မေ ၅ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သော ဖောက်ခွဲဖျက်ဆီးရေး သင်တန်းအား တက်ရောက်ခဲ့ပြီး သင်တန်းမှ ပြန်လည်ရောက်ရှိချိန်တွင် အခြားသူများကိုလည်း ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် စည်းရုံးချိတ်ဆက်မှုများ ပြုလုပ်ခဲ့ကြောင်းလည်း သိရှိရသည်။

တရားခံ ပြည်သူနှင့် ဇနီးဖြစ်သူ စိုးနိုဘယ်တို့သည် တရားဥပဒေနှင့်မညီသည့် ပြစ်မှုများကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် လက်နက်များ လက်ဝယ်ထားရှိသူ၊ အဖျက်အမှောင့် လုပ်ငန်းများလုပ်ကိုင်သူ တရားခံ အောင်ချစ်ကိုအား အားပေးအားမြှောက်ပြုခြင်း၊ ဥပဒေမှ လွတ်မြောက်စေရေး အကာအကွယ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အလားတူ တရားခံ သိန်းသိန်းအိ(ခ)ကုလားမသည် အဖျက်အမှောင့် လုပ်ငန်းများအား ကြိုတင်တားဆီးနိုင်ရေး လုံခြုံရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား မျက်ခြည်မပြတ်စောင့်ကြည့်ကာ အကြမ်းဖက်သမားများမှ အလစ်အငိုက်တိုက်ခိုက်မှု ပြုလုပ်နိုင်ရေး တရားခံ အောင်ချစ်ကို ထံ သတင်းများ ပေးပို့လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် တရားခံလေးဦးအား ကြိုတင်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သက်ဆိုင်ရာမှ အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**




အောင်ချစ်ကိုနှင့် အကြမ်းဖက်သူများမှ မေလ ၇ ရက်တွင် မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက် ခရိုင်ပညာရေးမှူးရုံးဝင်းအတွင်း ရပ်ထားသည့် ဆိုင်ကယ်များအား ဓာတ်ဆီလောင်း မီးရှို့ဖျက်ဆီးခဲ့သည့် CCTV မှတ်တမ်းဓာတ်ပုံ။



အောင်ချစ်ကိုနှင့် အကြမ်းဖက်သူများမှ မေလ ၆ ရက်တွင် မိတ္ထီလာမြို့ ကျွဲတလင်းအုပ်စု မယ်ဇလီပင်ကျေးရွာ အမက(၃၀)ကျောင်းဝင်းအတွင်းရှိ ဆရာ/ဆရာမများ၏ ဆိုင်ကယ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ဥရောပသမဂ္ဂရှိ အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌပြော

ဘရပ်ဆဲလ် ဇူလိုင် ၂၈

**ဥရောပသမဂ္ဂရှိ အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းသည် အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးပြီဖြစ်ကြောင်း ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က ဇူလိုင် ၂၇ ရက်က ပြောကြားလိုက်သည်။**

ဥရောပသမဂ္ဂသည် ၎င်း၏ စကားကိုမှတ်ထားကြောင်းနှင့် မိမိတို့၏ ရည်မှန်းချက်သည် ဇူလိုင်လတွင် ဥရောပသမဂ္ဂအတွင်းရှိ အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးပေးပြီး ဖြစ်ကြောင်း၊ မိမိတို့သည် အဆိုပါရည်မှန်းချက်ကို ယခုရောက်ရှိနေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

၅၇ ရာခိုင်နှုန်းသော အရွယ်ရောက်ပြီးသူများမှာ ကာကွယ်ဆေး နှစ်ကြိမ် အပြည့်အဝထိုးနှံပြီးဖြစ်ကြောင်း ၎င်းကပြောသည်။ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းသည် အောင်မြင်မှုရှိကြောင်း၊ သို့သော်လည်း ဆက်လက်အားထည့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒယ်လ်တာသန္ဓေပြောင်း မျိုးစိတ်သစ်သည်အလွန် အန္တရာယ်ရှိကြောင်း လူတိုင်းသည် သူတို့၏ကျန်းမာရေးနှင့် တခြားသူများကို ကာကွယ်ရန်အတွက် ကာကွယ်ဆေးထိုးသင့်ကြောင်း ဗွန်ဒါလီယန် က ပြောသည်။

ယခုလအစောပိုင်းတွင် ဥရောပဆေးဘက်ဆိုင်ရာ အေဂျင်စီနှင့် ဥရောပ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ဥရောပတိုက်သားများကို ကာကွယ်ဆေးများထိုးရန်နှင့် သတ်မှတ်ထားသည့် ကာကွယ်ဆေးထိုးအကြိမ် ပြည့်မီအောင်ထိုးရန် တိုက်တွန်းထားသည်။

ဇွန်လမကုန်မီ အိန္ဒိယတွင် ပထမဆုံးတွေ့ရှိခဲ့သည့် ဒယ်လ်တာ ကိုဗစ်-၁၉ သန္ဓေပြောင်း မျိုးစိတ်သစ်သည် ဥရောပသမဂ္ဂနှင့် ဥရောပစီးပွားရေး နယ်ပယ်ဒေသများတွင် ၉၀ ရာခိုင်နှုန်းကျော် ကူးစက်ဖြစ်ပွားပြီးဖြစ်လိမ့်မည်ဟု ဥရောပရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ပြောသည်။

ဆင်ဟွာ



ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်ကို တွေ့ရစဉ်။

# တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်၌ မိုးရွာသွန်းမှုကြောင့် သေဆုံးသူ ၇၃ ဦးအထိရှိလာ

**ဟီနန် ဇူလိုင် ၂၈**

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူ ၇၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ပြည်နယ်အရေးပေါ် စီမံခန့်ခွဲရေး ဌာနက ပြောကြားလိုက်သည်။

ဇူလိုင် ၂၈ ရက် နေ့လယ်အထိ လူပေါင်း ၁၃ ဒသမ ၆ သန်းကျော် ဇူလိုင် ၁၆ ရက်နေ့ကတည်းက ရွာသွန်းခဲ့သော မိုးကြောင့် ရေဘေး ဒုက္ခရောက်နေကြသည်။ ကောက်ပဲသီးနှံ ၁ ဒသမ ၀၂ သန်း ဟက်တာ ပျက်စီးခဲ့သည်။ အိမ်ပေါင်း ၇၈၄၂၀၀ ပြိုလဲခဲ့ပြီး ပြည်နယ်တစ်ဝန်း ပျက်စီးမှုများရှိခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ၁ ဒသမ ၄၇ သန်းကျော် ရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည်။

သဘာဝဘေးဒုက္ခ သက်သာရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပြည်နယ်တစ်ဝန်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ



ဟီနန်ပြည်နယ်၌ ရေကြီးနေသည်ကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ခုနစ်သောင်းခွဲကျော် ရှိလာ

**ဖနောင်ပင် ဇူလိုင် ၂၈**

ကမ္ဘောဒီးယားနိုင်ငံတွင် ဇူလိုင် ၂၈ ရက်က ပြည်ပကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၀၇ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၆၆ ဦးရှိလာသောကြောင့် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၅၁၅၂ ဦး အထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နောက်ထပ် ၁၅ ဦး သေဆုံးကြောင်း မှတ်တမ်းတင်ဖော်ပြမှု နှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၃၃၉ ဦး အထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်လိုက်သည်။

နောက်ထပ် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၉၆၇ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည် နာလန်ထူလာသူပေါင်း ၆၇၆၉၂ ဦး အထိ ရှိလာခဲ့သည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က စတင်ခဲ့သည်။

ကမ္ဘောဒီးယား နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၆ ဒသမ ၉၄ သန်း သို့မဟုတ် ၆ သန်းခန့်ရှိသည်။

သို့သော်လည်း မိမိတို့သည် မိမိတို့၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆောင်ရွက်ချက်များကို ဖြေလျှော့ပေးမည် မဟုတ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒင်း က ပြောသည်။

**ဆင်ဟွာ**



ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

## အာဖရိက၌ ကိုဗစ်-၁၉ အတည်ပြုလူနာ ခြောက်သန်းခွဲကျော်ရှိလာ

အာဖရိက၏ ကိုဗစ်-၁၉ အတည်ပြုလူနာအရေအတွက်သည် ဇူလိုင် ၂၇ ရက် ညနေအထိ ၆၅၀၇၃၁၉ ဦးအထိ ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

အာဖရိကတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၁၆၅၂၉၄ ဦးအထိ ရှိလာပြီး ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၅၇၁၃၉၇၈ ဦးရှိသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကသည် အာဖရိကတစ်ဝန်းတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၄ သန်းရှိသည်။ မော်ရိုကိုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၈၁၄၇၇ ဦးရှိသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၁ သန်းကျော်လွန်လာ

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၃၆၅၄ဦးတိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၁၄၈၄၆၀၅ ဦး အထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၆၄၀ ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၄၂၂၀၂၂ ဦးအထိ ရှိလာသည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ဖြစ်ပွားလျက်ရှိသူ ၃၉၉၄၃၆ ဦးရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာပြီး ဆေးရုံမှ ဆင်းလာသူ ၃၀၆၆၃၁၄၇ ဦးရှိသည်။

ဆင်ဟွာ

# အမေရိကန်တွင် ကာကွယ်ဆေးထိုးပြီးသူများလည်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်

**နှင်းမိုးအိမ်**

**အမေရိကန်နိုင်ငံတွင် ကူးစက်မှု အရှိန်များပြားနေသည့်နေရာများတွင် ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသားဖြစ်သော်လည်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကြရန် ကျန်းမာရေးအာဏာပိုင်အဖွဲ့က ဇူလိုင် ၂၇ ရက်တွင် သတိပေးခဲ့သည်။ ဗီဇပြောင်းဒယ်လ်တာကူးစက်မှုကို ဟန့်တားနိုင်ရေးအတွက် ယခုလိုသတိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။**

### သတိပေးပြောကြား

အမေရိကန်ပြည်သူများအနေဖြင့် ကာကွယ်ဆေး ထိုးနှံကြရန် လိုအပ်သည်ဟု အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ပြောသည်။ အသစ်တွေ့ရှိထားသည့် အချက်အလက်များအရ ဒယ်လ်တာမိုင်းရပ်စ်ကူးစက်မှုများမှာ ဆက်လက်ဖြစ်ပေါ်နေသည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ညွှန်ကြားရေးမှူးဖြစ်သူ ရိုချယ်လီဝေလန်စကီးကပြောသည်။ ထို့ကြောင့် ကူးစက်မှုနှုန်းမြင့်နေသည့်နေရာများတွင် နေထိုင်ကြသောပြည်သူများမှာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးပြီးသားဖြစ်သော်လည်း အဆောက်အအုံအတွင်း သွားလာလှုပ်ရှားမည်ဆိုပါက ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကြရန် သတိပေးပြောကြားခဲ့သည်။

### နှာခေါင်းစည်း ပြန်လည်တပ်ဆင်ရန်လို

ယခင်က အမေရိကန်တွင် ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသားသူများ အဆောက်အအုံအတွင်း အချို့သောအခြေအနေမျိုးတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် မလိုအပ်ဟု ထုတ်ပြန်ထားခဲ့သည်။ ယခုအခါတွင်မူ အခြေအနေများ ပြောင်းလဲလာပြီဖြစ်သည်။ ဝါရှင်တန်တွင် ဒေသတွင်းကူးစက်မှုများ များပြားလာသည့်အတွက် အိမ်ဖြူတော်ရှိ ဝန်ထမ်းများအားလုံး ပါးစပ်၊ နှာခေါင်းစည်းပြန်လည်တပ်ဆင်ကြရန် ဇူလိုင် ၂၇ ရက်က အမိန့်ထုတ်ခဲ့သည်။

### ခြေလှမ်းသစ်များဖြင့် လုပ်ကိုင်မည်

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ နောက်ဆုံးထုတ်ပြန်ထားသောအချက်အလက်များအရ ကောင်တီနယ်မြေ ၃၂၀၀ ကျော်တွင် ၆၃ ရာခိုင်နှုန်းမှာ ကူးစက်မှုများပြားခြင်းနှင့် ကြုံတွေ့နေရသည်ဟု သိရသည်။ တစ်ပတ်တာကာလအတွင်း လူပေါင်း ၁၀၀၀၀၀ တွင် နေ့စဉ်ကူးစက်မှုမှာ ၅၀ မှ ၁၀၀ ကြားရှိသည်။ ကာကွယ်ဆေးထိုးပေးရာတွင် နှောင့်နှေးကြန့်ကြာမှုများကို ကျော်လွှားနိုင်ရေးအတွက် နောက်ထပ်ခြေလှမ်းသစ်များဖြင့် လုပ်ကိုင်မည်ဟုလည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

### ဝေဖန်ခံခဲ့ရ

ဒယ်လ်တာကူးစက်မှုကို တားဆီးနိုင်ရေးအတွက် ကျောင်းများတွင် ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီး၊ မပြီးထည့်တွက်ခြင်းမရှိဘဲ ဆရာများ၊ဝန်ထမ်းများနှင့်လာရောက်လည်ပတ်သူ အားလုံးပါးစပ်၊နှာခေါင်းစည်းတပ်ဆင်သင့်သည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ထောက်ခံချက်ပေးထားသည်။ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်ကလည်း ကိုဗစ် – ၁၉ ကိုင်တွယ်ဖြေရှင်းရာတွင် မှားယွင်းသည့်လုပ်ဆောင်မှုများကြောင့် ဝေဖန်ခံခဲ့ရသည်။

### ကာကွယ်ဆေးကသာ ကူးစက်မှုကို ဖြတ်တောက်နိုင်

ပြီးခဲ့သည့် တစ်ပတ်အတွင်း ကိုဗစ် – ၁၉ ကူးစက်မှုမှာ ၅၆၀၀၀ ကျော်ရှိပြီး ယင်းပမာဏမှာ ဧပြီလအတွင်းက ကူးစက်မှုပမာဏအတိုင်းပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်–၁၉ ကြောင့်သေဆုံးသူ စုစုပေါင်းမှာလည်း ၆၁၀၀၀၀ ကျော်ရှိသည်။ အမေရိကန်တွင် လူဦးရေ ၄၉ ရာခိုင်နှုန်းမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးဖြစ်သည်။ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းမှာ ယာယီသာ တားဆီးပေးနိုင်ပြီး လူများကို ကာကွယ်ဆေးထိုးပေးခြင်းဖြင့်သာ ကူးစက်မှုများကို ဖြတ်တောက်နိုင်မည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ညွှန်ကြားရေးမှူးဖြစ်သူ ရိုချယ်လီ ဝေလန်စကီးက ပြောသည်။

### နှာခေါင်စည်းတပ်ဆင်ရန် ပြန်လည်အမိန့်ထုတ်

အစ္စရေးနိုင်ငံသည်လည်း ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် ထိုးပေးနိုင်သည့်အတွက် ကိုဗစ်–၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးနိုင်ခဲ့သည်။ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမည့် အမိန့်ကိုပါ ဖယ်ရှားပေးနိုင်သည်အထိ အောင်မြင်မှုရရှိခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့်လအတွင်းမှစတင်ကာ အစ္စရေးနိုင်ငံတွင်ကူးစက်မှုများ ပြန်လည်များပြားလာသည့်အတွက် ပါးစပ်၊ နှာခေါင်းစည်းပြန်လည်တပ်ဆင်ရန် အမိန့်ထုတ်ခဲ့ရသည်။ ဒယ်လ်တာမိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ယင်းသို့ကန့်သတ်ချက်များ ပြန်လည်ချမှတ်ခဲ့ရခြင်းဖြစ်သည်။

### အသွားအလာပိတ်ဆို့ကန့်သတ်

အမေရိကန်တွင်လည်း လော့စ်အိန်ဂျလိစ် အပါအဝင် အခြားသောဒေသများတွင် အလားတူအမိန့်မျိုး ပြန်လည်လုပ်ဆောင်လာသည်။ ကိုဗစ် –၁၉ ကို အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့သည့်နိုင်ငံများထဲတွင် ဩစတြေးလျနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ သို့သော်လည်း ကူးစက်မှုများ ပြန်လည်တွေ့ရှိလာရသည့်အတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုများပြန်လည်ပြုလုပ်လာရသည်။ ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးဖြစ်သည့် ဆစ်ဒနီမြို့တွင် နေထိုင်ကြသည့် ဒေသခံများအနေဖြင့် နောက်ထပ်တစ်လ အသွားအလာပိတ်ဆို့ကန့်သတ်ခံရဦးမည်ဖြစ်သည်။

### ထပ်မံသက်တမ်းတိုး

အာဏာပိုင်များအနေဖြင့် ကူးစက်မှုများကို ထိန်းသိမ်းနိုင်ရေး ရုန်းကန်ကြိုးပမ်းနေရပြီး ကာကွယ်ဆေးထိုးပေးနိုင်မှုပမာဏမှာ နည်းပါးနေသေးသည့်အတွက် ယခုလို အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ယခင်ချမှတ်ထားသည့် အသွားအလာပိတ်ဆို့ကန့်သတ်မှုမှာ ဇူလိုင် ၃၀ တွင် သက်တမ်းကုန်ဆုံးပြီဖြစ်သည်။ သို့သော်လည်း ကူးစက်မှုများမှာ ဆက်လက်များပြားနေဆဲဖြစ်သည့်အတွက် ဩဂုတ် ၂၈ ရက်အထိ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ထပ်မံ သက်တမ်းတိုးလိုက်သည်။

### ကူးစက်မှုများတွေ့ရှိလာ

လူမှုအသိုင်းအဝိုင်းတစ်ခုလုံး လုံခြုံစိတ်ချရစေရေးနှင့် ပုံမှန်နေထိုင်မှုဘဝသို့ အမြန်ဆုံးပြန်လည်ရောက်ရှိစေရေးအတွက် ယခုလိုပြုလုပ်ရခြင်းဖြစ်ကြောင်း နယူးဆောက်ဝေးလ်ပြည်နယ်ဝန်ကြီးချုပ် ဂလက်ဒစ် ဘရီဂျီကလင်က ပြောသည်။ ဆစ်ဒနီတွင် ကူးစက်မှုများမှာ ဇွန်လလယ်အတွင်းက အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ဝန်ထမ်းတစ်ဦး၏ ယာဉ်မောင်းတွင် ရောဂါကူးစက်ခံရပြီးနောက် ကူးစက်မှုများတွေ့ရှိလာရခြင်းဖြစ်သည်။ ဆစ်ဒနီတွင် နောက်ထပ်ကူးစက်မှုပေါင်း ၁၇၇ ဦး ရှိသည်။

### ရုန်းကန်ဖြေရှင်းနေရ

ဩစတြေးလျနိုင်ငံသည် ကိုဗစ်– ၁၉ ကူးစက်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ကနေဦး၌ ချီးကျူးမှုများရရှိခဲ့သည်။ နောက်ထပ်ကူးစက်မှုများကို တားဆီးနိုင်ရေးအတွက် နယ်စပ်များကို ပိတ်ထားနိုင်ခဲ့သည်။ သို့သော်လည်း ကာကွယ်ဆေးမထိုးရသေးသည့် ပမာဏများပြားနေသေးသည့်အတွက် ဗီဇပြောင်းဒယ်လ်တာကူးစက်မှုကို ရုန်းကန်ဖြေရှင်းနေရသည်။ ။

**ကိုးကား –အေအက်ဖ်ပီ**




လော့စ်အိန်ဂျလိစ်တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာသွားလာကြသူများကို တွေ့ရစဉ်။

**အမေရိကန်တွင် လူဦးရေ ၄၉ ရာခိုင်နှုန်းမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီး ဖြစ်သည်။ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းမှာ ယာယီသာ တားဆီးပေးနိုင်ပြီး လူများကို ကာကွယ်ဆေးထိုးပေးခြင်းဖြင့်သာ ကူးစက်မှုများကို ဖြတ်တောက်နိုင်မည်**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဇူလိုင် ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉၈၀ တွေ့ရှိ

### ထပ်မံသေဆုံးသူ ၃၆၅ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၈၂၁၀ ရှိ

**(၂၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၇-၇-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၇-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၁၃,၇၆၃)ခုအားစစ်ဆေးပြီးစီးခဲ့ရာCOVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ်(၄,၉၈၀)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၁၁၆,၄၅၁)ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၈၄,၀၉၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၅၈၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၉၇,၉၉၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၆၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၈,၂၁၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၀၄) ခု | (၁၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၀) ခု | (၁၇၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၁၅၇) ခု | (၄၆၆) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၇) ခု | (၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၉၆) ခု | (၁၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၁၁၁) ခု | (၁,၀၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၇၂၇) ခု | (၃,၀၅၄) ဦး |
| စုစုပေါင်း | (၁၃,၇၆၃) ခု | (၄,၉၈၀) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေစနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း တို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်”နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၂၈-၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၃၅၃၉၂၃ | ၂၉၅၇၁၄၃၄ | ၆၂၇၃၅၁ |
| ၂။ | အိန္ဒိယ | ၃၁၄၈၄၆၀၅ | ၃၀၆၆၃၁၄၇ | ၄၂၂၀၅၄ |
| ၃။ | ဘရာဇီး | ၁၉၇၄၉၀၇၃ | ၁၈၄၆၆၈၂၂ | ၅၅၁၉၀၆ |
| ၄။ | ရုရှား | ၆၁၉၅၂၃၂ | ၅၅၄၇၅၂၉ | ၁၅၆၁၇၈ |
| ၅။ | ပြင်သစ် | ၆၀၂၆၁၁၅ | ၅၆၈၂၉၇၀ | ၁၁၁၆၉၅ |
| ၆။ | ဗြိတိန် | ၅၇၄၅၅၂၆ | ၄၄၇၀၂၂၄ | ၁၂၉၃၀၃ |
| ၇။ | တူရကီ | ၅၆၃၈၁၇၈ | ၅၄၃၃၈၄၁ | ၅၁၀၄၈ |
| ၈။ | အာဂျင်တီးနား | ၄၈၇၅၉၂၇ | ၄၅၁၉၉၂၂ | ၁၀၄၃၅၂ |
| ၉။ | ကိုလံဘီယာ | ၄၇၄၇၇၇၅ | ၄၅၂၆၉၁၇ | ၁၁၉၄၈၂ |
| ၁၀။ | စပိန် | ၄၃၆၈၄၅၃ | ၃၇၀၁၁၉၅ | ၈၁၃၃၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၈ – ၇ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၂၈၇၇၂၇ | ၂၆၄၀၆၇၆ | ၈၈၆၅၉ |
| ဖိလစ်ပိုင် | ၁၅၆၆၆၆၇ | ၁၄၈၇၁၄ | ၂၇၄၀၁ |
| မလေးရှား | ၁၀၆၁၄၇၆ | ၈၇၇၈၁၂ | ၈၅၅၁ |
| ထိုင်း | ၅၄၃၃၆၁ | ၃၆၀၆၉၄ | ၄၃၉၇ |
| မြန်မာ | ၂၈၄၀၉၉ | ၁၉၇၉၉၄ | ၈၂၁၀ |
| ဗီယက်နမ် | ၁၁၇၁၂၁ | ၂၂၉၄၆ | ၅၂၄ |
| ကမ္ဘောဒီးယား | ၇၅၁၅၂ | ၆၇၆၉၂ | ၁၃၃၉ |
| စင်ကာပူ | ၆၄၅၈၉ | ၆၂၆၃၇ | ၃၇ |
| လာအို | ၅၄၃၄ | ၂၅၀၃ | ၆ |
| ဘရူနိုင်း | ၃၃၃ | ၂၇၀ | ၃ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက်
တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ပဲခူး ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၄/၂၀၂၁)ကို Online Zoom Meeting System ဖြင့် ကျင်းပသည်။ **(ယာပုံ)**

**အများပြည်သူသိရှိရန်**

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဥ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်ချက်များအား ဖတ်ကြားရှင်းလင်းပြီး Stay at Home သတ်မှတ်ထားသည့် မြို့နယ်များတွင် မဖြစ်မနေ အိမ်ပြင်ထွက်သူတိုင်း လိုက်နာရမည့် ညွှန်ကြားချက်များကို ရပ်ကွက်/ကျေးရွာ အတွင်းရှိ အများပြည်သူများ သိရှိစေရန် လိုအပ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် လာမည့် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် မိုးများသည့် အစဉ်အလာရှိသဖြင့် Facility Quarantine ဖွင့်လှစ်ထားသည့်နေရာများ ရေဝင်ရောက်မှုမရှိစေရေးနှင့် လိုအပ်ပါက အခြားနေရာများ ထပ်မံရှာဖွေထားရန် လိုအပ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် အခြားပြည်နယ်/တိုင်းဒေသကြီးများသို့ ဖြတ်သန်းရာ လမ်းဆုံဖြစ်နေ၍ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ သယ်ဆောင်သည့်ယာဉ်၊ အောင်ဆီဂျင်အိုးများ သယ်ဆောင်သည့်ယာဉ်များနှင့် စားသောက်ကုန်တင်ယာဉ်များ ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးရန်၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် စဉ်ဆက်မပြတ်ချိတ်ဆက်၍ လိုအပ်ချက်များ အချိန်နှင့်တစ်ပြေးညီ တင်ပြပေးရန်နှင့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များအား သီးခြားဂုဏ်ပြုခြင်းများလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အရှိန်အဟုန်မပြတ်ဆောင်ရွက်**

ထို့နောက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချို့က မြို့နယ်များတွင် လိုအပ်လျက်ရှိသော အောက်ဆီဂျင်များအား တပ်မတော် အောက်ဆီဂျင်ထုတ်စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာသီဟက မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု အခြေအနေနှင့် ဆက်လက်ထိန်းချုပ်ကာကွယ်ရမည့် အခြေအနေများကိုလည်းကောင်း၊ ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစဉ်များ အရှိန်မဟုန်မပြတ် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများနှင့် သီးခြားလိုအပ်ချက်များကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များက ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် စာရင်းဇယားများပြုစုရာတွင် တာဝန်ယူမှု တာဝန်ခံမှုဖြင့် တိကျမြန်ဆန်စွာ စနစ်တကျဆောင်ရွက်ရေး အကြံပြုဆွေးနွေးခဲ့ကြသည်။

**လူနာများအခက်အခဲမရှိရေး**

ယင်းနောက် တိုင်းဒေသကြီးကောင်စီဥက္ကဋ္ဌက ဆေးရုံလာပြသည့်လူနာများ အခက်အခဲမရှိစေရေး ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းကြရန်နှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ လူနာများ ဆေးရုံအတွက် စိတ်ပူပန်မှုမရှိအောင် ကူညီဆောင်ရွက်ပေးရန်၊ မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအပေါ် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး သက်ဆိုင်ရာပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်၊ Oxygen Plant နှင့် ကာကွယ်ဆေးထိုးနှံမည့် နေရာများ လုံခြုံရေးအထူးဂရုပြု ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဇူလိုင် ၂၆ ရက်အထိ ပိုးတွေ့လူနာ ၂၄၄၅၀၊ ဆေးရုံဆင်းလူနာ ၁၂၆၉၄ ဦး၊ ဆေးရုံနှင့် ကုသရေးစင်တာများတွင် ကျန်ရှိသူ ၁၀၆၆၈ ဦး၊ လွှဲပြောင်း/လက်ခံကုသပေးသူ ၁၅၁ ဦးနှင့် သေဆုံးလူနာ ၉၃၇ ဦးရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် ဇူလိုင် ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသား ပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ကြီးဌာနပေါင်းစုံမှ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသည့် ဝန်ထမ်း ၂၇၆ ဦးကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များရှိ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ စုစုပေါင်း ၁၁၆၁ ဦးကို လည်းကောင်း၊ နေပြည်တော် အချုပ်ထောင်၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူ ၃၆၀ ကို ပထမအကြိမ်အဖြစ် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ဗဟိုအကျဉ်းထောင်၌ ထိန်းသိမ်းထားသော အကျဉ်းသား၊ အကျဉ်းသူနှင့် အချုပ်သား၊ အချုပ်သူ ၆၁၀ ကို ပထမအကြိမ်အဖြစ်လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့်အတူ ပူးပေါင်းကာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင် အလှူရှင်များက ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၈**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင် အလှူရှင်များက ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ဧည့်ရိပ်သာ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး စေတနာရှင် အလှူရှင်များဖြစ်ကြသည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၊ ရွှေစွမ်းအင်ကုမ္ပဏီမိသားစု၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ဦးကျော်စိုးလင်းနှင့် ဒေါ်လှလေးစိန် မိသားစုနှင့် စေတနာရှင်အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၅၆၅ သိန်းတန်ဖိုးရှိ အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အလုံး ၆၀၊ PPE ဝတ်စုံ ၃၀၀၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

**နှာချေချောင်းဆိုးသည့်အခါတိုင်း**
**ပါးစပ်နှင့်နှာခေါင်းကို စနစ်တကျ လုံခြုံစွာဖုံးအုပ်ပါ**

# ယနေ့အချိန်အထိ ကျွန်တော်တို့ ဆေးရုံအနေနဲ့ အောက်ဆီဂျင် ပေးရမယ့်လူနာကို အောက်ဆီဂျင်မပေးနိုင်ဘူးဆိုတာ မရှိသေးပါဘူး

ဒေါက်တာ မြင့်ကျော်

**ပျဉ်းမနားမြို့နယ်အတွင်း ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ကုသရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပျဉ်းမနားမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်ကျော်အား တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး။ ။ ပျဉ်းမနားမြို့နယ်အတွင်းမှာ ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှု ဖြစ်ပွားနေတဲ့ အခြေအနေကို သိလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ ပျဉ်းမနားမြို့နယ်မှာ ဒေသတွင်းကူးစက်မှုတွေ ရှိနေပါတယ်။ ဒါကြောင့်လည်း Stay at Home သတ်မှတ်ထားတာပါ။ ကျွန်တော်တို့ ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံမှာ ကိုဗစ်တတိယလှိုင်းအတွင်း ယနေ့အထိ ဆေးရုံတက်လူနာ ၁၃၉ ယောက်ရှိပါပြီ။ ၄၅ ယောက်က ရောဂါပျောက်ကင်းလို့ ဆေးရုံက ဆင်းသွားပြီးတော့ ၂၅ ယောက်ကတော့ တခြားဆေးရုံကြီးတွေ၊ အထူးသဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးကို လွှဲပြောင်းကုသပေးလျက် ရှိပါတယ်။ သေဆုံးသူကတော့ ယနေ့အထိ ကိုးယောက်ရှိပါပြီ။

**မေး။ ။ ကိုဗစ် – ၁၉ အတည်ပြု လူနာတွေကို ဘယ်လို ကျန်းမာရေးစောင့်ရှောက်ကုသမှုတွေ ဆောင်ရွက်ပေးနေပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ဆေးရုံကြီးမှာ ကိုဗစ်–၁၉ လူနာတွေအတွက် ခုတင် ၇၀ စီစဉ်ထားရှိပါတယ်။ ဆေးရုံမှာ လာစစ်တဲ့ သူတွေထဲက ပိုးတွေ့လူနာတွေကို ကျွန်တော်တို့ ဆေးရုံမှာ ကုသပါတယ်။ ဆေးရုံမှာ စီစဉ်ထားတာက အမျိုးသား ၃၀၊ အမျိုးသမီး ၄၀ စာ စီစဉ်ထားတာဖြစ်တဲ့အတွက် တချို့ရက်တွေမှာ ခုတင်ပြည့်သွားတာရှိပါတယ်။ တချို့ ရောဂါပြင်းထန်တဲ့ လူနာတွေကို နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးနဲ့ ချိတ်ဆက်ပြီးတော့ ခုတင် ၁၀၀၀ ဆေးရုံကြီးက လက်ခံနိုင်တယ်ဆိုရင် လွှဲပြောင်းပေးပါတယ်။ တကယ်လို့ ခုတင် ၁၀၀၀ ဆေးရုံကြီးက လူပြည့်နေတယ်ဆိုရင် ကျွန်တော်တို့ ဆေးရုံမှာပဲ အောက်ဆီဂျင်ပေးပြီး စောင့်ရှောက် ကုသပေးပါတယ်။



**မေး။ ။ ကိုဗစ်–၁၉ ဖြစ်ပွားတယ်လို့ မိမိကိုယ်မိမိ သံသယရှိရင် ဘယ်နေရာမှာ စစ်ဆေးလို့ ရနိုင်ပါသလဲ။ ဆရာတို့ဘက်က ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေလေးကို သိပါရစေ။**

ဖြေ။ ။ သံသယရှိတဲ့ လူတွေအနေနဲ့ လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်းမှာ Community Base Test Centre for PUI ဖွင့်လှစ်ထားပါတယ်။ အဲဒီနေရာမှာ သွားရောက် စစ်ဆေးနိုင်ပါတယ်။ ကျွန်တော်တို့ ဆေးရုံမှာကတော့ ကိုဗစ်–၁၉ ရောဂါ လက္ခဏာပြတဲ့ လူတွေကို စစ်ဆေးပေးပြီးတော့ Positive ဖြစ်ရင် ရောဂါအခြေအနေအပေါ် မူတည်ပြီး ကျွန်တော်တို့ ဆေးရုံမှာ ကုသပေးပါတယ်။ တချို့ ရောဂါ မပြင်းထန်တဲ့သူတွေ ဥပမာ အနံ့ပျောက်ရုံပဲ ပျောက်ပြီး အခြားရောဂါ မခံစားရတဲ့သူတွေဆိုရင် အခြား ကုသရေးစင်တာတွေဆီကို လွှဲပြောင်းကုသတာတွေလည်း ရှိပါတယ်။ ကုသဖို့လိုတယ်၊ ရောဂါ ပြင်းထန်တယ်ဆိုရင် ကျွန်တော်တို့ ဆေးရုံမှာပဲ ကုသပေးပါတယ်။

**မေး။ ။ အောက်ဆီဂျင်ပေးနိုင်ဖို့ စီစဉ်ထားတဲ့ အခြေအနေကို ရှင်းပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့ဆေးရုံမှာ အောင်ဆီဂျင်ထုတ်လုပ်တဲ့စက်ရှိပါတယ်။ တစ်ရက်ကို ၄၀ လီတာ ရှစ်လုံးထွက်ပါတယ်။ ကျွန်တော်တို့ဆေးရုံက ထွက်တဲ့ အောက်ဆီဂျင်နဲ့တော့ လူနာတွေပေးဖို့ မလုံလောက်ပါဘူး။ အဲဒါကြောင့် နေပြည်တော် ကောင်စီရဲ့စီစဉ်ပေးမှုနဲ့ တခြားကနေပဲ တင်သွင်းပါတယ်။ ဥပမာဆိုရရင် ဒီနေ့ဆိုရင် ကျွန်တော်တို့ ဆေးရုံက လူနာတွေကို အောက်ဆီဂျင်ပေးဖို့ လိုအပ်တာ ၄၀ လီတာအိုး ၁၈ လုံးပါ။ ကျွန်တော်တို့ရှိတာ ရှစ်လုံးဆိုတော့ ကျန်လိုအပ်တဲ့ ၁၀ လုံးကို နေပြည်တော်ကောင်စီရဲ့ စီစဉ်မှုနဲ့ အခြားကနေ ဖြည့်ဆည်းပါတယ်။ ဒီနေ့အချိန်အထိ ကျွန်တော်တို့ ဆေးရုံအနေနဲ့ အောက်ဆီဂျင်ပေးရမယ့် လူနာကို အောက်ဆီဂျင်မပေးနိုင်ဘူးဆိုတာ မရှိသေးပါဘူး။

**မေး။ ။ ရောဂါကူးစက်ခံနေရပြီလို့ သံသယရှိပြီဆိုတာနဲ့ ကူးစက်ပြန့်ပွားမှု မရှိအောင် ဘယ်လိုပြုမူ နေထိုင်သင့်ပါသလဲ။**

ဖြေ။ ။ ပြည်သူလူထုအနေနဲ့ ကိုဗစ်–၁၉ ကူးစက်ခံနေရပြီလို့ သံသယရှိရင် အိမ်ထဲမှာနေတာ အကောင်းဆုံးပါပဲ။ ပျဉ်းမနားက Stay at Home ကြေညာထားတာ ဆိုတော့လေ။ မလိုအပ်ဘဲ အပြင်မထွက်သင့်ပါဘူး။ မလွှဲသာ မရှောင်သာလို့ ကျန်းမာရေးကိစ္စကြောင့် အပြင်ထွက်မယ်ဆိုရင်လည်း Mask တို့၊ Face Shield တို့၊ လက်အိတ်တို့ အကာအကွယ် ဝတ်ဆင်ပြီးမှ ထွက်သင့်ပါတယ်။ ကိုဗစ်ရောဂါ လက္ခဏာပြလာပြီဆိုရင် နီးစပ်ရာ ကျန်းမာရေးဌာနတွေနဲ့ ဆက်သွယ်ပြီး လိုအပ်တာ ဆောင်ရွက်ဖို့ပြောလိုပါတယ်။ အကောင်းဆုံးကတော့ အိမ်ထဲမှာ နေကြဖို့ရယ်၊ အာဟာရပြည့်အောင် စားဖို့ရယ်၊ အိပ်ရေးဝအောင် အိပ်ဖို့ရယ်၊ သင့်တင့်တဲ့ ကိုယ်လက်လှုပ်ရှားမှုလုပ်ဖို့နဲ့ အတတ်နိုင်ဆုံး အိမ်အပြင် မထွက်ဖို့ လိုပါတယ်။

**မေး။ ။ ပျဉ်းမနားမြို့နယ်မှာ ကာကွယ်ဆေး ထပ်မံထိုးနှံပေးဖို့ စီစဉ်ဆောင်ရွက်ထားရှိပါသလား။**

ဖြေ။ ။ ကျွန်တော်တို့မြို့နယ်မှာတော့ ကာကွယ်ဆေးထိုးဖို့ စီစဉ်ဆောင်ရွက်ထားတာ ရှိပါတယ်။ လာမယ့် ဩဂုတ်လ ၁ ရက်နေ့မှာ စတင်ထိုးနှံပေးသွားမှာဖြစ်ပြီးတော့ ပျဉ်းမနားမြို့ အထက (၃)မှာ ကာကွယ်ဆေးထိုးနှံရေးစင်တာ ဖွင့်လှစ်ထိုးနှံပေးဖို့ လျာထားတာရှိပါတယ်။ ကာကွယ်ဆေးထိုးနှံပေးမှာကတော့ အသက် ၆၅ နှစ်အထက် ပုဂ္ဂိုလ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ သာသနာ့ဝန်ထမ်းတွေနဲ့ အများပြည်သူနဲ့ ထိတွေ့ဆက်ဆံပြီး ဝန်ဆောင်မှုပေးရတဲ့ဝန်ထမ်းတွေ ဥပမာ ဘဏ်ဝန်ထမ်းတွေပေါ့။ အဲဒီသူတွေကို ကာကွယ်ဆေးထိုးနှံပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

**တွေ့ဆုံမေးမြန်း – ဇော်ဖြိုး(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၈**

ကိုဗစ်–၁၉ ရောဂါ ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့် ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။(ယာပုံ)



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀)သို့ အောက်ဆီဂျင်အိုး အလုံး ၅၀ ကို နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ သာပေါင်းမြို့၊ မအူပင်မြို့နှင့် ဓနုဖြူမြို့များရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး လီတာ ၄၀ဆံ့ ၉၉ လုံးတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး လီတာ ၄၀ ဆံ့ အိုးအလုံး၉၀ ကိုအနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီသို့ အောက်ဆီဂျင်အိုး အလုံး ၂၀ ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နှင့် နတ်တလင်းမြို့တို့ရှိ ပြည်သူ့ဆေးရုံများသို့ အောက်ဆီဂျင်အိုး ၆၅ လုံးတို့ကို တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လည်းကောင်း သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အသိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၂၈**

ကိုဗစ်–၁၉ ရောဂါတတိယလှိုင်း ဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုမှာ နေ့စဉ်မြင့်တက်လျက်ရှိသောကြောင့် ရောဂါကူးစက်မှုမခံရစေရေးအတွက် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့တို့၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အပြင်ထွက်တိုင်း Mask တပ်ရန်၊ လူစုလူဝေးများ ရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကို ဆပ်ပြာနှင့် မကြာခဏဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုသန့်စင်ခြင်းများ ပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်း မပြုလုပ်ရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျစွာလိုက်နာရန် အသိပေးနှိုးဆော်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**
မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်း ဇူလိုင် ၂၅ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများ ကျဆင်းလာမှုကြောင့် မြို့နယ်အချို့တွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိကာ အများပြည်သူ အသုံးပြုသော ကားလမ်းများနှင့် ကျေးရွာအဝင်များတွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများက လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် ကန်သာရာရပ်ကွက်မှ အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၇၆ ဦးကို အဆိုပါရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းသို့ လည်းကောင်း၊ သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ အတွင်းရှိ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၆) ရပ်ကွက်တို့မှ အိမ်ထောင်စုရှစ်စု၊ လူဦးရေ ၃၂ ဦးတို့ကို ကျေးရွာဓမ္မာရုံနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ (ဒူးရင်းဆိပ်)သို့ လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

ထို့ပြင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေး စခန်းများနှင့် ရေကျော်ဝင်ရောက်သည့်ရပ်ကွက်/ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဇူလိုင် ၂၇ ရက်နှင့် ယနေ့တို့တွင် အဆိုပါနေရာများသို့ သွားရောက်၍ ဆန်၊ ဆီ၊ ထမင်းဘူးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။



ထို့အပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေအမှတ်သို့ မြင့်တက်လာသဖြင့် တနင်္သာရီမြို့ အနိမ့်ပိုင်း ရပ်ကွက်ဖြစ်သည့် ချောင်းငယ်ရပ်ကွက်အတွင်းသို့ ရေဝင်ရောက်မှုကြောင့် အဆိုပါရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၂ စုကို ရေဘေးလွတ်ရာ ယာယီကယ်ဆယ်ရေး စခန်း ဖွင့်လှစ်ထားရှိသည့် တနင်္သာရီမြို့ သဘာဝဘိုးဘွားရိပ်သာကျောင်းသို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ တနင်္သာရီတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် ပြောင်းရွှေ့နေရာချထားပေးပြီး ဆန်၊ ဆီ၊ ပဲ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေ ကျဆင်းမှုများကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**
ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သံတွဲ၊ ဘူးသီးတောင်၊မောင်တောမြို့နယ်များအတွင်း ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေး လုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရေများပြန်လည်ကျဆင်းသွားသဖြင့် အဆိုပါမြို့နယ်အသီးသီး၌ ရေကြီးနစ်မြုပ်ခဲ့သည့် ဆေးရုံများ၊ လမ်းများ၊ ရုံးအဆောက်အအုံများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများတွင် တင်ကျန်ရစ်သည့် ရွှံ့နွံများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ လူနာများ ရွှေ့ပြောင်းပေးခြင်း၊ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ရေဘေးသင့်ပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။



ထို့အပြင် သံတွဲမြို့ ခါးသွေးကျောက်ရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများကို ဇူလိုင် ၂၇ ရက်တွင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက စစ်တပ်ရော်ဘာလှေ နှစ်စင်းဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယနေ့တွင် ရေများပြန်လည် ကျဆင်းသွားသဖြင့် သံတွဲမြို့အဝင် ဂွ-သံတွဲ ကားလမ်းပေါ်၌ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ လမ်းချော်မှုဖြစ်ပွားခဲ့သည့် ရန်ကုန်- သံတွဲ ပြေးဆွဲလျက်ရှိသည့် ရိုးမသစ္စာကုန်တင်ယာဉ်မှ ကုန်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းပေးခြင်း(ဝဲပုံ)နှင့် ယာဉ်ကြော ရှင်းလင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအလွန်ကောင်း

**နေပြည်တော် ဇူလိုင် ၂၈**
ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်ကမ်းခြေနှင့် အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေအနီးတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားဒေ့ရှ်ကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။ **မိုး/ဇလ**


## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးကြီးမည့် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၈**
ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်




နေပြည်တော် ဇူလိုင် ၂၈

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူး၍ ဇူလိုင် ၂၅ ရက်က မကွေးမြို့ ကမ်းနားလမ်း ညောင်ကိုးပင်ဆိပ်၌ နှစ်လက်မ အရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်ကောင်ရေ ငါးသိန်း မျိုးစိုက်ထည့်ရာ တိုင်းဒေသကြီး ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ် ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ တိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁)ဗိုလ်မှူးကြီး ကျော်ကျော် လင်း ကြည့်ရှုအားပေး၍ ငါးမျိုး စိုက်ထည့်ပေးသည်။

တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ငါးသယံဇာတ ထိန်းသိမ်းခြင်းကို စဉ်ဆက်မပြတ် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးမျိုးပြုန်းတီးမှု မဖြစ်စေရန်၊ သဘာဝရေပြင်တွင် ငါးမျိုးများ စဉ်ဆက်မပြတ် တည်ရှိစေရန်၊ ငါးထုတ်လုပ်မှု တိုးတက်လာစေ ရန်နှင့် ဒေသခံပြည်သူများ အလုပ် အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိ စေရန်အတွက် ဒေသနှင့်ကိုက်ညီ သည့် ငါးမျိုးများကို တိုင်းဒေသ ကြီးအတွင်း ခရိုင်၊ မြို့နယ်များရှိ ဧရာဝတီမြစ်ချောင်းနှင့် ဆည် တမံများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဧရာဝတီမြစ်၊ ချောင်းနှင့် ဆည် တမံများအတွင်းသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန် ချက်များနှင့်အညီ မကွေးတိုင်း ဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂၂ သိန်း အား မျိုးစိုက်ထည့်ရန် လျာထား ဆောင်ရွက်လျက်ရှိသည်။

ငါးမျိုး စိုက်ထည့်ခြင်းကို မကွေးတိုင်းဒေသကြီး ငါးမျိုးစိုက် ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များ၊ မကွေးတိုင်း ဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ် စခန်း ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ စုပေါင်းဆောင်ရွက် ခြင်းဖြစ်ပြီး အဆိုပါ ငါးသား ပေါက်များကို ပွင့်ဖြူငါးလုပ်ငန်း စခန်းမှ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း ငါးသောင်း၊ ထိုင်း ငါးခုံးမကြီး နှစ်သိန်းငါးသောင်း၊ တောင်တွင်းကြီးငါးလုပ်ငန်းစခန်း မှ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း တစ်သိန်း၊ ထိုင်းငါးခုံးမကြီး တစ်သိန်း စုစုပေါင်းငါးသားပေါက် ကောင်ရေ ငါးသိန်းကို ဧရာဝတီ မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့် ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၇ - ၂၀၂၁

| ရွှေ | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၇-၂၀၂၁ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** လေ့လာစရာစုံလင် အမိမြန်မာပြည်တစ်ခွင်
**၀၉:၁၀** NHK Program 'အက်တစ်ဇယားကိုလေ့လာခြင်း'
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၀** ပြည်သူ့နီတိ 'ဝေတနာ'
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဇီဝဗေဒဘာသာရပ်'
**၁၆:၃၅** မျက်မှောက်ရေးရာအပြာပြာ
**၁၇:၀၅** Soccer View
**၁၇:၃၅** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၃၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၄၅** ရုပ်မြင်သံကြားဇာတ်လမ်း 'အဏ္ဏဝါအလှ ထာဝရတည်ဝေ' (အပိုင်း-၂)

**mitv**

**07:01** News
**07:27** Mahavihara: From Forest Monastery to Dhamma-Vinnya University (Part-1)
**08:01** Come Beat Eggs For Fun & Reward
**08:23** Five Sets of Drum Orchestra
**09:01** LMS BOWL
**09:20** Strolling Along A Memory Link - U Pein Bridge
**09:39** Products of Myanmar - Shin Ma Taung Thanakhar
**09:55** The Art of Making Paper Toys
**10:31** Chinlone and the dreams of the player
**10:46** Tray Art Products
**10:56** Golden Mandalay Hill
**11:11** Equestrian Contest on Pa-O Land
**11:22** Gardener of Royal Thazin Floral

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဂွမ်ဝင်ဆန်တဲ့အချစ်(အပိုင်း-၄)(ဇာတ်သိမ်းပိုင်း)
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
လျှာလည်သွားစေမည့်ခရုသုပ်
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန်မှူတောင်
**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
တစေးပြုလုပ်ခြင်း
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မုပ္ပန်အိုးလုပ်ငန်း
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၂)
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁၁)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လှုပ်ကိုတို့သွားရာလမ်း'
**၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# နတ်မောက်မှာရှိတဲ့ ပရဟိတအဖွဲ့တွေ၊ အောက်ဆီဂျင်အသင်းတွေက မကွေး၊ ကျောက်ပန်းတောင်း၊ မန္တလေး၊ ပြည်အထိ သွားရောက်ပြီး အောက်ဆီဂျင် ဖြည့်တင်းရရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်

**မကွေးခရိုင် နတ်မောက်မြို့နယ်၌ ဆောင်ရွက်နေသော ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ချင်းနှင့် ဇူလိုင်လ ၂၇ ရက်နေ့က တွေ့ဆုံမေးမြန်းထားပါသည်။**



မေး။ ။ ကိုဗစ်- ၁၉ ရောဂါဖြစ်လာရင် ဘယ်လို နေထိုင်စားသောက်သင့်ပါသလဲ။

ဖြေ။ ။ အဓိကကတော့ ဗိုင်းရပ်စ်ပိုးဖြစ်တဲ့ အတွက် ကိုယ်ခံအားစနစ်ကောင်းအောင်ပဲ နေထိုင်စားသောက်ရမှာဖြစ်ပါတယ်။ ပြီးတော့ ရေဓာတ်များများဝင်ဖို့လိုပါတယ်။ ကိုဗစ်ရောဂါလူနာတွေက ကိုဗစ်နဲ့အာဟာရမှာ တစ်နေ့ကို ရေ သုံးလီတာလောက် သောက်သင့်ပါတယ်လို့ဆိုပြီး အကြံပြုထားတာရှိပါတယ်။ ရေဓာတ်ဝင်ရမယ်၊ ပရိုတင်းနဲ့ ကယ်လိုရီကို သင့်တင့်မျှတအောင် စားရမယ်။ ကိုဗစ်လူနာက ချွေးထွက်များတဲ့အတွက်ကြောင့် ဆီးချို ၊ သွေးတိုး ရောဂါတွေမရှိဘူးဆိုရင် ဓာတ်ဆားရေသောက်ဖို့ အကြံပြုချင်ပါတယ်။

မေး။ ။ ဆေးရုံမှာ လက်ရှိဆောင်ရွက်ပေးနေမှု အခြေအနေကိုလည်း သိချင်ပါတယ်။

ဖြေ ။ ။ Positive လူနာတွေထဲက အောက်ဆီဂျင်လိုတဲ့ လူနာနဲ့ နည်းနည်းစိုးရိမ်ရတဲ့ ရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုတွေကို ဆေးရုံ Isolation Ward မှာ ထားပါတယ်။ အောက်ဆီဂျင်လိုအပ်ရင် အောက်ဆီဂျင်ပိုက်လိုင်းတွေနဲ့ စနစ်တကျသွယ်ထားပြီး အောက်ဆီဂျင်ပေးနေပါတယ်။ ကျွန်တော်တို့ဆေးရုံ Isolation Ward ထဲမှာ စိုးရိမ်ရတဲ့လူနာတွေ၊ အောက်ဆီဂျင်ကျနေတဲ့ လူနာတွေ၊ သက်ကြီးရွယ်အိုတွေကို ဆေးထိုးပေးတာတွေ၊ လိုအပ်တဲ့ သောက်ဆေးပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ ကျန်တဲ့ Positive လူနာတွေထဲက ကျန်းမာရေးကောင်းတဲ့ လူနာတွေအတွက်ကတော့ Positive Center သုံးခုမှာ ထားပါတယ်။

မေး။ ။ ကိုဗစ်-၁၉ ရောဂါ သံသယလူနာတွေကို ရောဂါရှိ/မရှိ ဘယ်လိုစစ်ဆေးပေးနေပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ တကယ်လို့ ကိုဗစ်ရောဂါလက္ခဏာ သံသယရှိပြီး၊ မိမိဘာသာ ခံစားနေရပြီလို့သိရင် မြို့နယ်ဆေးရုံအဝင်ဝဘေး နားနေဆောင်မှာ နေ့စဉ် နံနက် ၁၀ နာရီကျော်မှာ စာရင်းကောက်ယူပြီး နံနက် ၁၁ နာရီခွဲကစပြီး နေ့လယ် ၂ နာရီ အထိ စစ်ဆေးပေးနေပါတယ်။

မေး။ ။ ရောဂါလက္ခဏာတွေ့ရင် ဘယ်လို ဆက်သွယ်ဆောင်ရွက်ရပါမလဲ။

ဖြေ။ ။ ဘယ်လိုဆက်သွယ်ရမလဲဆိုရင် Call Center မှာပြည်သူ့ကျန်းမာရေးဦးစီးဌာနက သူနာပြုဆရာမကြီးရဲ့ ဖုန်းနံပါတ် ၀၉-၄၀၁၅၈၁၅၈၇ ကို ဆက်သွယ်မေးမြန်းလို့ ရပါတယ်။ ဘယ်အချိန်မှာ စစ်ရမလဲ ၊ ဘယ်လိုစစ်ရမလဲဆိုတာ ဆက်သွယ်မေးမြန်းလို့ ရပါတယ်။ ကျွန်တော်တို့ နေ့စဉ်လည်း စစ်ပေးနေပါတယ်။ အခုလောလောဆယ် စစ်ပေးနိုင်တာက ရောဂါပိုးတွေ့သူနဲ့ ထိစပ်မိသူ၊ ရောဂါလက္ခဏာ ခံစားနေရသူတွေကို ဦးစားပေးပြီး စစ်ပေးနေပါတယ်။

မေး။ ။ ရောဂါပိုးတွေ့ရှိသူများလာတဲ့အပေါ် ဆေးရုံကြီးမှာထားဖို့ အခက်အခဲရှိလာရင် ဘယ်လိုများ စီမံဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ Positive Center သုံးခု ဖွင့်ထားပါတယ်။ မြို့နယ်ဗိုလ်တေဇ အားကစားကွင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးမှူးရုံး၊ ပြည်သူ့ခန်းမဆိုပြီး ဖွင့်ထားပါတယ်။ ဆေးရုံအပါအဝင်ဆို Positive Center လေးခုရှိပါတယ်။ အဲဒီမှာ Quarantine ထားရှိပါတယ်။

မေး။ ။ လူနာတွေအတွက် အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ဘယ်လို စီစဉ်ဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့ နတ်မောက်မှာရှိတဲ့ ပရဟိတအဖွဲ့တွေ၊ အောက်ဆီဂျင်အသင်းတွေက မကွေး၊ ကျောက်ပန်းတောင်း၊ မန္တလေး၊ ပြည်အထိ သွားရောက်ပြီး အောက်ဆီဂျင် ဖြည့်တင်းရရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဇူလိုင်လ ၂၅ ရက်နေ့ ကစပြီး မကွေးက ကမ္ဘာကျော် အောက်ဆီဂျင်စက်ရုံကနေ နတ်မောက်မြို့နယ် ဆေးရုံအတွက် တစ်ရက်ကို လီတာ ၄၀ အောက်ဆီဂျင် ၁၀ လုံးဝယ်ယူခွင့်ပြု ထားပါတယ်။ အဲဒါကိုလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့ အဆင့်ဆင့် စီမံဆောင်ရွက်မှုနဲ့ ကျွန်တော်တို့မြို့နယ်အတွက် ခွဲတမ်းရတာပါ။ ဒါဟာ ကျွန်တော်တို့အတွက် တော်တော်ကံကောင်းတယ်လို့ ပြောရမှာပါပဲ။

မေး။ ။ ကာကွယ်ဆေးထိုးဖို့ ကျန်ရှိနေသေးတဲ့ သူတွေကို ထိုးနှံနိုင်ဖို့အတွက် ဘယ်လို စီစဉ်ဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့ဆီမှာ ကာကွယ်ဆေးအလုံးရေ ၃၀၀ ရှိပါတယ်။ လမ်းညွှန်ချက်ထဲမှာတော့ ပထမဦးစားပေးက ပညာရေးဝန်ထမ်း၊ ဒုတိယ ကျန်းမာရေးဝန်ထမ်း၊ နောက်ပြီးတော့ ကိုဗစ်ရောဂါကာကွယ်ရေးအတွက် ရှေ့တန်းကတာဝန်ယူဆောင်ရွက်နေတဲ့ ပရဟိတအသင်းတွေကို ထိုးပေးပါမယ်။ ကာကွယ်ဆေးလည်း နောက်ထပ် ထပ်ရောက်ပါမယ်။ ရောက်လာတဲ့အခါ အချိန်နှင့် တစ်ပြေးညီ ကြေညာပြီး ထိုးပေးဖို့ စီစဉ်နေပါတယ်။

မေး။ ။ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားအောင် ဆောင်ရန်၊ ရှောင်ရန်တွေအပြင် အခြား ဖြည့်စွက်ပြောချင်တာရှိရင် ပြောကြားပေးပါ။

ဖြေ။ ။ နတ်မောက်မြို့နယ်ဟာ အခုဆိုလို့ရှိရင် Stay at Home မြို့နယ်ဖြစ်သွားပြီ။ Positive ဦးရေလည်း အတော်များသွားပြီ။ သေဆုံးမှုတွေလည်း ရှိလာပြီ ။ ဒါကြောင့် စည်းမျဉ်း၊ စည်းကမ်းတွေ ထုတ်ပြန်ထားတာ ရှိပါတယ်။ အဓိကပြောချင်တာက ကိုဗစ်ရောဂါဟာ ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းလုပ်နေလို့ မရပါဘူး။ ကျန်တဲ့ ဝန်ကြီးဌာနတွေအပြင် အဓိက ကတော့ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက အလွန်ကို အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ပြည်သူတွေအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းများကို စနစ်တကျ လိုက်နာခြင်းဖြင့် ကိုဗစ် – ၁၉ ရောဂါ ဘေးကနေပြီးတော့ အမြန်ဆုံးကင်းလွတ်မြောက်မှာ ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။ ။

**ဥမ္မာခင် (ပြန်/ဆက်)**

**✳ ကိုဗစ်ရောဂါဟာ ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းလုပ်နေလို့ မရပါဘူး။ ကျန်တဲ့ ဝန်ကြီးဌာနတွေအပြင် အဓိက ကတော့ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက အလွန်ကိုအရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ပြည်သူတွေအနေနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းများကို စနစ်တကျ လိုက်နာခြင်းဖြင့် ကိုဗစ် - ၁၉ ရောဂါ ဘေးကနေပြီးတော့ အမြန်ဆုံးကင်းလွတ်မြောက်မှာ ဖြစ်ပါတယ်**

## မြိတ်ပြည်သူ့ဆေးရုံ၌ Oxygen Plant စက် ဩဂုတ်လတွင် တပ်ဆင်မည်

**မြိတ် ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ဝေဒနာရှင်များ အသုံးပြုရန်အတွက် Oxygen Plant စက်ကို မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီက တရုတ်နိုင်ငံမှ မှာယူထားရှိပြီး ဩဂုတ်လအတွင်း မြိတ်မြို့သို့ ရောက်ရှိလာမည်ဖြစ်ကာ ပြည်သူ့ဆေးရုံတွင် တပ်ဆင် အသုံးပြုမည်ဖြစ်သည်။

“ Oxygen Plant က ပြည်သူ့ဆေးရုံမှာထားမယ်။ တရုတ်နိုင်ငံက မှာယူထားရှိပြီးပြီ။ တစ်လခန့် ကြာပါမယ်။ ဒီစက်က Container Type ဆိုတော့ ရောက်လာရင် မီးစက်နဲ့ ချိတ်ဆက်ပြီး အသုံးပြုနိုင်ပါတယ်။ အောက်ဆီဂျင်ထည့်မယ့် အိုး တွေလည်း တစ်ခါတည်းမှာထားတယ်။ ဒီစက်က ကော်မတီကို ကိုဗစ်ကာကွယ်ဆေးအတွက် လှူထားတဲ့ ရန်ပုံငွေထဲမှ ဝယ်ယူတာဖြစ်ပါတယ်” ဟု မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဒေါ်တင်တင်ထွေးက ပြောသည်။

**လှူဒါန်း**

အဆိုပါစက်သည် တစ်နေ့လျှင် အောက်ဆီဂျင်အိုး ၁၀၀ ခန့် ထုတ်ပေးနိုင်ကြောင်း၊ မြိတ်မြို့ ပြည်သူ့ဆေးရုံတွင် လက်ရှိအချိန်၌ အောက်ဆီဂျင်သုံးစွဲမှု အနေဖြင့် ဂန္ဓမာအောက်ဆီဂျင်စက်ရုံမှ အလုံး ၅၀ လှူဒါန်းပေးနေပြီး အလှူရှင်များနှင့် ကော်မတီမှ အလုံး ၁၀၀ မှ ၁၅၀ အထိ အောက်ဆီဂျင်အသုံးပြုလိုသူများအတွက် လှူဒါန်းပေးနေကြောင်း သိရသည်။

**ကုသပေး**

မြိတ်မြို့တွင် ကိုဗစ်-၁၉ ပိုးတွေ့ရှိသူများ များပြားလျက်ရှိနေပြီး ကိုဗစ်လူနာများကို မြိတ်ပြည်သူ့ဆေးရုံ သီးခြားလူနာဆောင်၊ မိခင်နှင့်ကလေးကုသဆောင် (ကန်ခေါင်ဆေးရုံ)နှင့် သံဃာ့ဆေးရုံတို့တွင် ကျန်းမာရေးစောင့်ရှောက်ဆေး ကုသပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## မြင်းခြံတက္ကသိုလ်၌ ကိုဗစ်စင်တာဖွင့်

**မြင်းခြံ ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ကိုဗစ်- ၁၉ တတိယအကျော့ ဒေသတွင်းကူးစက်မှုကြောင့် ကိုဗစ်စင်တာများတိုးချဲ့နေရကြောင်း မြင်းခြံဒေသခံများထံမှ သိရသည်။

ဇူလိုင် ၂၅ ရက်က မြင်းခြံခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင်ကြီးကြပ်၍ မြင်းခြံမီးသတ်ဦးစီးမှူး ဦးအောင်ကိုသန့် ဦးဆောင်သော ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များက ကိုဗစ်ရောဂါအတွက် ထပ်မံဖွင့်လှစ်မည့် မြင်းခြံတက္ကသိုလ် ကိုဗစ်စင်တာအတွက် စာသင်ခုံများ နေရာချ ထား သန့်ရှင်းရေးဆောင်ရွက်ကြသည်။

မြင်းခြံတွင်ကိုဗစ်စင်တာများကို မြင်းခြံဆေးရုံ ၊ မြင်းခြံ စက်မှုလက်မှုကျောင်းနှင့် မြင်းခြံတက္ကသိုလ်တို့တွင် ဖွင့်လှစ် ကုသပေးနေရကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# မြို့နယ်အချို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အသိပေးနှိုးဆော်

## မာန်အောင်

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးတို့အတွက်ပြည်သူများ သိရှိနိုင်ရန် အသိပေးနှိုးဆော်ခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဇူလိုင် ၂၇ ရက်က မြို့ပေါ် ရပ်ကွက်များ၌ အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန် မိမိနေအိမ်တွင်သာ နေထိုင်ရန်၊ မဖြစ်မနေအိမ်ပြင် ထွက်ခွာပါက ပါးစပ်၊ နှာခေါင်းစည်းနှင့် မျက်နှာအကာတို့ကို စနစ်တကျ တပ်ဆင်သွားလာရန်၊ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်မှု မရှိသူများနှင့် တွေ့ဆုံခြင်း မလုပ်ရန်၊ ပါးစပ်၊ နှာခေါင်းစည်းများကို အသုံးပြုပြီးပါက စနစ်တကျစွန့်ပစ်ရန်၊ လေဝင်လေထွက်မကောင်းသော အခန်းများကို ရှောင်ရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှာ နေထိုင်ရန်၊ လက်ကို ဆေးကြောခြင်းမပြုမီ ပါးစပ်၊ နှာခေါင်းနှင့် မျက်စိတို့ကို ထိတွေ့ခြင်း မပြုလုပ်ရန်၊ ရောဂါပိုးကူးစက်ခံရသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ဆက်သွယ်၍ လာရောက်စစ်ဆေးကုသမှု ခံယူရန် အသိပေးနှိုးဆော်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကွမ်းလုံ

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ်တွင် မြို့ပေါ် ရပ်ကွက်များ အတွင်း ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေး ပြည်သူများအား အသိပေးနှိုးဆော်ခြင်းကို ဇူလိုင် ၂၆ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကွမ်းလုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် နေအိမ်မှ ပြင်ပထွက်ခွာပါက ပါးစပ်၊ နှာခေါင်းစည်းများ တပ်ဆင်ရန်၊ မလိုအပ်ဘဲ ပြင်ပထွက်ခွာခြင်းမပြုရန်၊ လူစုလူဝေးနေရာများ ရှောင်ရှားရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ နေထိုင်ရန်၊ ပါးစပ်၊ နှာခေါင်းစည်း မတပ်ဆင်သူများနှင့် တွေ့ဆုံစကားပြောခြင်းမှရှောင်ကြဉ်ရန်၊ တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ ဈေးဝယ်ရန်နှင့် မိမိတို့၌ ရောဂါကူးစက်ခံရသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ဆက်သွယ်၍ စစ်ဆေးကုသမှုခံယူရန် အသိပေးနှိုးဆော်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တုံတာ

ရှမ်းပြည်နယ်အရှေ့ပိုင်း တုံတာမြို့တွင် ဇူလိုင် ၂၆ ရက်က ဌာနဆိုင်ရာ အဖွဲ့အစည်းများက မြို့ပေါ်ရပ်ကွက်များအတွင်း အသိပညာပေးနှိုးဆော်ခြင်းကို ပူးပေါင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ နယ်မြေမီးသတ်စခန်းနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ပြည်သူများအနေဖြင့် မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာခြင်းမပြုရန်၊ နေအိမ်ပြင်ပသို့ထွက်ခွာပါက ပါးစပ်၊ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်သွားလာရန်၊ ရောဂါပိုးကူးစက်ခံရသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ဆက်သွယ်၍ စစ်ဆေးကုသမှု ခံယူရန် စသည့်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာအချက်များကို စနစ်တကျလိုက်နာရန် ရှမ်းဘာသာ၊ အာခါဘာသာတို့ဖြင့် အသိပေးနှိုးဆော် ကြောင်း သိရသည်။

**လှိုင်လှိုင်ငြိမ်း**

## မိုင်းယောင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စခန်းမှူး ဒုတိယရဲမှူး ရဲဝင်းနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသက်ခိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ရောဂါကူးစက် ပြန့်ပွား မှုကို လျော့နည်းစေပြီး ထိရောက်စွာ ကုသထိန်းချုပ်နိုင်ရန် ရှမ်း၊ မြန်မာ ဘာသာများဖြင့် ဇူလိုင် ၂၈ ရက်က ရပ်ကွက်နှင့် ကျေးရွာများသို့ အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ကိုးသောင်းကျော် ထိုးနှံပေးမည်

**မော်လမြိုင် ဇူလိုင် ၂၈**

မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့်ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် ဇူလိုင် ၂၆ ရက်က ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အောင်ဆန်းခန်းမ၌ ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် မကြာမီရောက်ရှိလာမည်ဖြစ်ကြောင်း၊ ထို့အတွက် ချမှတ်ထားသည့် Standard Operation Procedure (SOP) ၁၂ ချက်နှင့်အညီ သက်ဆိုင်ရာမြို့နယ်များ အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေး လူဦးရေစာရင်းများ ကောက်ယူထားရန်၊ ကာကွယ်ဆေးထိုးမည့် နေရာများကို ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများအတွက် အဘက်ဘက်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ Standard Operation Procedure (SOP) ၁၂ ချက်နှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ပြည်နယ်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ကိုးသောင်းကျော် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အောင်မြေသာစံမြို့နယ်အတွင်း အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ကာကွယ်ဆေးထိုးနှံပေး

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၉ ရပ်ကွက်မှ အသက် ၆၅ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းကို ဇူလိုင် ၂၇ ရက်က ပြည်ကြီးကျက်သရေ အနောက် ရွှေကျီးနား ဓမ္မာရုံ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ကျန်းမာရေးဌာန သူနာပြု ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ပြည်ကြီးကျက်သရေအနောက် ပြည်ကြီးကျက်သရေအရှေ့၊ သီရိမာလာအရှေ့၊ သီရိမာလာအနောက်၊ ပုလဲငွေရောင်ရပ်ကွက်များမှ အသက် ၆၅ နှစ်နှင့်အထက် တစ်ရပ်ကွက် ကို ၁၀ ဦး စုစုပေါင်း ၅၀ အား ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်(၅) မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

အလားတူ အမရာဌာနီအရှေ့ရပ်ကွက် ဒေါ်ဖီဓမ္မာရုံ၊ ပြည်ကြီးရန်လုံ ရပ်ကွက်၊ ကိုးခန်းကြီးဓမ္မာရုံ၊ ဒေါနဘွားရပ်ကွက်မုန်တိုင်း ဓမ္မာရုံတို့၌ တစ်နေ့လျှင် ၅၀ ဖြင့် ဇူလိုင် ၂၅ ရက်မှစ၍ ထိုးပေးလျက် ရှိသည်။ ရပ်ကွက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်ဦးတစ်ယောက်မျှ ကျန်ရစ်မှုမရှိအောင် ထိုးနှံပေးမည်ဟု သိရသည်။



ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိအကြိမ်ကို ဩဂုတ်ပထမပတ်နှင့်ဒုတိယပတ်တို့တွင် သတ်မှတ်နေရာများ၌ ထိုးပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ထွဏ်းလှအောင်**
**(မန္တလေး)**

# ဓမ္မနဒီဆရာတော် ဘဒ္ဒန္တဓမ္မသာမိက လှူဒါန်းသော အောက်ဆီဂျင်အိုးများ ဝန်းသိုမြို့သို့ရောက်ရှိ

**ဝန်းသို ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုပိုးတွေ့ လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို အထောက် အကူပြုစေရန်အတွက် ဓမ္မနဒီဆရာတော် ဘဒ္ဒန္တဓမ္မသာမိ(ဂျိုးတောင်) က လှူဒါန်းသော မြို့နယ်ပြည်သူ့ဆေးရုံအတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၂၅ လုံး၊ ဂျိုးတောင် တိုက်နယ်ဆေးရုံအတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၂၀ စုစုပေါင်း အောက်ဆီဂျင် အိုး ၄၅ လုံးသည် ဇူလိုင် ၂၇ ရက်က ဝန်းသိုမြို့ သို့ ရောက်ရှိသည်။

ထို့အပြင် ဝန်းသိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများအား ကုသရေးလုပ်ငန်း များ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို အထောက်အကူပြုစေရေး အောက်ဆီဂျင် စက်ရုံတည်ဆောက်နိုင်ရန် အတွက် ဓမ္မနဒီဆရာတော် ဘဒ္ဒန္တဓမ္မသာမိ (ဂျိုးတောင်) က ငွေကျပ်သိန်း ၅၀၀ မတည် လှူဒါန်းထားရှိပြီး လက်ရှိအချိန်တွင် အလှူငွေကျပ်သိန်း ၇၀၀ ကျော်ရရှိနေပြီဖြစ်ကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**ကျော်မြိုင်**

# စိတ်မချဘူး

သိုက်စိုးထွန်း(နတ်ရွာ)

**သားလေးကို မူကြိုပို့တုန်းကပေါ့။ လေးနှစ်အရွယ်သားလေးတစ်ယောက်ကို ကျောင်းပို့ဖို့အတွက် နှစ်ဦးသား ပြင်ကြဆင်ကြရတာများ ဖတ်ဖတ်ကို မောနေကြရတယ်ဆိုရင် ယုံကြပါ့မလားမသိဘူး။ လွယ်အိတ်ထဲကို ဘာထည့်ပြီးပြီလဲ။ စာအုပ်လေးတွေ ပါရဲ့လား။ “အို၊ မူကြိုတန်းက စာမှမသင်သေးတာ၊ ဘာစာအုပ်များယူစရာလိုလို့လဲ”လို့မေးတော့ “သူများတွေ အရောင်ခြယ်ရင် သူလည်းခြယ်လို့ရအောင်၊ တခြားကလေးတွေ ဟိုခြစ်ဒီခြစ် ခြစ်တာမြင်ရင် သူလည်းလိုက်ခြစ်လို့ ရေးလို့ရအောင်”တဲ့။ သူ့အမေကတော့ သားအတွက် လိုလေသေးမရှိအောင် ပြင်ဆင်ပေးနေပြန်တယ်။**

လွယ်အိတ်ထဲမှာ ကာတွန်းပုံတွေပါတဲ့စာအုပ်လေးတစ်အုပ်ရယ်၊ ဟိုရေးဒီရေးလုပ်လို့ရတဲ့ ဗလာစာအုပ်လေး တစ်အုပ်ရယ်၊ ရေးစရာခြစ်စရာ ခဲတံရောင်စုံလေးတွေအပြင် သားကဗိုက်အလွန်ဆာတတ်တယ်ဆိုပြီးတော့ သားကြိုက်တတ်တဲ့ မုန့်ထုပ်ကလေးတွေပါ ထည့်ပေးရပြန်ရော။ “သားရေ၊ ဟိုကျတော့ ဗိုက်ဆာရင်စားရအောင် ထည့်ပေးထားတယ်နော်၊ ဒီနားမှာ သိလား။ ဒါကအမွှေးစိန်၊ ဒါက ဂျယ်လီ”လို့ပြတော့ သားလေးက ခေါင်းညိတ်တယ်။

“စုံပြီလား၊ ကြည့်ဦး။ ဟာ၊ မဖြစ်သေးပါဘူး။ ရေဘူးဘယ်မလဲ၊ ရေဘူး။ သြော်၊ မေ့နေလိုက်တာ။ ဒီလောက် အရေးကြီးတဲ့ရေဘူးကို မေ့နေကြတယ်။ ကြည့်စမ်း။ အချိန်မီသတိရလိုက်လို့ တော်သေးတယ်။ ရေအမြန်ဖြည့်စမ်း။ သားကအေးတဲ့ရေမှ ကြိုက်တာ။ အေးတာလေး ဖြည့်လိုက်”

**လိမ္မာလိုက်တဲ့ကလေး**

“ဒီမယ်သားသား၊ ဒါရေဘူး။ ရေဆာရင် အပေါ်ကအဖုံးလေးကိုဆွဲဖွင့်၊ ဒီပိုက်လေးကို ဒီဘက်အထိ လှန်လိုက်။ ဒီနောက်အထိဆွဲလှန်နော်။ ဒါမှသောက်လို့ရတာ။ ဒီထိပ်လေးကနေသောက်။ လုပ်တတ်ရဲ့လား၊ လုပ်ကြည့်စမ်း” ဆိုတော့ “ဟုတ်ကဲ့ဂျ”တဲ့။ သြော်၊ လိမ္မာလိုက်တဲ့ကလေး။ ကြည့်စမ်း၊ တစ်ခါတည်းကို လိုက်လုပ်ကြည့်တယ်။ ဟုတ်ပ့ါ။ မေ့နေလိုက်တာ။ သားကျောင်းသွားရင် ယူသွားဖို့ဆိုပြီး ရေဘူးလေးဝယ်ထားပေမယ့် ဘယ်လိုသောက်ရမယ်ဆိုတာ သူ့ကိုသင်မထားမိခဲ့ဘူး။

“ဟော့၊ လုပ်ပါဦး။ ဘာလိုသေးတုန်း၊ စဉ်းစားစမ်းပါဦး”လို့မေးတော့ “ကုပ်ကား၊ ကုပ်ကား”တဲ့၊ သားသားက အော်ပြောတယ်။ “ကျောင်းကို ကစားစရာတွေယူသွားလို့ဖြစ်ပ့ါမလား သားသားရ”လို့ ပြောလိုက်တော့ “တားတားက ကုပ်ကားယူချင်တာပါ ချို”တဲ့။ အင်းလေ၊ သူဒီလောက်တောင်ယူချင်နေမှတော့ ထည့်ပေးလိုက်ရုံပေ့ါ။ ဟိုကျမှ သူ့ဆရာမက ပြန်ယူသွားခိုင်းရင်လည်း ချော့မော့ပြီးမှ ပြန်ယူခဲ့လိုက်ရုံရှိတာပေ့ါ။ သူအမြဲကစားနေကျ ပလတ်စတစ် ဘက်ဟိုးရုပ်သေးသေးလေး ထည့်ပေးလိုက်ရတယ်။ “ကိုင်း၊ သွားမယ်၊ သွားမယ်၊ အမြန်လာ၊ ကိုးနာရီကျော်နေပြီ။ ကျောင်းက ကိုးနာရီခွဲဆိုရင်တက်မှာ”

ကျောင်းရောက်တော့ ကိုယ့်လိုပဲ တခြားကလေးတွေကလည်း မိဘတွေကိုယ်စီနဲ့ ကျောင်းထဲမှာ အများကြီး ရောက်နေကြပြီ။ တခြားအတန်းက ကလေးတွေကတော့ သူတို့ဘာသာ လွယ်အိတ်ကလေးကိုယ်စီနဲ့ ဝင်ကြထွက်ကြလုပ်နေကြပေမယ့် မူကြိုတန်းကလေးလေးတွေ၊ ကေဂျီတန်းကလေးလေးတွေကျတော့ မိဘတွေပါလိုက်လာကြတာတွေ့ရတယ်။

သားတို့နေရမယ့်အခန်းက ဘယ်မှာပါလိမ့်လို့ စုံစမ်းကြည့်လိုက်တော့ မိဘအချင်းချင်းသိတဲ့သူက ပြတယ်။ ကြည့်လိုက်တော့ သစ်သားခုံပုပုလေးတွေစီထားတဲ့အခန်းလေးက သားသားနေရမယ့် အခန်းဆိုပါလား။ ကော်ဇော တိုတိုလေး တစ်ချပ်လည်း ခင်းထားတယ်။ စက္ကူရုပ်ရောင်စုံလေးတွေလည်း အများကြီးချိတ်ထားတယ်။ နံရံမှာလည်း ပြည့်လို့။ ကလေးတွေနေချင်အောင် လုပ်ပေးထားတာ။ ထိုင်စရာကတော့ အဆင်ပြေသလို ကြည့်ကျက် ထိုင်ကြရုံပေါ့လေ။ ပြီးပြည့်စုံတဲ့ စာသင်ခန်းလေးတစ်ခု မဟုတ်ပေမယ့် ကလေးတွေအတွက်တော့ အတတ်နိုင်ဆုံး အဆင်ပြေအောင် လုပ်ပေးထားတယ်လို့ ပြောရမှာပါ။ ကစားစရာ အရုပ်ကလေးတွေ ရှိတာကိုက သူတို့အတွက် မျက်စိကျစရာဖြစ်နေပြီ။

ကျောင်းကမတက်သေးတော့ မိဘတွေပါ ကလေးတွေနဲ့အတူ ရောထိုင်နေကြတယ်။ တချို့ကလေးတွေက မုန့်စားနေကြတယ်။ တချို့ကလေးတွေက ကားရုပ်လေးတွေတွန်းဆော့နေကြတယ်။ ကလေးတစ်ယောက်ကတော့ ပြဲပြဲလန်အောင်အော်ဟစ်ပြီး ငိုနေတယ်။ “ကျောင်းလိုက်ဖူး၊ ကျောင်းလိုက်ဖူး”လို့ လည်း အော်နေတယ်။ ဒါကို သူ့အဖေက ကျားစီး ဖားစီးနဲ့ ကလေးကို တွန်းလားဆွဲလား လုပ်နေတယ်။ “အသံမထွက်နဲ့၊ တိတ်စမ်း။ ဘာတုန်းမင်းက။ ကျောင်းလေးလိုက်ရတာကိုများ သေသွားမှာမို့လား။ အခု တိတ်ဆိုတိတ်၊ ချက်ချင်းတိတ်”။ ကလေးက အသံလေးတိမ်ဝင်သွားတယ်။ တရှုံ့ရှုံ့နဲ့တော့ ငိုနေသေးတယ်။ “ဒီမယ်၊ မြင်ရဲ့လား၊ မြင်ရဲ့လား”ဆိုပြီး တော့ ရိုက်မယ့်နှက်မယ့်ဟန်တွေလုပ်လို့လုပ် ဖြစ်နေပြန်တယ်။ သြော်၊ ခက်ပါဘိကော။ မလုပ်ပါနဲ့ဗျာလို့ သွားပြောလို့ကလည်း မဖြစ်။ ကိုယ့်ကလေးကို စိတ်မချလို့ပူရတဲ့အထဲ သူတို့သားအဖမြင်ကွင်းကြောင့် စိတ်ထိခိုက်ရတာက တမှောင့်။

> ❖ **စိတ်မချတဲ့ပြဿနာကို ဘယ်လိုဖြေရှင်းကြသလဲ။ တစ်ခုခု လုပ်တော့ မယ်ဆိုရင် ဘာကို လုပ်လိုက်ပါ ဆိုတာမျိုးထက် ဘယ်လိုလုပ်နော်၊ ဘယ်အဆင့်ကျရင် ဘာလေးကိုဘယ်လိုကြည့်၊ ဘယ်နေရာရောက်လို့ ဘာတွေကြုံလာရင် ဘယ်လို ဖြေရှင်း၊ အဲ့သလို ရှင်းလို့မှမရရင် နောက်တစ်နည်း ဒီလိုလေးပြန်လုပ်လိုက်ဆိုတဲ့ အသေးစိတ်သတ်မှတ်ချက်၊ ကန့်သတ်ချက်လေးတွေနဲ့ ဘောင်ကွပ်ပေးရတော့တယ်**

သားသားကမေးတယ်။ “မေမေ၊ ကယေးယေးကို တူ့ဖေဖေက ဘာရို့ရိုက်တာရဲ”တဲ့။ “မရိုက်ပါဘူး သားသားရာ။ သူ့သားလေးကကျောင်းမလိုက်ချင်ဘူးပြောလို့ ပြောနေတာပါ။ သားသားက လိမ္မာတယ်လေ။ ကျောင်းလိုက်မှာနော”လို့ ကိုယ်ကဝင်ပြောတော့ “ဟုတ်တယ်။ တားတားက ကျောင်းရိုက်မှာ။ မေမေရောဖေဖေရော တားတားနဲ့ တူတူနေရမှာနော်”တဲ့။ ကျောင်းလိုက်မယ်ဆိုပြီးကာမှ အမေရော အဖေရော ဆွဲထားမယ်ဆိုလို့ ကျောင်းကို ကလေးတွေပဲနေလို့ရတဲ့အကြောင်း၊ လူကြီးတွေနေလို့မရတဲ့အကြောင်း ပြောပြရင်း ချော့ရပြန်တယ်။

ကလေးကိုနေရာချရတယ်။ သူ့ထက်ကြီးတဲ့ ကလေးလေးတွေနဲ့လည်း အပြေးအလွှားမိတ်ဆက်ပေးရသေးတယ်။ “မောင်လေးနဲ့ကစားနော်၊ ညီလေးကိုမရိုက်ရဘူးနော်”ဆိုတာမျိုးတွေလည်း သူ့အမေကတော့ ရသမျှအချိန်လေးအတွင်းမှာ တွေ့တဲ့ကလေးကို မျက်နှာချိုလိုက်သွေးနေတယ်။ ကျန်တဲ့ကလေးတွေကလည်း သူ့ကို ဘယ်ဂရုစိုက်အားမလဲ။ သူတို့ဟာသူတို့ကို ရှုပ်ယှက်ခတ်နေကြတာ။

ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်ဆိုပြီး အသံရှည်ဆွဲပြီးတီးလိုက်တဲ့ ကျောင်းတက်ခေါင်းလောင်းသံအကျယ်ကြီးက ရင်ခုန်သံတွေကို ပိုပြီးတော့မြန်စေတယ်။ ကားဘီးသံခွေကြီးကို သံချောင်းနဲ့ရိုက်လိုက်တာမို့ တစ်ကျောင်းလုံးသာမက ဘေးပတ်ဝန်းကျင် တော်တော်ဝေးဝေးအထိ အသံတွေက ရောက်သွားတယ်။ ရင်ထဲမှာ လှိုက်ခနဲ လှိုက်ခနဲ။

**ကျောင်းကအပြန်မဖြောင့်**

“ကျောင်းသားမိဘတွေ ပြန်ရတော့မယ်ထင်တယ်”လို့ မိဘအချင်းချင်း ပြောကြပြီးတော့ ကိုယ့်ကလေးကိုယ် အသီးသီးနှုတ်ဆက်နေကြတယ်။ ကလေးငိုသံတွေကလည်း သံပြိုင်ထွက်လာကြတယ်။ သားက မငိုပေမယ့် မျက်ရည်လည်ရွှဲလေးနဲ့ ဖြစ်နေတယ်။ မိဘတွေပြန်သွားတာကို လှမ်းကြည့်နေတယ်။ ကျောင်းကအပြန်မဖြောင့်ဘူး ဖြစ်နေပြန်တယ်။ ကလေးရှိတဲ့ဘက်ကိုလည်ကန်လည်ကန်နဲ့။ ပိုလွန်းတယ်လို့များဆိုကြမလား မပြောတတ်ဘူး။ ဒါတောင်မှ ကိုယ့်ထက်ပိုကြရတဲ့မိဘတွေရှိကြသေးတယ်ဆိုရင် ယုံတော့။ ကျောင်းစပို့တဲ့အချိန်ကတည်းက ကျောင်းကပြန်တဲ့အချိန်အထိ ကလေးနဲ့အတူထိုင်နေခဲ့ကြရတဲ့မိဘတွေ နှစ်ယောက်သုံးယောက်လောက်မြင်ရတယ်။ ကျောင်းကလည်း မတတ်သာတော့လို့ နားလည်မှုပေးထားရပုံပါ။

ကျောင်းအပြင်ရောက်သွားတဲ့ မိဘတွေကလည်း ကိုယ့်ကလေးကို လှမ်းလှမ်းချောင်းနေကြသေးတယ်။ တချို့က ပြတင်းပေါက်က။ တချို့က အုတ်တံတိုင်းအကွယ်လေးက။ အထဲမှာ ငိုပြီးကျန်နေရစ်ခဲ့သလား၊ အဖော်တွေနဲ့ကစားရင်း ပျော်နေရစ်ခဲ့သလား။

စိတ်ကဘာကြောင့်မချရတာလဲ။ အကဲပိုလှချည်လားလို့တော့ မေးချင်မေးမှာပေါ့လေ။ ဒီမေးခွန်းအတွက် ဖြေစရာအဖြေတွေက များနေလိမ့်မယ်ထင်တယ်။ ဟုတ်တယ်လေ။ ကလေးက ကျောင်းဆိုတာကို အရင်က မကြုံဖူးဘူး။ အခုမှ စကြုံရမှာ။ အိမ်မှာ တစ်ယောက်တည်းအနေများတာမို့ သူငယ်ချင်း ဆိုတာတွေနဲ့ မကစားတတ်သေးဘူး။ အခုကျတော့ ရွယ်တူကလေးလေးတွေနဲ့ အကြာကြီး နေရတော့မှာ။ ဒါကို သူနေတတ်ပ့ါမလား။

အိမ်မှာက ဘာတဲ့ဆို သူ့အမေက လိုက်လုပ်ပေးခဲ့တာ။ ကျောင်းမှာတော့ ဆရာမကတစ်ယောက်တည်း။ ကလေးတွေကအများကြီး။ ဒီကလေးနှစ်ဆယ်သုံးဆယ်လောက်ရဲ့ဒဏ်ကို ဒီဆရာမလေးတစ်ယောက်တည်းက ဘယ်လောက်အထိခံနိုင်မလဲ။ ဒီတော့ ငိုတဲ့ကလေးငို၊ အော်တဲ့ကလေးအော်၊ ဆော့တဲ့ ကလေးဆော့၊ လဲတဲ့ ကလေးလဲ၊ ပွန်းတဲ့ကလေးပွန်းဖြစ်ကုန်လိမ့်မယ်။ ဖြစ်တော့ဖြစ်လိမ့်မယ်။ တစ်ချိန်မဟုတ် တစ်ချိန်။

**အတွေးပေါင်းများစွာ**

ကလေး စိတ်ထိခိုက်သွားလေမလားလို့လည်း စိုးရိမ်မိပြန်တယ်။ တကယ်ဆို ငါ့အဖေနဲ့အမေက အမြဲတမ်း အိမ်မှာပဲ ထားနေကျ။ ဒီကနေ့ကျမှ ဘာဖြစ်လို့ကျောင်းမှာပစ်ထားခဲ့ကြတာပါလိမ့်လို့များ တွေးနေလေမလား။ ဘယ်အချိန်လာခေါ်မလဲဆိုတာကိုများ တွေးပြီးတော့ တမျှော်မျှော်နဲ့ မျှော်နေရှာလေမလား။ သူ့ကိုထားခဲ့လို့များ စိတ်ဆိုးနေလေမလား။ ကလေးချင်းကစားရင်းနဲ့များ တွန်းလှတ်လိုက်တာတို့၊ ရိုက်လှတ်လိုက်တာတို့ ခံရရှာလေမလား။ ဒီလိုအတွေးပေါင်းများစွာနဲ့။

ကလေးကိုကျောင်းပို့ရတာလည်း နည်းနည်းစောလွန်း နေတယ်လို့ ထင်မိတယ်။ ဟိုတုန်းက ဆိုရင် အသက်ငါးနှစ်ကျမှ ကျောင်းစထားရတာ။ အခုကျတော့ လေးနှစ်နဲ့ မူကြိုပို့နေရပြီ။ တချို့ကလေးတွေက သုံးနှစ်လောက်နဲ့ မူကြိုပို့နေကြပြီ။ အသက် တစ်နှစ်၊ နှစ်နှစ်ဆိုတာက လူကြီးပိုင်းမှာ သိပ်မကွာဟလှပေမယ့် ကလေးငယ်ငယ်လေးတွေကျတော့ တစ်နှစ်ဆိုတစ်နှစ် တိုးတက်မှုက အများကြီးကွာတယ်။ နောင်နှစ်ကေဂျီတန်းကျမှ စထားရင် ကောင်းလေမလား။ အို၊ ဘယ်ဖြစ်မလဲ။ သူများ ကလေးတွေက ကျောင်းနေတော့ ကဗျာတွေရွတ်၊ စာတွေရွတ်ပြီး အိမ်မှာတစာစာနဲ့ စာတွေဆိုနေတဲ့အချိန် ကိုယ့်ကလေးက ပါးစပ်အဟောင်းသားနဲ့ဖြစ်နေရပြန်ရင်လည်း နောက်ကျနေရစ်မှာပေ့ါ။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ထားမှဖြစ်မှာ။ ကျောင်းကအပြန်လမ်းမှာ ကလေးကိုစိတ်မချတဲ့ကြားက၊ ကလေးအတွက်စိတ်ပူနေတဲ့ကြားက အတွေးတွေလည်း ဝင်ခဲ့မိပြန်တယ်။ ကလေးကို ဘာ့ကြောင့်များ ဒီလောက်အထိ စိတ်တွေမချနိုင်ဖြစ်နေရတာပါလိမ့်။ သူများကလေးတွေလည်း ဒီလိုပဲဖြစ်သွားကြတာပဲ။ နေတတ်သွားကြတာပဲ။ ကိုယ့်ကလေးလည်း ဒီလိုပဲသူ့ဟာနဲ့သူ ရပ်တည်နိုင်သွားမှာပါပဲ မဟုတ်ဘူးလား။ ဒီလိုတွေးပေမယ့် စိတ်ကတော့မချနိုင်ဘူးပေ့ါလေ။

သေချာပြန်တွေးကြည့်လိုက်တော့ ဘဝမှာ စိတ်မချနိုင်ဖြစ်ခဲ့တာတွေ များခဲ့တယ်။ သားသမီးမှ မဟုတ်ဘူး။ ဟိုလူ့ကိုစိတ်မချဘူး။ ဒီလူ့ကို စိတ်မချဘူး။ ဟိုအခြေအနေကို စိတ်မချဘူး။ ဒီအခြေအနေ ကိုစိတ်မချဘူး။ စိတ်မချနိုင်တဲ့အဖြစ် ကလေးတွေက အမျိုးမျိုး။ *စာမျက်နှာ ၂၃ သို့*

## ဝန်းသိုမြို့နယ်ရှိ ကျေးရွာပေါင်း ၁၇ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြီးစီး

**ဝန်းသို ဇူလိုင် ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို ကျေးရွာပေါင်း ၂၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ၁၇ ရွာ၌ ဖွံ့ဖြိုးရေး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

ယင်းကျေးရွာ ၂၅ ရွာအနက် ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၁၁ ရွာ၊ ဂျင်းမြေ၊ သဲကျောက်၊ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း လေးရွာ၊ မီးလင်းရေးလုပ်ငန်း(ဗို့-၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်း) တစ်ရွာ၊ စိမ့်စမ်းရေ သွယ်ယူခြင်းနှင့် ကွန်ကရစ်ရေမြောင်း ပြုလုပ်ခြင်း တစ်ရွာတို့တွင် လုပ်ငန်း ၁၈ ခုသည် ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

ကျန်ရှိနေသော ကျေးရွာ ရှစ်ရွာအနက် အောင်သာကုန်းကျေးရွာ စာသင်ကျောင်းဆောင်မှာ ၈၀ ရာခိုင်နှုန်း၊ ကြူတောကျေးရွာ ဘက်စုံသုံးခန်းမဆောင်ရွက်ခြင်း ၅၀ ရာခိုင်နှုန်း၊ အလယ်ခုံကျေးရွာ စာသင်ဆောင် တိုးချဲ့ခြင်းနှင့် ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း လုပ်ငန်း ၅၀ ရာခိုင်နှုန်း၊ ဇီးဖြူကုန်းကျေးရွာ စက်ရေတွင်းတူးဖော်ခြင်း ၂၅ ရာခိုင်နှုန်း၊ ကံကုန်းကျေးရွာ ပေ ၈၀ ကျော် တံတားတည်ဆောက်ခြင်း ၆၀ ရာခိုင်နှုန်း၊ ကနဖော့ကျေးရွာ ထရန်စဖော်မာ တပ်ဆင်ခြင်း ၅၀ ရာခိုင်နှုန်း၊ ထပ်တိုးကျေးရွာဖြစ်သည့် မင်းကုန်းနှင့် လေဘိုကျေးရွာတို့တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးကြောင်း သိရသည်။

ယခုအခါ ဝန်းသိုမြို့နယ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၅ ရွာ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာ ပေါင်း ၂၉ ရွာ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာ နှစ်တွင် ၂၁ ရွာ၊ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၂၅ ရွာတွင် ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအခြေပြုစနစ်ဖြင့် ကျေးရွာလူထုအား စွမ်းဆောင်ရည် မြင့်မားစေရန် ရည်ရွယ်ချက် ဖြင့် စီမံကိန်း ကျေးရွာပေါင်း ၁၂၀ အထိ ရှိလာပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မွေးကြူဇင်**





## မင်္ဂလာတောင်ညွန့်မြို့နယ်တွင် အောက်ဆီဂျင်အမှန်တကယ် လိုအပ်နေသူများထံ လက်ဝယ်ရရှိရေးအတွက် အခမဲ့ဖြန့်ဖြူးပေး

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်သော ပြည်သူများအနေဖြင့် အောက်ဆီဂျင်ပြတ်လပ်မှု အခက်အခဲများ မကြုံတွေ့စေရေးနှင့် အမှန်တကယ် လိုအပ်နေသူများ လက်ဝယ်ရရှိစေရေးတို့အတွက် ဇူလိုင် ၂၅ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် စတင်ဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါ အောက်ဆီဂျင်များ ဖြန့်ဖြူးမှုနှင့်ပတ်သက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က " အခုက တော့ အပြင်မှာ အောက်ဆီဂျင်တွေကို တန်းစီတိုးနေကြတော့ ရောဂါပိုးတွေ ပိုကူးစက်မှုတွေ ရှိနိုင်တဲ့အပြင် တကယ်လိုအပ်နေသူတွေမရရှိဘဲ မသမာသူတွေ၊ အမြတ်တင်ရောင်းတဲ့သူတွေဆီ ရောက်သွားတာမျိုးတွေ မရှိအောင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီရဲ့ ညွှန်ကြားချက်တွေနဲ့ ပြည်သူတွေအတွက် ဆောင်ရွက်ပေးနေတာပါ"ဟု ပြောကြားသည်။

ပြည်သူများထံသို့ အောက်ဆီဂျင်ဖြန့်ဖြူးပေးနိုင်ရေးအတွက် မင်းဓမ္မလမ်း MEC စက်ရုံမှ အောက်ဆီဂျင် လီတာ ၄၀ အိုး ၁၀ အိုး ထုတ်ယူခဲ့ပြီးနောက် မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်းရှိ အောက်ဆီဂျင် အမှန်တကယ် လိုအပ်နေသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်ဖြင့် လိုအပ်သူ တစ်ဦးလျှင် ၁၀ လီတာအိုး တစ်အိုးစီဖြင့် ရရှိအောင် ဖြန့်ဖြူးဆောင်ရွက်ပေးခြင်းဖြစ်သည်။

"အခုလိုပေးတာက တကယ်လိုအပ်နေသူဆီကို တိုက်ရိုက်ရောက်တော့စိတ်ချမ်းသာတယ်။ ငွေကြေးတစ်စုံတစ်ရာ ပေးရတာလည်းမရှိဘူး။ အရင်ကဆို အောက်ဆီဂျင်လိုရင် ဘယ်ပြေးရမလဲ မသိဘူး။ အခုကတော့ တော်တော် အဆင်ပြေပါတယ်။ ကျေးဇူးလည်းတင်ပါတယ်" ဟု ပြည်သူတစ်ဦးက ပြောသည်။

အောက်ဆီဂျင်ဖြန့်ဖြူးပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်အောက်ဆီဂျင် ဖြန့်ဖြူးရေးကော်မတီမှ တာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိ ပရဟိတအဖွဲ့များ ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

**ချစ်စုဝေ (ပြန်/ဆက်)**

## အင်းတော်မြို့နယ်၌ အောက်ဆီဂျင်ထုတ်စက်ဝယ်ယူရေး ညှိနှိုင်းစည်းဝေး

**အင်းတော် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် အောက်ဆီဂျင်ထုတ်စက်ဝယ်ယူတပ်ဆင်ရန် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လတတိယပတ်က အင်းတော်မြို့ စိန်ဓမ္မာရုံ၌ ပြုလုပ်သည်။

မှာယူမည့်စက်၏တန်ဖိုးမှာ ငွေကျပ်သိန်း ၃၅၀ ကျော် ကုန်ကျမည်ဖြစ်ပြီး ယခုအချိန်တွင် စက်ဝယ်ယူရန်အတွက် လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကျော် ရရှိထားကာ ဆက်လက်လှူဒါန်းကြမည့် အင်းတော် မြို့သူ မြို့သားနှင့် နယ်သူနယ်သားများကလည်း ဖုန်းဖြင့်ဆက်သွယ်ထားကြောင်း မြို့နယ်အောက်ဆီဂျင်ထုတ်စက်ဝယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အတွင်းရေးမှူး ဦးဘိုဘိုအောင်တို့ထံမှ သိရသည်။

**လူအောင်(ကသာ)**

*စာမျက်နှာ ၂၂ မှ*

အလုပ်တစ်ခုလုပ်မယ်။ အရာခပ်သိမ်းကို ကိုယ်တစ်ယောက်တည်း ဝါးလုံးသိမ်းတာဝန်ယူပြီး အကုန်သိမ်းကြုံးလုပ်ဖို့ အဆင်မပြေဘူး။ ကိုယ့်ဝန် ကိုယ့်တာနဲ့ကိုယ် ခွဲဝေကြရတယ်။ ကဏ္ဍတွေ ပိုင်းခြားထားကြရတယ်။ ခက်တာက စိတ်မချဘူး။ အောက်ကလူဆိုရင်လည်း အောက်လူမို့။ အထက်က လူဆိုရင်လည်း အထက်လူမို့။ ဖြစ်ပဲ့မလား။ အဆင်မှပြေပဲ့မလား။

တစ်ခါတစ်ခါ လူကိုစိတ်မချဘူး။ ဒီလူက တကယ်ကြိုးကြိုးစားစားလုပ်မယ့်သူရော ဟုတ်ရဲ့လားပေါ့။ တစ်ခါတစ်ခါ စွမ်းဆောင်ရည်အပေါ် စိတ်မချဘူး။ သူလုပ်နိုင်တာ သေချာရဲ့လားပေါ့။ တစ်ခါတစ်ခါ ကိုယ်ကျင့်သိက္ခာအပေါ်မှာ စိတ်မချဘူး။ လိမ်တာညာတာ၊ ဖျောင်တာဖုန်းတာတွေများ ဖြစ်လာနိုင်မလားပေါ့လေ။ တစ်ခါတစ်ခါကျတော့ စိတ်မချတာက ဘာကိုစိတ်မချတာလဲဆိုတာကို ဘယ်လိုပြောလို့ပြောရမှန်းတောင် မသိတော့လောက်အောင်ဖြစ်သွားတတ်ကြတယ်။ မတတ်သာလို့သာလွှတ်လိုက်ရတာ စိတ်ကတော့ သိပ်ချတာ မဟုတ်ဘူးဆိုတာတွေ ဖြစ်လာတယ်။

### ကန့်သတ်ချက်လေးတွေနဲ့ ဘောင်ကွပ်ပေး

စိတ်မချတဲ့ပြဿနာကို ဘယ်လိုဖြေရှင်းကြသလဲ။ တစ်ခုခုလုပ်တော့မယ်ဆိုရင် ဘာကိုလုပ်လိုက်ပါ ဆိုတာမျိုးထက် ဘယ်လိုလုပ်နော်၊ ဘယ်အဆင့်ကျရင် ဘာလေးကိုဘယ်လိုကြည့်၊ ဘယ်နေရာရောက်လို့ ဘာတွေကြုံလာရင် ဘယ်လိုဖြေရှင်း၊ အဲ့သလို ရှင်းလို့မှမရရင် နောက်တစ်နည်း ဒီလိုလေးပြန်လုပ်လိုက်ဆိုတဲ့ အသေးစိတ်သတ်မှတ်ချက်၊ ကန့်သတ်ချက်လေးတွေနဲ့ ဘောင်ကွပ်ပေးရတော့တယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပြန်ဘူး။ စောင့်ကြည့်ရတာတွေဖြစ်လာတယ်။ ကိုယ်ကိုယ်တိုင် စောင့်မကြည့်နိုင်ပြန်ရင်လည်း စောင့်ကြည့်ပေးဖို့ တခြားတစ်ယောက်ယောက်ကို တာဝန်ပေးရပြန်သေးတယ်။ နောက်တစ်ခါ အဲဒီစောင့်ကြည့်သူကိုလည်း စစ်ဆေးပေးဖို့ဆိုပြီး တစ်ခြားလူတွေကို ထပ်ဆင့်တာဝန်တွေ အပ်နှင်းရပြန်တယ်။ ဘယ်သူ့ကိုမှ လွှတ်မထားဝံ့တော့ဘူး။ ဒီလိုလုပ်၊ လုပ်တာနဲ့ မပြီးသေးဘူး၊ လုပ်နေဆဲ အခြေအနေကို မှတ်တမ်းမှတ်ရာနဲ့တကွ ပြန်တင်ပြဦး၊ တင်ပြရုံနဲ့မပြီးသေးဘူး၊ နောက်ထပ် ဘာတွေလုပ်မယ်ဆိုတာကို ကြိုပြောဦး၊ ကြိုပြောရုံနဲ့မပြီးသေးဘူး၊ ဘယ်လိုလုပ်မယ်ဆိုတာကို တင်ပြဦး။

ပန်းတိုင်ကိုအမြန်ရောက်ဖို့ တစ်ချောင်းတည်းသောစိတ်နဲ့ အားခဲပြီး ပြေးပွဲပြိုင်ပွဲဝင်ရမလား၊ ဒါမှမဟုတ် အခု တာထွက်ပါပြီ၊ အခု ခြေဘယ်နှလှမ်း လှမ်းပြီးပါပြီ၊ နောက်ထပ်ဘယ်နှလှမ်းလောက်ဆိုရောက်ပါပြီဆိုတာမျိုးနဲ့ သူ့နည်းပြကို အချိန်နဲ့အမျှ အစီရင်ခံနိုင်ဖို့ ဦးတည်ထားရလေမလား။

### ပြန်တွေးစရာတွေ ဖြစ်လာ

စိတ်မချတော့ရော အဆင်ပြေရဲ့လား။ စိတ်မချဖြစ်နေတာကိုခံရတဲ့သူကရော အဆင်ပြေရဲ့လား။ ကလေးတစ်ယောက်ကိုစိတ်မချတာက သဘာဝကျတယ်လို့ ယူဆနိုင်ပေမယ့် ကလေးမဟုတ်တဲ့သူတွေအပေါ်မှာ စိတ်မချနိုင်ဖြစ်နေတာကတော့ သင့်မှသင့်ပဲ့မလားဆိုတာကို ပြန်တွေးစရာတွေ ဖြစ်လာတယ်။

နေရာတကာစိတ်မချနိုင်ဖြစ်ပြီးတော့ အထိန်းအကွပ်တွေဘောင်တွေအများကြီးနဲ့ ကန့်သတ်ပေးထားရင် ကောင်းမလား။ ဒါမှမဟုတ် ဒီတာဝန် ဒီအလုပ်တွေကို ဒီမူဘောင်တွေနဲ့အညီသာလုပ်ပေတော့ဆိုပြီး ထိုက်သင့်တဲ့ လွတ်လပ်မှုအောက်မှာ ကြိုးစားခွင့်ပေးလိုက်တာက ကောင်းမလား။ ဒါမှမဟုတ်။ ဒါမှမဟုတ် ... ။

လျှော့လွှန်းရင် ပတ်တတ်သလို တင်းလွန်းရင်လည်း ပြတ်တတ်သတဲ့။ စိတ်မချနိုင်တဲ့အဖြစ်လေးတွေနဲ့ ပတ်သက်လို့ စဉ်းစားစရာလေးတွေပါ။ ။

# မြေထိန်းနံရံ အက်ကွဲပြီးပြိုကျနိုင်သဖြင့် ပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေး ကြိုတင်အသိပေး


**ကျိုက်ထို ဇူလိုင် ၂၈**

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၃) ရပ်ကွက်ကြား မြသိန်းတန်ဘုရားဝင်းရှိ နောင်တော်ကြီးစေတီအောက် အလျား ၃၂၆ ပေ အမြင့် ပေ ၁၈ဝ မြေထိန်းနံရံ အက်ကွဲကြောင်းမှာ ဇူလိုင်၂၈ ရက် နံနက် ၉ နာရီခန့်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်ပေခန့်ကျယ်လာပြီး မကြာမီ ပြိုကျနိုင်သဖြင့် မြေထိန်းနံရံအက်ကွဲကြောင်းအောက်တွင် နေထိုင်သော အိမ်ထောင်စု ၂၈ စုရှိ လူဦးရေ၁၂၂ ဦးတို့အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေး ကြိုတင်အသိပေးနှိုးဆော်ခဲ့သည်။

အဆိုပါ အသိပေးနှိုးဆော်ရာသို့ သိမ်ဇရပ် မြို့အုပ်ချုပ်ရေးမှူး ဦးတေဇာကြည်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးအောင်သန်းစိုးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲစခန်းမှ ဒုရဲအုပ်သူရအေးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံမီးသတ်စခန်း တာဝန်ခံ ဦးအောင်စိုးငြိမ်းနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**



ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် စီစဉ်ဆောင်ရွက်ပေးစဉ်။



# မူဆယ်နယ်စပ် နန်းတော်ဂိတ်မှ မြန်မာအလုပ်သမားများဝင်လာမစဲ

**မူဆယ် ဇူလိုင် ၂၈**


ရှမ်းပြည်နယ် မူဆယ်နယ်စပ် ဝင်/ထွက်ဂိတ်ဖြစ်သော နန်းတော်ဂိတ်မှ တစ်ဖက်နိုင်ငံ ရွှေလီမြို့ ဂျယ်ဂေါင်အရပ်ဒေသများရှိ စက်ရုံအလုပ်ရုံများတွင်း အလုပ်လုပ်လျက်ရှိသော မြန်မာအလုပ်သမားများသည် ဧပြီလမှစ၍ ဒေသတွင်းလော့ခ်ဒေါင်းကြောင့် ပိတ်မိနေကြပြီး အလုပ်လက်မဲ့ မြန်မာနိုင်ငံသားများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဧပြီလဆန်းပိုင်းမှစတင်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ရွှေလီဂျယ်ဂေါင်မြို့များတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်မြန်မှုများကြောင့် စက်ရုံအလုပ်ရုံများစွာ ပိတ်ခဲ့ကြရာ မြန်မာနိုင်ငံသားများစွာ အလုပ်လက်မဲ့သောင်တင်ခဲ့ရသည်။

ထို့ကြောင့် မြန်မာနိုင်ငံသားများ မိခင်မြန်မာနိုင်ငံသို့ ဇူလိုင် ၂၆ရက်မှစတင်ပြီး ပြန်လည်ဝင်ရောက်လျက်ရှိကြရာ ဇူလိုင်၂၇ရက်အထိ စုစုပေါင်း ၁၆၂ ဦးဝင်ရောက်ပြီးဖြစ်သည်။ ဇူလိုင် ၂၈ရက်တွင် တစ်ဖက်နိုင်ငံရောက် မြန်မာနိုင်ငံသားများ အဆက်မပြတ် ဝင်ရောက်လျက်ရှိရာ အမျိုးသား ၁ဝ၁ဦး၊ အမျိုးသမီး ၅၁ဦး စုစုပေါင်း ၁၅၂ဦးကို စနစ်တကျ စိစစ်လက်ခံလျက်ရှိပြီး နောက်ဆုံး ယနေ့ထိ သုံးရက်တာအတွင်း အမျိုးသား ၁၆၂ ဦး၊ အမျိုးသမီး ၁၅၂ ဦး စုစုပေါင်း ၃၁၄ ဦးကို စနစ်တကျ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ မိမိဇာတိနေရပ်သို့ ချောမောစွာ ရောက်ရှိနိုင်ရေးအတွက် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဇေယျာလင်းနှင့် ခရိုင်/မြို့နယ်တာဝန်ရှိသူများက မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# အင်္ဂပူမြို့နယ်တွင် နန်ကသူချောင်းရေလျှံမှုကြောင့် ကွင်းကောက်(တောင်)ကျေးရွာအုပ်စုနှင့် ကျွဲသောင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ဖောက်လုပ်ထားသော တာတမံကျိုးပေါက်မှုဖြစ်



**အင်္ဂပူ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင် အင်္ဂပူ မြို့နယ်တွင် နန်ကသူ ချောင်းရေလျှံမှုကြောင့် ယနေ့နံနက်ပိုင်းက ကျီကြီးကျေးရွာအုပ်စု တဲကြီးစုကျေးရွာရှိ ကွင်းကောက် (တောင်) ကျေးရွာအုပ်စုနှင့် ကျွဲသောင်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ဖောက်လုပ်ထားသော တာတမံအပေါ်တွင် ရေတစ်ပေခန့်ကျော်ပြီး အရှည် ၁၂ ပေခန့်ကျိုးပေါက်မှု ဖြစ်ပွားခဲ့သည်။ (ဓာတ်ပုံ)

အဆိုပါ တာတမံကျိုးပေါက်မှုကြောင့် ကျီကြီးကျေးရွာမှ အိမ်ခြေ ၆ဝ ခန့်၊ တဲကြီးစုကျေးရွာမှ အိမ်ခြေ ၄ဝ ခန့် ရေဝင်ရောက်ခဲ့ကြောင်းနှင့် ယင်းတာတမံမှာ ကွင်းကောက် (တောင်) ကျေးရွာအုပ်စု၊ ကွင်းလှအုပ်စု၊ ကြခတ်ကွင်းအုပ်စု၊ ကျီကြီးအုပ်စု၊ ကျွဲသောင်ကျေးရွာအုပ်စုတို့ကို ဖြတ်သန်းဖောက်လုပ်ထားသော အရှည်၁၂ မိုင် ၄ ဖာလုံ၊ အမြင့် ၉ ပေရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး အဆိုပါ ကျေးရွာအုပ်စုများရှိ စပါးစိုက်ဧက ၈ဝ၁၂ ဧကကို ကာကွယ်ထားကြောင်း၊ ယခုတာတမံ ကျိုးပေါက်မှုကြောင့် စပါးစိုက်ဧက ၁၉ဝဝ ခန့် ရေဝင်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေး ရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့် နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်ကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ၊ လှိုင်ရပ်ကွက် ၊ မြို့ရှောင်လမ်း၊ ဇောတိကာရုံစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဝနတ်ထံပျံလွန်တော်မူ

**မော်လမြိုင် ဇူလိုင် ၂၈**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ မြို့ရှောင်လမ်း၊ ဇောတိကာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၇၀)နှစ်၊ သိက္ခာတော်(၅၀)ဝါ အရ ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၄)ရက်၊ (၂၇-၇-၂၀၂၁)၊ အင်္ဂါနေ့၊ နံနက် (၁၁ :၂၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ နေ့လယ် (၁၄ : ၀၀)နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပနပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်ကော်မြို့၌ ပြည်နယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**လှိုင်ကော် ဇူလိုင် ၂၈**



ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်လွှတ်တော်ရုံးတို့၏ ပြည်နယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက်က လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (မဟာဂန္ထဝါစကပဏ္ဍိတ ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော် ဘဒ္ဒန္တပညာစက္ကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူခဲ့သည်။

ထို့နောက် ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ၂၂၆ ကျောင်းမှ ကျောင်းရှိသံဃာတော်အပါး ၁၇၂၄ ပါးနှင့် သီလရှင်ကျောင်း သုံးကျောင်းမှ ကျောင်းရှိသံဃာတော်အပါး ၁၃၆ ပါး တို့ကို ဝါဆိုသင်္ကန်းများနှင့် သီလရှင်ဝတ်စုံများကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း၊ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှစ၍ ကျောင်းတိုက်အလိုက် သီတင်းသုံး ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များနှင့် သီလရှင် အရေအတွက်တို့ကို စာရင်းကောက်ယူ၍ ဝါဆိုသံဃာစာရင်းရှိအတိုင်း ထပ်တိုး သံဃာတော်များနှင့် သီလရှင်များကိုလည်း ထပ်မံဆက်ကပ် လှူဒါန်းမည်ဖြစ်ကြောင်း၊ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ် လွှတ်တော်ရုံးတို့၏ ပြည်နယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကိုဗစ်-၁၉ ညွှန်ကြားချက်နှင့်အညီ ကျင်းပသကဲ့သို့ ပြည်နယ်အတွင်းရှိ မြို့နယ်များတွင်လည်း ဝါဆိုသင်္ကန်းများကို ကြိုတင်ပို့ဆောင်မှု ပြုထားခဲ့ပြီး ယနေ့အချိန်အခါတွင် ပြည်နယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျန်းမာရေး ညွှန်ကြားချက်နှင့်အညီ တစ်ပြိုင်တည်း ကျင်းပခြင်းဖြစ်ကြောင်း စသည်ဖြင့် သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်ပြီး ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လှိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ် တရားလွှတ်တော်၊ တရားသူကြီးချုပ် ဒေါ်သန်းသန်းအေးနှင့် တာဝန်ရှိသူတို့က ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ပြီး ပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တပညာစက္ကထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြောင်း သိရသည်။

**ပြည်နယ်**

**(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ဘိုကလေး**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်းတွင် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂၆ ရက်က မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်သိန်းထွဋ်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ သစ်ပင်စိုက်ပျိုးရာ ကဒုံကနိကြိုးဝိုင်းအနီးတွင် တည်ရှိသည့် ကြိမ်ချောင်းကြီးကျေးရွာအုပ်စုနှင့် ချောင်းဖြဲကြီးကျေးရွာအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရွာသူရွာသားများ တက်ရောက်ကြပြီး ကြိုးဝိုင်းငါးဧက အကျယ်၌ ဖြူးပင် ၆၀၀၀ စိုက်ပျိုးကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**


**အမာ**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့ ဘဝသစ်ကျေးရွာအုပ်စု အရှေ့ဖျားကျေးရွာအနီး ပျဉ်ဒရယ်သစ်တောကြိုးဝိုင်းတွင် ဖျာပုံမြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၆ ရက်က ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ဖျာပုံမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများ၊ အခြားဌာနဆိုင်ရာဝန်ထမ်းများ၊ အရှေ့ဖျားကျေးရွာ၊ ဥပေကျေးရွာ၊ မှန်ခေါင်းကျေးရွာတို့မှပြည်သူများက တက်ရောက်ခဲ့ပြီး ဒီရေတောပျိုးပင်များဖြစ်သော သမဲ့ကြီး အပင် ၁၀၀၀ ၊ ဖြူးရွှေဝါ အပင် ၁၀၀၀ ၊ ဖြူးအုပ်ဆောင်း အပင် ၁၀၀၀၊ နံ့ဖြူး အပင် ၁၀၀၀ ၊ ကျန် အပင် ၁၀၀၀ နှင့် ပင်လယ်အုန်း အပင်၁၀၀၀ စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

**အမာ (ပြန်/ဆက်)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ မြို့ရှောင်လမ်း၊ ဇောတိကာရုံစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်ကလေးကျေးရွာ၊ ခမည်းတော် ဦးကျော်လှ+မယ်တော် ဒေါ်သိန်းမေတို့မှ ၁၃၁၃-ခုနှစ်၊ ဝါခေါင်လဆန်း(၅)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသောသားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၂၁ -ခုနှစ်၊ တပေါင်းလပြည့်ကျော်(၅)ရက်နေ့တွင် ဘီးလင်းမြို့နယ်၊ အနိုင်းပွန်ကျေးရွာ၊ တောင်ပေါ်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၃၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၉)ရက်နေ့တွင် ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာဇောတကို ဥပဇ္ဈာယ်ပြု၍ ပဲခူးမြို့နေ ဒေါ်မြခင်၊ ဒေါ်ကျင်မြင့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက် ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဘီးလင်းမြို့နယ်၊ တောင်ကလေးကျေးရွာ၊ တောင်ပေါ်ကျောင်းဆရာတော်၊ ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတ၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော် ဘဒ္ဒန္တသုဇာတတို့ထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး မဇ္ဈိမနိကာယကောဝိဒဘွဲ့၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ခြင်း၊ ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခြင်း၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ခဲ့ခြင်း၊ သာသနိကအဆောက်အဦများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်းနှင့် ၂၀၁၃ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၈ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ၂၀၂၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၇၀)နှစ်၊ သိက္ခာတော်(၅၀)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၄)ရက်၊ (၂၇-၇-၂၀၂၁)၊ အင်္ဂါနေ့၊ နံနက် (၁၁ : ၂၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ နေ့လယ် (၁၄ : ၀၀)နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်း များနှင့်အညီ အန္တိမအဂ္ဂိစျာပနပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀)ကြာ ဆေးကြောပါ။


**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ဆေးရုံအုပ်ကြီးရုံး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**


၁။ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့တွင် တက်ရောက်ကုသမှုခံယူသည့် လူနာများအတွက် (FDA အသိအမှတ်ပြု)ဆေးဝါးများနှင့် ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ လျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၇-၂၀၂၁ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်- ၉-၈-၂၀၂၁ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံမြို့) ဖုန်း-၀၅၈-၂၁၂၅၁တွင် စုံစမ်းနိုင်ပါသည်။

ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေး တင်ဒါကော်မတီ


အကြမ်းဖက်ခြင်း
သင်နှင့်အနီးဆုံးမှာ
နှင့်
နိုင်ငံတည်ငြိမ်အေးချမ်းရေး၊တရားဥပဒေစိုးမိုးရေးဆိုင်ရာဆောင်းပါးများ
စာအုပ်
ထွက်ရှိပါပြီ




**ရရှိနိုင်သောနေရာများ**

- **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်**
  အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း ၀၁-၈၂၄၈၁၀၂
- **စာပေဗိမာန်စာအုပ်ဆိုင် (နေပြည်တော်)**
  အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ ဇဗ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း ၀၆၇-၃၄၁၄၆၈၁
- **စာပေဗိမာန်စာအုပ်ဆိုင် (ရန်ကုန်)**
  အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၃၈၁၄၄၈
- **စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေး)**
  ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၀၁၈၆


# လာအိုနိုင်ငံရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမား ၄၀၀ ကျော် နေရပ်ပြန်နိုင်ရေး မြန်မာ- လာအိုနှစ်နိုင်ငံ တာဝန်ရှိသူများညှိနှိုင်းဆွေးနွေး

**တာချီလိတ် ဇူလိုင် ၂၈**

လာအိုနိုင်ငံရောက် အခက်အခဲများနှင့် ကြုံတွေ့နေရပြီး နေရပ်ပြန်လိုသည့် မြန်မာအလုပ်သမား ၄၀၀ ကျော် နေရပ်ပြန်နိုင်ရေး မြန်မာနှင့် လာအိုနှစ်နိုင်ငံမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း (က)ကျေးရွာအုပ်စုရှိ ဝမ်ပုံဆိပ်ကမ်းတွင် ဆွေးနွေးကြောင်း သိရသည်။

အဆိုပါအခက်အခဲများကြုံတွေ့နေရပြီး နေရပ်ပြန်လိုသည့် မြန်မာအလုပ်သမားများကို ကျိုင်းတုံမြို့ ဝစီပိတ်ဆရာတော်ဘုရား၏ ကူညီစောင့်ရှောက်ဦးဆောင်စီမံမှုဖြင့် ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်၊ စစ်ဗျူဟာအဖွဲ့ (အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းထွန်း၊ တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ လာအိုနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကာ နေရပ်ပြန်လိုသည့် မြန်မာအလုပ်သမားများ အဆင်ပြေစွာ ပြန်လည်ရောက်ရှိရေးနှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တွေ့ဆုံဆွေးနွေးညှိနှိုင်းကြသည်။

၎င်းနေရပ် ပြန်လိုသူများကို ဇူလိုင် ၃၀ ရက်နှင့် ဩဂုတ် ၁ ရက် တို့တွင် နှစ်သုတ်ခွဲ၍ ပြန်လည် ခေါ်ယူသွားမည် ဖြစ်ကြောင်း၊ လက်ရှိအချိန်၌ နေရပ်ပြန်လိုသူ ၄၅၀ ကျော်ရှိပြီး ဆက်လက်၍ အခက်အခဲများနှင့် ကြုံတွေ့နေရသော နေရပ်ပြန်လိုသည့် အလုပ်သမားများကို ပြန်လည်ခေါ်ယူပြီး ၎င်းတို့၏နေရပ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကူညီပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ နေရပ်ပြန်လာသူများကို ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ပြီး ကိုဗစ်-၁၉ ပိုးတွေ့လူနာများကို Quarantine စင်တာများတွင် ထားရှိနိုင်ရန် ကြိုတင်စီစဉ်မှုများကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ပိုးကင်းစင်သူများကို နေရပ်သို့ ချက်ချင်း ပြန်လည်ပို့ဆောင်ပေးရန် မော်တော်ယာဉ်များလည်း စီစဉ်ထားပြီး ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့မှ နေရပ်ပြန်လိုသူများအား ကူညီစောင့်ရှောက်မှုပေးနိုင်ရန် အလှူငွေများ ထည့်ဝင်လှူဒါန်းပေးပြီး အလုပ်သမားတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၄၅၀ ဘတ်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးသေတ္တာဘူး စသည့် အခြေခံစားကုန်များကို လူဦးရေ ၃၀၀ အတွက် လာအိုနိုင်ငံမှ တာဝန်ရှိသူများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**



# တိုကျိုအိုလံပစ် အမျိုးသား ယူ-၂၃ ဘောလုံးပြိုင်ပွဲ ဘရာဇီး၊ အိုင်ဗရီကို့စ်၊ တောင်ကိုရီးယား၊ နယူးဇီလန်အသင်းတို့ ကွာတားဖိုင်နယ် တက်ရောက်

တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသား ယူ-၂၃ အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် အုပ်စု (D)မှ ဂျာမနီနှင့် အိုင်ဗရီကို့စ်၊ ဆော်ဒီအာရေဗျနှင့် ဘရာဇီးအသင်းတို့ပွဲစဉ်ကို ဇူလိုင် ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီနှင့် အိုင်ဗရီကို့စ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဆော်ဒီအာရေဗျနှင့် ဘရာဇီးအသင်းတို့ပွဲစဉ်တွင် ဘရာဇီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ဆော်ဒီအာရေဗျအသင်းဘက်သို့ ဘရာဇီးအသင်းမှ ရစ်ချတ်လီဆန် ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

ဂျာမနီအသင်းသည် ယနေ့ပွဲစဉ်တွင် အိုင်ဗရီကို့စ်အသင်းကို အနိုင်ရရှိမှသာလျှင် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်မည် ဖြစ်သော်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ အိုင်ဗရီကို့စ်အသင်းက ဂျာမနီအသင်းကို သရေကျခဲ့သောကြောင့် သုံးပွဲကစားပြီး ရမှတ်ငါးမှတ်နှင့်အတူ အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

ဆော်ဒီအာရေဗျ အသင်းသည် ယနေ့ပွဲစဉ် မတိုင်မီကတည်းက နောက်တစ်ဆင့် တက်ရောက်ရန် မျှော်လင့်ချက် နည်းပါးခဲ့သော်လည်း ဘရာဇီးအသင်းကို အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။ ထို့ပြင် ဆော်ဒီအာရေဗျအသင်းသည် အိုလံပစ်ပြိုင်ပွဲတွင် သုံးပွဲကစားထားရာ သုံးပွဲစလုံး ရှုံးနိမ့်ထားသည့်အတွက် တိုကျိုအိုလံပစ်ပြိုင်ပွဲကို အုပ်စုအဆင့်မှ လက်ပြနှုတ်ဆက်ခဲ့ရသည်။ ပြိုင်ဘက် ဘရာဇီးအသင်းသည် အိုလံပစ်ပြိုင်ပွဲတွင် ခြေစွမ်းပြသထားနိုင်သည့် အသင်းဖြစ်ပြီး သုံးပွဲကစားထားရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရှုံးပွဲမရှိသေးဘဲ ရမှတ်ခုနစ်မှတ်နှင့်အတူ အုပ်စုပထမရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါ သုံးပွဲတွင် ဘရာဇီးအသင်းမှ တိုက်စစ်ကစားသမား ရစ်ချတ်လီဆန်သည် ငါးဂိုးအထိ သွင်းယူကာ ခြေစွမ်းပြသထားနိုင်သည်ကို တွေ့ရသည်။

ထို့ပြင် အုပ်စု(B) မှ ရိုမေးနီးယားနှင့် နယူးဇီလန်၊ တောင်ကိုရီးယားနှင့် ဟွန်ဒူးရပ်စ်အသင်းတို့ ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ရိုမေးနီးယားနှင့် နယူးဇီလန်အသင်းတို့ ပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့ပြီး တောင်ကိုရီးယားနှင့် ဟွန်ဒူးရပ်စ်အသင်းတို့ပွဲစဉ်တွင် တောင်ကိုရီးယားအသင်းက ခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရိုမေးနီးယားအသင်းသည် နယူးဇီလန်အသင်းကို သရေကျခဲ့သောကြောင့် သုံးပွဲကစားပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး နယူးဇီလန်အသင်းနှင့် ရမှတ်လေးမှတ်ချင်း တူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စုတတိယရရှိကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ အဆိုပါ အုပ်စုတွင် တောင်ကိုရီးယားအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်နှင့်အတူ အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီး နယူးဇီလန်အသင်းက အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသား ယူ-၂၃ အသင်း၏ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဇူလိုင် ၃၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၅၅၆.၉၂ | ၆ လုံး | ၆ လုံး | - |
| ၂။ | သုဓမ္မာဇရပ်(မီး(၁)လုံး) | ၄၁ | ၆ လုံး | ၆ လုံး | - |
| ၃။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ (အဆောက်အဦ၊ မီး) | ၉၂၄.၉၀ | ၁ လုံး | ၁ လုံး | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၂၃.၂၀ | ၁ လုံး | ၁ လုံး | - |
| ၅။ | ဂေါပကရုံး(မီး/ရေ (၁)လုံး) | ၁၁၀ | ၁ လုံး | ၁ လုံး | - |
| ၆။ | အဝင်မုခ်ဦး(၁၀၀×၄၀×၇)ပေ | ၈၂၀ | ၁ ခု | ၁ ခု | - |
| ၇။ | အဝင်မုခ်ဦးငယ်(၇၅×၄၀×၅)ပေ | ၆၇၆ | ၃ ခု | ၃ ခု | - |
| ၈။ | အရှေ့၊ အနောက်နှင့်တောင်ဘက်မုခ်လှေကား (စကျင်မြန်မာမှုပါ) | ၄၉၀ | ၃ စင်း | ၃ စင်း | - |
| ၉။ | မြောက်ဘက်မုခ်လှေကား(စကျင်မြန်မာမှုပါ) (၆၀ ပေ × ၄၀ ပေ) | ၁၉၁၄ | ၁ စင်း | ၁ စင်း | - |
| ၁၀။ | တံခွန်တိုင်လုံးပတ် (၃)ပေ၊ အမြင့်(၄၅)ပေ | ၄၁၉.၀၈ | ၁ တိုင် | ၁ တိုင် | - |
| ၁၁။ | ခေါင်းလောင်းထိပ်ဝ(၅ ပေ× ၇ ပေ) | ၉၀ | ၁ လုံး | ၁ လုံး | - |
| ၁၂။ | ဂန္ဓကုဋိတိုက်(၅၄×၂၇×၁၈)ပေ (အဆောက်အဦ ဇာတ်နိပါတ်တော်စကျင်ကျောက်ထွင်းပန်းချီ၊ ဆိုလာ) | ၁၅၉၈ | ၂၄ လုံး | ၂၄ လုံး | - |
| ၁၃။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၁၄။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၂ ခု | ၆၁၀ ခု |
| ၁၆။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၂ တိုင် | ၁၆၈ တိုင် |
| ၁၇။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၁၂ တိုင် | ၇၈ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၈။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၀ | ၁ လုံး |
| ၁၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂.၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၂၀။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) (၁ ခု) | ၄၃၂၁ | |
| | (က) ရေပန်းအကြီးတည်ဆောက်ခြင်း | ၇၄၀ | ၁ ခု |
| | (ခ) စကျင်ဆင်ရုပ်(အမြင့် ၅ ပေ)(၁ ရုပ်လျှင် ၁၉၈ သိန်း) | ၁၇၈၂ | ၉ ရုပ် |
| | (ဂ) စကျင်မြန်မာမှုလုပ်ငန်း | ၁၀၉၉ | ၁ ခု |
| | (ဃ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၇၀၀ | ၁ ခု |
| ၂၁။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) (၁၈ ခု ၁ ခုလျှင်) | ၈၀၅ | |
| | (က) ရေပန်းအသေးတည်ဆောက်ခြင်း | ၂၇၉ | ၁ ခု |
| | (ခ) စကျင်မြန်မာမှုလုပ်ငန်း | ၂၂၆ | ၁ ခု |
| | (ဂ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၃၀၀ | ၁ ခု |
| ၂၂။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၂၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၂၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈.၁၄ ခု |
| ၂၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၂၆။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးရည်နွယ်(စန္ဒရား)
### မဟာတေးဂီတဘုတ်အဖွဲ့ဝင်
### အသက်(၇၈)နှစ်
### ရန်ကုန်မြို့

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မဟာတေးဂီတဘုတ်အဖွဲ့ဝင် ဒေါက်တာ ဦးရည်နွယ်(စန္ဒရား) သည် ၂၇-၇-၂၀၂၂ရက်နေ့၊ နံနက် ၁၀:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## ဦးတိုးအောင်(ဒုညွှန်မှူး၊ ကကဌ- ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ တိုက်အမှတ်(၄၅၇/၄၅၉)၊ အခန်း(၂၀၆)(ဒု)ထပ်နေ (ဦးထွန်းလင်း-ဒေါ်ကျင်)တို့၏သား၊ (ဒေါ်နုနု)၏မောင်၊ (ဒေါ်အေးအေးသန်း)၏အစ်ကို၊ ဒေါ်စန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာမာအေး၊ ဦးသန်းကြွယ်(ဦးဩဘာသ)-ဒေါ်အေးအေးအောင်(ကကဌေ-ငြိမ်း)၊ ဦးစိန်လွင် (GM နယူးပြည့်စုံကုမ္ပဏီ)-ဒေါ်နှင်းနှင်းထွန်း၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အောင် (ငြိမ်း)-ဒေါ်မြသန္တာထွန်းတို့၏ဖခင်၊ မဝါဝါအောင်၊ မသူသူအောင်၊ ဇော်ထွန်းအောင်-မမျိုးသဥ္ဇာ၊ မောင်ညီမင်းလွင်၊ မခိုင်နှင်းလွင်၊ မမြအိန္ဒြေအောင်၊ မယွန်းဝတီအောင်၊ မစိမ့်အိန္ဒြေရွှန်းတို့၏ အဘိုးဖြစ်သူ ဦးတိုးအောင်သည်၂၆-၇-၂၀၂၂ရက်(တနင်္လာနေ့) ညနေ ၄:၁၂ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၂ရက်(အင်္ဂါနေ့) ၄:၁၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ငွေးငွေးအောင်(ဆရာမ-ငြိမ်း)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ၆၅ရပ်ကွက်၊ ရှောဝဏ်လမ်း၊ B.3(404). Tosta အိမ်ရာနေ(ဦးလှအောင်-ဒေါ်ဝါနု)တို့၏သမီး၊ (ဒေါ်ကျော့)၏ ကိတ္တိမသမီး၊ (ဒေါ်ကျင်)၊ (ဒေါ်ဝဏ္ဏစာရီ)(စွန်းလွန်း)၊ (ဒေါ်ယုံ)တို့၏ တူမ၊ (ဦးပါ-ဒေါ်ကျင်ရွှေ)တို့၏ သမီးချွေးမ၊ ပန်းချီခင်မောင်မြင့်၏ဇနီး၊ ကိုကျော်ဆွေဟန်၊ ကိုသန်းကျော်ငွေးတို့၏မိခင်၊ ရတီလဝင်းမေ၏ အဘွားသည် ၂၆-၇-၂၀၂၂ရက် နံနက် ၁:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၂ရက် ညနေ ၃:၃၀နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခိုင်သဇင်သောင်း
### အသက်(၅၁)နှစ်

မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းမှုလုပ်ငန်းဌာနမှ လေယာဉ်မှူးချုပ် ဦးနေမျိုးတင်၏ဇနီးဖြစ်သူ ဒေါ်ခိုင်သဇင်သောင်းသည် ၂၆-၇-၂၀၂၂ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းမိသားစု**
**မြန်မာအမျိုးသားလေကြောင်း**

## ဦးဝင်းငွေး
### (TA KU MI YA)
### NOVOTAL Hotel
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မိကဝတီလမ်း၊ အမှတ်(၁၄)နေ (ဦးအောင်မြတ်-ဒေါ်လေးကြည်)တို့၏သားလတ်၊ ဦးကျော့မောင်(ကုန်သွယ်လယ်ယာ-ငြိမ်း)-(ဒေါ်လှငွေ)တို့၏သားသမက်၊ ဒေါ်အေးအေးသိန်း(စားသုံးသူရေးရာဦးစီးဌာန-ငြိမ်း)၏ ခင်ပွန်း၊ ဦးအောင်မျိုးဟိန်း-ဒေါ်မြတ်မိမိကျော်တို့၏ဖခင်၊ (ဦးမြင့်ဦး)-ဒေါ်လှလှသန်းတို့၏ညီ၊ (ဦးမြသန်း)-ဒေါ်သန်းသန်းမူ၊ (ဦးအောင်မင်းစိန်)-ဒေါ်သန်းသန်းအေး၊ ဦးစိုးအောင်-ဒေါ်ကေသီဦး ၊Nori hiro OsukaSan -ဒေါ်သန်းသန်းစိုးတို့၏အစ်ကို၊ မမျိုးမြတ်သီရိ၏အဘိုးသည် ၂၀-၇-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသူရ
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးသန်းတင်-ဒေါ်တင်ဥ တို့၏ သားငယ်၊ (ဒေါ်ခင်ဆင့်)၊ ဦးဟုတ်လှိုင်၊ (ဦးစိုးတင့်)၊ ဒေါ်သိန်းသိန်းမြင့်၊ ဒေါ်ခင်နွဲ့နွဲ့၊ ဦးအောင်ကျော်ညွန့်၊ (ဒေါ်ခင်ခင်အောင်)၊ ဦးမောင်မောင်ညွန့်၊ ဒေါ်ကြည်ကြည်အေး၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးမျိုးတင့်၊ (ဒေါ်ခင်သီတာ)၊ ဦးလှဝင်းတို့၏ညီ/မောင်၊ ဒေါ်တင်တင်နိုင်၊ ဦးလှဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ မောင်းမကန်ကမ်းသာယာလမ်း၊ အမှတ်(၉၄၃)နေ ဒေါ်ကြူကြူဝင်း၏ခင်ပွန်း၊ စုမြတ်သွယ်၊ ဆုပုလဲသွယ်၊ ဝေယံဆုမောင်၊ သင်းနရီမောင်တို့၏ဖခင်သည် ၂၇-၇-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၀:၅၈နာရီတွင် (၈၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၂၂ရက်(တနင်္လာနေ့) နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုဖြင့် ဆပ်ကပ်လှူဒါန်းအမျှပေးဝေမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဆွေဆွေ (မြစ်ကြီးနား)
### အသက် (၉၄) နှစ်

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အိမ်အမှတ် (၁၀၀) နေ ဦးဝင်းထိန်မင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုဘဏ်) - ဒေါ်ရီရီနွယ်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ဆွေဆွေ အသက် (၉၄) နှစ်သည် ၂၈-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာချေးငွေသတင်းအချက်အလက်ဌာန (MMCB) ဥက္ကဋ္ဌနှင့်**
**ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဆွေဆွေ
### (မြစ်ကြီးနား)
### အသက်(၉၄)နှစ်

ရန်ကုန်မြို့နေ ဦးဝင်းထိန်မင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်ရီရီနွယ်တို့၏ ချစ်လှစွာသောမိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ဆွေဆွေသည် ၂၈-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့နယ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေ ကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

### အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမ ဒေါ်တီတီ(ခ)ဒေါ်ခတီဇာဘီ
### သရဖူ လယ်ယာသုံးစက်ပစ္စည်း
### မော်လမြိုင်
### အသက် (၈၆)နှစ်

မော်လမြိုင်၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီးနေ သွားဆရာဝန် [ဟာဂျီအာမတ်ဟူစိန်ဘမ်(ခ)ဆရာ ဦးလှမြင့်]၏ဇနီး၊ မွဖ်သီ ဦးစန်းအောင် (၅၉လမ်း)-ဟာဂျီမ ဒေါ်ခင်သန်းမြင့်၊ ဟာဂျီ ဦးတင်မြင့်-ဒေါ်သန်းသန်းမော်၊ ဟာဂျီမ ဒေါ်ခင်လေးမြင့်၊ ဟာဂျီ ဦးအေးမြင့်-ဟာဂျီမ ဒေါ်ခင်သန်းစီ၊ ဟာဂျီ (ဦးသိန်းမြင့်)-ဟာဂျီမ ဒေါ်တင်တင်လှ၊ (ဒေါ်သီတာမြင့်)တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) ည ၈:၃၅ နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၇-၇-၂၀၂၂ရက် နံနက်တွင် မော်လမြိုင်မြို့ ဒရ်ကာကုန်း၌ မြှုပ်နှံဒါဖနာပြုလုပ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြောင်း
### အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမ ဒေါ်တီတီ(ခ)ဒေါ်ခတီဇာဘီ
### သရဖူ လယ်ယာသုံးစက်ပစ္စည်း
### မော်လမြိုင်
### အသက် (၈၆)နှစ်

မော်လမြိုင်၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီးနေ သွားဆရာဝန် [ဟာဂျီအာမတ်ဟူစိန်ဘမ်း(ခ)ဆရာ ဦးလှမြင့်]၏ဇနီး၊ မွဖ်သီ ဦးစန်းအောင် (၅၉လမ်း)-ဟာဂျီမ ဒေါ်ခင်သန်းမြင့်၊ ဟာဂျီ ဦးတင်မြင့်-ဒေါ်သန်းသန်းမော်၊ ဟာဂျီမ ဒေါ်ခင်လေးမြင့်၊ ဟာဂျီ ဦးအေးမြင့်-ဟာဂျီမ ဒေါ်ခင်သန်းစီ၊ ဟာဂျီ (ဦးသိန်းမြင့်)-ဟာဂျီမ ဒေါ်တင်တင်လှ၊ (ဒေါ်သီတာမြင့်)တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) ည ၈:၃၅ နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းရကြောင်း။

**MD ဦးကျော်ဇင်ထွေးနှင့် ဝန်ထမ်းမိသားစုများ**
**သရဖူ စိုးမြင့်ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြောင်း
### အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမ ဒေါ်တီတီ(ခ)ဒေါ်ခတီဇာဘီ
### သရဖူ လယ်ယာသုံးစက်ပစ္စည်း
### မော်လမြိုင်
### အသက် (၈၆)နှစ်

မော်လမြိုင်၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီးနေ သွားဆရာဝန် [ဟာဂျီအာမတ်ဟူစိန်ဘမ်း(ခ)ဆရာ ဦးလှမြင့်]၏ဇနီး၊ မွဖ်သီ ဦးစန်းအောင် (၅၉လမ်း)-ဟာဂျီမ ဒေါ်ခင်သန်းမြင့်၊ ဟာဂျီ ဦးတင်မြင့်-ဒေါ်သန်းသန်းမော်၊ ဟာဂျီမ ဒေါ်ခင်လေးမြင့်၊ ဟာဂျီ ဦးအေးမြင့်-ဟာဂျီမ ဒေါ်ခင်သန်းစီ၊ ဟာဂျီ (ဦးသိန်းမြင့်)-ဟာဂျီမ ဒေါ်တင်တင်လှ၊ (ဒေါ်သီတာမြင့်)တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) ည ၈:၃၅ နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော် ခံယူသွားပါကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရကြောင်း။

**မွဖ်သီဦးစန်းအောင်-ဟာဂျီမ ဒေါ်ခင်သန်းမြင့်**
**သရဖူ လယ်ယာသုံးပစ္စည်း(ရန်ကုန်)**

## ဦးတင်မောင်ဦး(ခ)ကိုဦး
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(9E)၊ ကမ္ဘာအေးဘုရားလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နှင့် ရန်ကုန်မြို့၊ အမှတ်(၁၉)၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၂)၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်(ဘောက်ထော်)နေ (ဦးမြင့်ဆွေ-ဒေါ်ကြင်သန်း)တို့၏အကြီးဆုံးသား၊ ဦးတင်မောင်လတ်-ဒေါ်စောစောသန်း၊ ဦးမျိုးဝင်း-(ဒေါ်ခင်ခင်ဆွေ)၊ ဦးတင်မောင်အေး-ဒေါ်မာလာဝင်းတို့၏ အစ်ကို၊ မမေသီရိမိုး၊ မမေမိုးသိမ့်သူ၊ မခင်မြတ်နိုးအေး၊ မဆုသဉ္ဇာမျိုးတို့၏ ဘကြီးဖြစ်သူ ဦးတင်မောင်ဦး(ခ)ကိုဦးသည် ၂၆-၇-၂၀၂၂ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
### တိပိဋကမဇ္ဈိမနိကာယကောဝိဒ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်
## ဘဒ္ဒန္တစန္ဒောဘာသမဟာထေရ်
### သက်တော်(၇၀)၊ သိက္ခာတော်(၅၀)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ လှိုင်ရပ်ကွက်၊ ဇောတိကာရုံစာသင်တိုက်၊ ကေ့လှာကျောင်း၊ ဓမ္မောဇာလယဓမ္မာစရိယ သင်တန်းကျောင်းတို့၏ ဦးစီးပဓာနနာယက သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းအကျိုးတော်ဆောင်ချုပ်ကျိုက်သလွံစေတီတော်၊ မဟာမြတ်မုနိစေတီတော်၊ ဦးခန္တီမဟာမြတ်မုနိစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ သုသမာစာရပရိယတ္တိ အသင်း၊ သဒ္ဓမ္မပါလပရိယတ္တိအသင်းများ၏နာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တစန္ဒော ဘာသမဟာထေရ်မြတ်သည် (၁၃၈၃ခုနှစ် ဝါဆိုလပြည့်ကျော် ၄ရက်) ၂၇-၇-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၁:၅၀နာရီတွင် ပျံလွန်တော် ပြီး ဆရာတော်၏ ဆန္ဒတော်နှင့်အညီ ယင်းနေ့တွင်ပင် အန္တိမအဂ္ဂိစျာပနပူဇာ ပြီးစီးပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။

# ဒေါ်နီလာကြည်
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၆၃)၊ ဝင်းသော်တာလမ်း၊ (၃)ရပ်ကွက်နေ (ဗိုလ်ကြီးမြင့်သူ) (ကကနက်ငြိမ်း)-(ဒေါ်ခင်မာကြည်)တို့၏ သမီးကြီး၊ (ဦးဘသောင်း)-ဒေါ်လှတို့၏သမီးချွေးမ၊ ဦးအောင်ကျော်ညွန့် Program Manager (BANCH)၏ချစ်လှစွာသောဇနီး၊ ဒေါ်ယွန်းမျက်သွယ် (မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ)၏ ကျေးဇူးရှင်မွေးသမိခင်သည် ၂၈-၇-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် အမှတ်(၈၂),၅(က)၊ ဗဟိုလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဇော်မင်းထွန်း
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ ပုလဲကွန်ဒို၊ တိုက်(B)၊ အခန်း(၆၀၃)နေ ဒေါ်အေးအေးမြတ်၏ခင်ပွန်း၊ မောင်မိုးမြင့်မောင်၊ မခင်ချောသဇင်တို့၏ ဖခင်သည် ၂၇-၇-၂၀၂၂ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဆရာမကြီး ဒေါ်နန့်ခင်စန်းရီ(ကူးမ)
### အလယ်တန်းပြ(ငြိမ်း) အထက(၁)တွံတေးမြို့
### အသက်(၆၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရွှေသောင်မြေ ကျေးရွာနေ(ဖိုးတင်ဖေ-ဖွားရွှေစိန်) တို့၏ သမီးကြီး၊ တွံတေးမြို့၊ ကျွန်းတော (၁)လမ်းနေ (ဦးစောရွှေလှ-ဒေါ်ရင်ရင်)တို့၏သမီးချွေးမ၊ ရွှေသောင်မြေကျေးရွာနေ ဦးကျော်ဝင်းစိန်-ဒေါ်မြင့်မြင့်ဆန်းတို့၏ အစ်မကြီး၊ တွံတေးမြို့ ကျုံးကြီး (၇)လမ်းနေ ဦးစောကျော်ဆန်း၏ ချစ်လှစွာသောဇနီး၊ နန့်ဆုဖြိုးဝေ(ခ)နန့်ပန်းပွင့်ဖြူ (ထ/ပြ၊ အထကခွဲ(သံကြိုးတိုင်)၊ စသိန်းဖြိုးအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်(ဆရာမကြီး ဒေါ်နန့်ခင်စန်းရီ) (လ/ပြငြိမ်း) အိမ်တွင်းမှူး၊ အထက(၁) တွံတေးသည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၈:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၂ရက် ညနေ ၆နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သွေးသည် အသက်

## ကြီးမြန်သစ်ပင်
## စိုက်ပျိုးလျှင်
## စွမ်းအင်လည်းရ
## ပြည်လည်းလှ

## ဦးထွန်းရီ
### နတ်မင်း၊ ဇော်ပျံအမွေးတိုင်လုပ်ငန်း
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၇)လမ်း၊ အမှတ် (၅၁/A)နေ (ဦးစိန်-ဒေါ်သန်းတင်)တို့၏သား၊ ဒေါ်စိန်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှအောင်၊ Dr.ဒေါ်တင်တင်ရီ၊ ဦးစိန်ဌေး၊ ဒေါ်အေးအေးရီ၊ ဒေါ်ဝင်းဝင်းရီ၊ ဦးစိန်လှိုင်တို့၏ဖခင်၊ မြေး(၈)ယောက်၊ မြစ်(၉)ယောက်တို့၏ အဘိုး ဦးထွန်းရီ(နတ်မင်း၊ ဇော်ပျံအမွေးတိုင်လုပ်ငန်း၏ဖခင်ကြီး)သည် ၂၇-၇-၂၀၂၁ရက် မွန်းလွဲ ၁၂:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ရေဝေးဖုကျန့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မြမြ(Ingrid Hla Oung)
### နည်းပြ၊ (အငြိမ်းစား) သင်္ချာဌာန
### ရန်ကုန်စက်မှုတက္ကသိုလ်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ်-၂၁၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ (ဦးလှအောင်-ဒေါ်လှကြည်)တို့၏ သမီး၊ ဦးမောင်မောင်ဟိန်-(ဒေါ်သန်းသန်းဟိန်)၊ (ဦးမောင်မောင်သန်း)၊ ဒေါ်ခင်ခင်ရီ-(ဦးစိန်ဖေ)၊ ဦးမောင်မောင်သောင်း-ဒေါ်ဥမ္မာမြင့်၊ (ဒေါ်ကြင်ကြင်-ဦးစိုးမင်း)၊ (ဒေါက်တာမောင်မောင်ကျော်)-ဒေါ်သိင်္ဂီလှတို့၏ချစ်လှစွာသောညီမ၊ ဒေါ်ဖြူဖြူခင်-(ဦးခင်မောင်လွင်)၊ ဒေါက်တာမေစမ်းကြည်-ဒေါက်တာစိုးမြတ်ရင်တို့၏ ချစ်လှစွာသော အစ်မသည် ၂၆-၇-၂၀၂၁ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၁ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဦး
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ တံတားဦးစီးဌာန
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၅၆)၊ ဘုရင့်နောင်လမ်း၊ ပုလဲမြို့သစ်(၁)နေ (ဒေါက်တာတင်အောင်အေး မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါ်ကျန်တင်တို့၏ သားသမက်၊ ပေါင်းတည်မြို့၊ အရှေ့လမ်းနေ ဦးကြီးရွှေ-(ဒေါ်စိုးကြည်) တို့၏သား ၊ ဒေါ်မိုးသူဇာအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်နိုင်ဝင်း (Final Part II, UM.2)၊ မချောစုဝင်း(3rd Year, Dip in Nursing)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဦးကြည်မောင်၊ ဦးညွန့်ဦး တို့၏ချစ်လှစွာသောညီ၊ ဒေါ်ခင်နွဲ့မူ၊ ဒေါ်မြင့်မြင့်ဌေး၊ ဦးတိုးဝင်း၊ ဒေါ်အေးစန်း၊ ဒေါ်နွဲ့နွဲ့စန်းတို့၏ ချစ်လှစွာသောအစ်ကို၊ ဦးဇော်မိုးအောင် (ခေတ္တ UK)-ဒေါ်ခင်သန္တာသွေး၊ Dr.ဇော်လင်းသန်း-Dr.မာလာသင်း၊ ဦးဝင်းမောင်သိန်း-ဒေါ်ချိုသဲလင်းတို့၏ချစ်လှစွာသော ခဲအို၊ မမြင့်မြတ်သီရိခိုင် (ဝိတ်ဝိတ်)၊ မခိုင်ဥမ္မာလင်း(လုလုအောင်)တို့၏ ချစ်လှစွာသော ဦးလေးသည် ၂၆-၇-၂၀၂၁ရက်(တနင်္လာနေ့) နံနက် ၆:၄၅နာရီတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမိုးကျော်စွာ(ရန်ကင်း)
### မင်းမဟာကားပစ္စည်းရောင်းဝယ်ရေး
### အသက် (၅၅)နှစ်

ပြည်သူ့ရှေ့ဆောင်ပါတီ၊ ဒုတိယဥက္ကဋ္ဌ -၁၊ ဦးမိုးကျော်စွာသည် ၂၈-၇-၂၀၂၁ရက် နံနက် ၃:၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအမှုဆောင်အဖွဲ့နှင့်ပါတီဝင်များ**
**ပြည်သူ့ရှေ့ဆောင်ပါတီ**

## ကာတွန်းဦးမြေဇာ
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၃၀၁)N-5၊ မင်းရဲကျော်စွာအိမ်ရာနေ ဒေါ်မြမြအေး၏ ခင်ပွန်း၊ ဦးကျော်သူဝင်း-ဒေါ်စုစုဝင်း၊ ဒေါ်ပပဝင်း၊ ဒုတိယဗိုလ်မှူးကြီးအောင်ဖေသက်-ဒေါ်နှင်းနှင်းဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး (၃)ယောက်တို့၏ အဘိုးသည် ၂၇-၇-၂၀၂၁ရက် (အင်္ဂါနေ့) ည ၉:၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးနိုင်ဝင်း
### အသက်(၇၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာနေ(ဦးသန်း-ဒေါ်ကုလားမ)တို့၏သား၊ ကျိုက်ထိုမြို့နယ်၊ မုက္ခမူကျေးရွာနေ (ဦးထွန်းခင်-ဒေါ်ပုတာ)တို့၏သားသမက်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်၊ မြို့မ(၂) ရပ်ကွက်၊ မြရတနာလမ်းနေ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ ဗိုလ်မှူးမျိုးခိုင်-ဒေါ်ဥမ္မာထွန်း၊ ဒေါ်ယုယုခိုင်တို့၏ဖခင်၊ မောင်စင်ကြယ်လင်း၊ မယမင်းသူဇာအောင်တို့၏အဘိုး ဦးနိုင်ဝင်း အသက်(၇၄)နှစ်သည် ၂၂-၇-၂၀၂၁ ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ကြောင်းနှင့် ၂၈-၇-၂၀၂၁ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး
## ဦးမင်းစံ
### နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)
### Hotel POPULAR Myanmar, Summit Plastic
### အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ ဦးကျင်ဦး (Chairman-POPULAR Group)- ဒေါ်ချောစုလွင် (Vice Chairman- POPULAR Group)တို့၏ ချစ်လှစွာသော ဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး ဦးမင်းစံ အသက်(၈၂)နှစ်သည် ၁၈-၇-၂၀၂၁ရက် (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Engineer Department**
**POPULAR GROUP**

## ဒေါ်ခင်စန်းမြင့်(မြိတ်)
### အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၁၃) လမ်း၊ အိမ်အမှတ်(၁၁၀)နေ (ဦးသက်တင်-ဒေါ်သိန်းရီ)တို့၏သမီး၊ (ဦးဘိုနီ-ဒေါ်ဦးမေ)၊ တို့၏ချွေးမ၊ (ဦးအုန်းတင်) ၏ချစ်လှစွာသောဇနီး၊ Capt.မြင့်ဇော်ဦး Cambodia Angkor Air (တေဇ-၂၂)၊ မသင်းသင်းမြတ်၊ ကိုသန်းဇော်ထွန်း-မညိုညိုထွန်း၊ ကိုလှတင်-မသင်းသင်းနွယ်၊ မအေးအေးနွယ်၊ မောင်ဇော်လင်းထွန်-မစန္ဒာလွင်၊ မောင်စိန်အောင်၏ကျေးဇူးရှင်မွေးမိခင်၊ မကြည်ဖြူသျှင်၊ မလှတန်ခူးမေ၊ မနီနီမေဟန်၊ မောင်ရဲမြတ်ဟိန်း၊ မဖြိုးသီရိစံတို့၏ ချစ်လှစွာသော ဘွားဘွားသည် ၂၇-၇-၂၀၂၁ရက်(အင်္ဂါနေ့) ညနေ ၄:၄၅နာရီတွင်(၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့်
### ဒုအရာခံဗိုလ်(ငြိမ်း)(ယာဉ်စီး/ဆက်သား)
### ဆ.သ.ရ(၁)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၉)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၁၁၅၀) နေ (ဦးထွန်းရွှေ-ဒေါ်သိန်းမြ)တို့၏သား၊ ဒေါ်မြသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းကျော်မိုး-ဒေါ်နန်းကြည်ကြည်နွယ်၊ ဦးသက်ခိုင်-ဒေါ်ကြိုင်ကြိုင်ထူး၊ ဒေါ်တင်တင်ဝါ၊ ဦးမြင့်စိုး-ဒေါ်သီတာမြင့်၊ ဦးသက်ဇင်ကို-ဒေါ်ခင်စန္ဒာထွေးတို့၏ မွေးသဖခင်ကျေးဇူးရှင် ၊ မြေး(၉)ယောက်၊ မြစ်(၁)ယောက်တို့၏ချစ်လှစွာသော အဘိုးသည် ၂၇-၇-၂၀၂၁ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်ပြီး ယင်းနေ့တွင်ပင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသဖြင့် ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၂၁ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှမြင့်
### ဒုအရာခံဗိုလ်(ငြိမ်း)(ယာဉ်စီး/ဆက်သား)
### ဆ.သ.ရ(၁)
### အသက်(၇၈)နှစ်

ဒေါ်တင်တင်ဝါ (ဒုတိယအထွေထွေမန်နေဂျာ၊ ငွေစာရင်းဌာန၊ ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက်)၏ ဖခင် ဦးလှမြင့်သည် ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ် နေအိမ်၌ ၂၇-၇-၂၀၂၁ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ဝန်ထမ်းများနှင့် မိသားစုဝင်များ**

## ဦးသန်းဝင်း(ခရမ်း)
### အငယ်တန်းအင်ဂျင်နီယာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)လမ်း၊ အမှတ်(၇၂)နေ (ဦးစံဦး)-ဒေါ်တင်တို့၏သား၊ ဒေါ်ဝင်းသန်း၏ခင်ပွန်း၊ ဦးအောင်ကိုကို-ဒေါ်ဆွေမာဦး၊ ဦးလင်းမြင့်ကျော်-ဒေါ်ဖြူစောငြိမ်းတို့၏ ကျေးဇူးရှင်ဖခင်၊ မသဲစုရတနာ၏ ချစ်လှစွာသောအဘိုးသည် ၂၈-၇-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းဝင်း(ခရမ်း)
### အငယ်တန်းအင်ဂျင်နီယာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### အသက်(၆၅)နှစ်

ကျေးဇူးရှင် အစ်ကိုလေး ဦးသန်းဝင်းသည် ၂၈-၇-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယု**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း၊ (ဗဟို)နှင့် (ရန်ကုန်တိုင်းဒေသကြီး)၏ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ အတွင်းရေးမှူး(ပညာရေးရာ) ပါမောက္ခ ဒေါ်မာမာကြည် အသက်(၆၁)နှစ်သည် ၂၆-၇-၂၀၂၁ရက် (တနင်္လာနေ့) တွင်ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**
**(ဗဟို) နှင့် (ရန်ကုန်တိုင်းဒေသကြီး)**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စန်းမြင့်
### အသက်(၆၇)နှစ်

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂)မှ သူငယ်ချင်း Capt.မြင့်ဇော်ဦး (Cambodia Angkor Air) ၏မိခင် ဒေါ်ခင်စန်းမြင့် အသက်(၆၇)နှစ်သည် ၂၇-၇-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာဘုံဘဝရောက်ရှိပါစေ။ **တေဇ(၂၂)မှ သူငယ်ချင်းများနှင့်မိသားစုဝင်များ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စန်းမြင့်
### အသက်(၆၇)နှစ်

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂)မှ သူငယ်ချင်း Capt. မြင့်ဇော်ဦး (Cambodia Angkor Air) ၏မိခင် ဒေါ်ခင်စန်းမြင့် အသက်(၆၇)နှစ်သည် ၂၇-၇-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။ ကောင်းရာဘုံဘဝရောက်ရှိပါစေ။

**အမှတ်စဉ်(၅၈) လေယာဉ်မောင်သင်တန်းမှ**
**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ဒေါ်ခင်ခင်ဆွေ(ခ)တူးမာ
### 82 Eco Batch
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၉)၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၂)၊ (၁၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်(ဘောက်ထော်)နေ (ဦးမြင့်ဆွေ-ဒေါ်ကြင်သန်း)တို့၏ ချစ်လှစွာသော သမီး၊ (ဦးတင်မောင်ဦး)၊ ဦးတင်မောင်လတ်-ဒေါ်စောစောသန်းတို့၏ညီမ၊ ဦးတင်မောင်အေး-ဒေါ်မာလာဝင်းတို့၏အစ်မ၊ မမေသီရိမိုး၊ မမေမိုးသိမ့်သူ၊ မခင်မြတ်နိုးအေးတို့၏ အဒေါ်၊ ဦးမျိုးဝင်း၏ ချစ်လှစွာသောဇနီး၊ မဆုသဉ္ဇာမျိုး၏ ချစ်လှစွာသော မေမေ ဒေါ်ခင်ခင်ဆွေ(ခ)တူးမာသည် ၂၅-၇-၂၀၂၁ရက် ည ၉:၂၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မီမီလှိုင်းဇံ
### လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၃၂)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီလှိုင်းဇံသည် ၂၇-၇-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၈:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်**
**စီးပွားရေးဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ် သောင်းမြင့်(ငြိမ်း)
### ဝန်ကြီး(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန
### အသက် (၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ အမှတ် (၄၀)နေ (ဒေါ်ခင်အေးမူ)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်သောင်းမြင့်(ငြိမ်း)သည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) ည ၉:၂၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်မိသားစုနှင့်အတူထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဝန်ထမ်းများ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးချုပ် သောင်းမြင့်(ငြိမ်း)
### ဝန်ကြီး(ငြိမ်း)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
### အသက်(၉၀)

ရန်ကုန်မြို့နေ(ဒေါ်ခင်အေးမူ)၏ခင်ပွန်း ဗိုလ်မှူးချုပ်သောင်းမြင့်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း)လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) ည ၉:၂၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဝန်ထမ်းမိသားစု

## ဒေါက်တာငွေသိန်း
### ဌာနခွဲမှူး(ငြိမ်း)
### မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း
### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၉၃) လမ်း၊ အမှတ် (၈၅)နေ ဒေါ်ချိုချိုမြင့်၏ခင်ပွန်း၊ ဗိုလ်ကြီးမျိုးဝင်းနိုင်-မတင်မာလာသိန်း၊ ကိုဇော်အောင်ချို-မရည်မွန်အောင်၊ ကိုအောင်ခိုင်စိုး-မသီတာသိန်းတို့၏ဖခင်၊ မြေး ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၇-၇-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁:၁၅ နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်း ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ကြည်ဦး
### B.Com (Acctg) R.A.,D.M.A., B.A. & A.S. (SR Branch), CPA
### အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး
### အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် ၁၈၊ ပြည်လမ်း၊ ၆ မိုင်၊ ဓမ္မာရုံလမ်းနေ အငြိမ်းစားတိုင်းမင်းကြီးနှင့် ပါလီမန်အတွင်းဝန် (ဦးတင်ဦး-ဒေါ်ခင်သန်းကြည်)တို့၏ သမီးကြီး၊ (ဦးကျော်ငွေး)-ဒေါ်တင်ဖြူဦး၊ ဦးမြင့်ဦး-ဒေါက်တာ ခင်မျိုးသင်း၊ ဦးမြဦး-ဒေါ်ဥမ္မာထွန်းရွှေ (ဦးစောမြင့်မောင်)-ဒေါ်တင်နွယ်ဦး၊ ဦးဇော်ဝင်း-ဒေါ်တင်ထွေးဦး တို့၏အစ်မကြီး၊ Capt. ဉာဏ်လင်းငွေး၊ မသီရိရတနာစော၊ မဝင်းမာဦး၊ ကိုဝေဖြိုးငွေး၊ ကိုဖြိုးဇော်ဦး၊ ကိုအောင်မြဦးတို့၏အဒေါ်ကြီး၊ ကိုမြင့်ဟိန်းငွေး၏ မိခင်/အဒေါ်ကြီး၊ မြေး ခုနစ်ယောက်တို့၏ အဘွား၊ အဒေါ်ကြီးသည် ၂၄-၇-၂၀၂၂ရက် (စနေနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး စီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၂၂ရက်တွင် ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်ထွား
### အသက် (၇၄)နှစ်

(ဦးစံတင်-ဒေါ်သန်းကြင်)တို့၏သမီး၊ ဓမ္မာသိဒ္ဓိစာသင်တိုက်ကြီးများ၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝေရောစန၏အစ်မ၊ သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီ၊ ဒေါ်သုစာရီတို့၏ညီမ၊ ဒေါ်တင်ငွေ၊ ဒေါက်တာ ဦးသိန်းဝင်း-ဒေါ်အေးအေးမူတို့၏အစ်မ၊ ဒေါက်တာဝေယျာဝင်းအောင်-ဒေါက်တာ လှိုင်စုယဉ်၊ ဒေါက်တာထူးပြည့်အောင်၊ မောင်ငြိမ်းချမ်းအောင်၊ မောင်အေးချမ်းအောင်တို့၏ အဒေါ်သည် ၂၄-၇-၂၀၂၂ရက် (စနေနေ့) နံနက် ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်အောင်ကျော် B.A (Law) LL.B
### အကောက်ခွန်(ငြိမ်း)
### အသက် (၆၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် (၆၃)၊ ၅၄ လမ်း၊ (သော်မဆင်)နေ [ဦးကျော်မောင်(အကောက်ခွန်-ငြိမ်း)-ဒေါ်အေးခင်]တို့၏သား၊ [ဦးမောင်မောင်လေး (အကောက်ခွန်-ငြိမ်း)-ဒေါ်အမာရီ]တို့၏သားသမက်၊ ဒေါ်သွယ်သွယ်လေး၏ ခင်ပွန်း၊ ကိုအောင်ပြည့်-မဝင်းပွင့်ဖြူ၊ မအိခင်အောင်ကျော်၊ မသီရိခင်အောင်ကျော်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မရွှေစင်ဝင်းအိ၊ မောင်လင်းပြည့်အောင်၊ မခင်ဝတီထွဋ်တို့၏ဘိုးဘိုးကြီးသည် ၂၇-၇-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှသွင်
### (စ.စ.စ ဦးစီးအရာရှိ-ငြိမ်း)
### ဒုရဲအုပ်လောင်းအမှတ်စဉ်-၁၃
### အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ၃/မာန်ပြေ (၉)လမ်းအရှေ့၊ အမှတ်(၃၇၁)နေ ဒေါ်တင်အေး၏ချစ်လှစွာသော ခင်ပွန်း၊ ဗိုလ်ကြီး ရဲကျော်သူ-ဒေါ်အိမြတ်မွန် တို့၏ဖခင်၊ ကောင်းဆက်နိုင်တို့၏အဘိုး (ဦးလှသွင်)သည် ၂၇-၇-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၉:၄၆နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီး စိုးဝင်းသိန်း(ငြိမ်း)
### တေဇ(၉)
### ဒုညွှန်ကြားရေးမှူး(ငြိမ်း)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ပဲခူးမြို့
### အသက်(၆၁)နှစ်

တေဇ(၉)မှ ချစ်လှစွာသော သူငယ်ချင်း ဗိုလ်ကြီး စိုးဝင်းသိန်း(ငြိမ်း) သည် ၂၇-၇-၂၀၂၂ရက် နံနက် ၉:၂၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန် သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၉)သူငယ်ချင်းများနှင့် မိသားစုများ

## ဗိုလ်ကြီး စိုးဝင်းသိန်း(ငြိမ်း)
### တေဇ(၉)
### ဒုညွှန်ကြားရေးမှူး(ငြိမ်း)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ပဲခူးမြို့
### အသက်(၆၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုဝန်ထမ်းအိမ်ရာ၊ တိုက်(၇)၊ အခန်း(၁၃)နေ (ဦးလှမောင်-ဒေါ်ကြည်လင်)တို့၏သား၊ (ဦးအေးရွှေ)-ဒေါ်လှဝင်းတို့၏သမက်၊ ဦးခင်မောင်သိန်း-ဒေါ်စန်းမြင့်၊ ဒေါ်နွဲ့၊ ဦးမြင့်စိုး၊ ဦးကျော်ကျော်မျိုး၊ ဒေါ်သင်းသင်းတို့၏ ညီ၊ မောင်၊ အစ်ကို၊ ဒေါ်စိုးမိုးသူ(မူလတန်းပြ၊ အထက-၃၊ ပဲခူး)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဝင်းနိုင်စိုး၊ မသင်းထိုက်စိုး၊ မမေနဒီကျော်တို့၏ ချစ်လှစွာသောဖခင် ဗိုလ်ကြီး စိုးဝင်းသိန်း(ငြိမ်း)သည် ၂၇-၇-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၉:၂၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရွှေပြည်သာကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာတင်ဆွေအေး
### ပါမောက္ခ (သင်္ချာဌာနမှူး)
### ကလေးကွန်ပျူတာတက္ကသိုလ်
### (နည်းပညာ မန္တလေး၊ လေကြောင်းပညာတက္ကသိုလ် မိတ္ထီလာ၊ ရတနာပုံဆိုက်ဘာစီးတီး)
### အသက်(၅၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ (၃)ရပ်ကွက်နေ ဦးဘိုးထိန်-ဒေါ်သောင်းခင်တို့၏သမီးကြီး၊ မခင်မြတ်အေး (ကုန်စုံရောင်းဝယ်ရေး)၏အစ်မ၊ ကိုကျော်မင်းထွန်း(ကျော်ကွန်ပျူတာ)-မမေမျိုးဦးတို့၏အစ်မ၊ မအေးငြိမ်းဖြိုး(Final Part I, M.B,B.S)၊ မကြယ်စင်လင်းလက်တို့၏ အန်တီကြီးသည် ၂၈-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၁၅ နာရီတွင် ကလေးဝမြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာတင်ဆွေအေး
### ပါမောက္ခ(သင်္ချာဌာမှူး၊ ကလေးကွန်ပျူတာတက္ကသိုလ်)
### အသက်(၅၁)နှစ်

ကလေးဝမြို့နေ ဦးဘိုးထိန်-ဒေါ်သောင်းခင်တို့၏သမီးကြီး၊ ကလေးကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခ(သင်္ချာဌာနမှူး) ဒေါက်တာတင်ဆွေအေးသည် ၂၈-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်မောင်ငွေး-ဒေါ်တင်သူဇာဝင်း
မြန်မာ့အလင်းသတင်းစာတိုက်

## အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီ ဦးညို(ခ)ဦးရာဇတ်
### (ကိုညို-မီးခံသေတ္တာဆိုင်)
### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ်-၉၂၊ ဗညာဒလလမ်းနေ (ဟာဂျီမ ဒေါ်စုရည်(ခ)ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ကိုဇော်မိုးမြင့်၊ ဟာဂျီဇော်မင်းဦး၊ ကိုဝင်းနိုင်၊ ဟာဂျီဇော်ဝင်းထွန်း၊ ဟာဂျီမ သူဇာထွေးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၂-၇-၂၀၂၂ရက် (ကြာသပတေးနေ့) ည ၇:၃၀ နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်ခံယူသွားပါသဖြင့် ၂၃-၇-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးမွတ်စလင်ဥယျာဉ်တော်နှင့် ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဝင်း(ဖျာပုံ)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၇)၊ အခန်း(၅)နေ (ဦးသောင်းတင်-ဒေါ်တင်)တို့၏သမီး၊ (ဦးစံထွန်း-ဒေါ်မြတင်)တို့၏ချွေးမ၊ ဦးမြင့်ထွန်း၏ ချစ်လှစွာသောဇနီး၊ မောင်ရဲသူအောင်၊ မောင်ဇော်ဝင်းသိန်း၊ မအေးအေးဟန်တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင် ဒေါ်တင်တင်ဝင်းသည် ၂၇-၇-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၅:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁:၅၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပညာစက္ကာဘိဝံသ
## မဟာဂန္ထဝါစကပဏ္ဍိတ
### သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက်/နောက်ရပ်ကွက်၊ သဒ္ဓမ္မပဇ္ဇောတာရုံ ကျိုက္ကစံရွှေကျင်တိုက်သစ်ကျောင်း တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ မဟာဗောဓိ ရွှေကျင်နိကာယ ဂိုဏ်းထောက်၊ ကျိုက္ကစံစေတီတော်၊ ရန်မျိုးအောင်စေတီတော်မြတ်ကြီးများ၏ ဩဝါဒါစရိယ၊ မြို့နယ်သံဃနာယကအကျိုးတော်ဆောင်သည် (၁၃၈၃ခုနှစ် ဝါဆိုလပြည့်ကျော် ၄ရက်) ၂၇-၇-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် တပည့်ဒါယက ၊ဒါယိကာမပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဆွေဆွေ (မြစ်ကြီးနား)
### အသက်(၉၄)နှစ်

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အမှတ်(၁၀၀)နေ (ဦးစိန်-ဒေါ်သီလ)တို့၏သမီး၊ (ဦးမြဒင်)၏ချစ်လှစွာသောဇနီး၊ ဦးစိုးသိန်း-ဒေါ်တင်ဦးရွှေ(79 BE,Civil)၊ ဦးပီတာလှမင်း-ဒေါ်ကေ့ဖန်၊ ဦးကျော်ကျော်မင်း(မိုးကောင်းမြို့နယ်ပညာရေးမှူး-ငြိမ်း)၊ ဒေါ်သန်းသန်းမော်(အလယ်တန်းပြ၊ ဖားကန့်)၊ ဦးသောင်းအေး-ဒေါ်ခိုင်ခိုင်ဆွေ(အလယ်တန်းပြ၊ မြစ်ကြီးနား)၊ ဦးစိန်ဦး-ဒေါ်ဥမ္မာဆွေ(အလယ်တန်းပြ၊ မြစ်ကြီးနား)၊ ဦးဝင်းထိန်မင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုဘဏ်)-ဒေါ်ရီရီနွယ်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၈-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ယင်းနေ့တွင်ပင် မြစ်ကြီးနားမြို့ ရဒါကောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျင်ဖန်ချူး(ခ)ဦးတင်လတ်
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးကျင်တိတ်ဂွမ်-ဒေါ်ဝမ်ရွှေလင်)တို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇) ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ တိုက်(၁)၊ အခန်း(၁၀၅)နေ ဒေါ်ကျင်လှ၏ခင်ပွန်း၊ (ဦးကျင်ရက်ချူး)၊ ဦးကျင်ပိန်ချူး-ဒေါ်လီ လှိုင်ဟောင်တို့၏ညီ၊ ဒေါ်ကျင်စိန်မွေး-(ဦးအောင်ဝင်းရီ)၊ ဒေါ်ကျင်ကျိန်ဟန်-ဦးလင်ဝေဖိတ်၊ ဒေါ်ကျင်ဝမ်းဟန်-ဦးကြည်ဝိုင်ဟွဲ၊ ဒေါ်ကျင်ဖွန်ဟန်၊ ဒေါ်ကျင်မွန်ဟောင်း-ဦးခင်မောင်ချိုတို့၏အစ်ကို၊ မကျင်ငုတ်ရင်၊ မကျင်ချိုရင်-မောင်အာကာဖြိုးကျော်၊ မောင်ထန်းထွန်း(TUN Mobile)တို့၏ ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၅-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီး ဒေါ်ကြင်ရွှေ (ငြိမ်း)
### (N-၃၁၀)၊ စစ်သူနာပြုသင်တန်းအမှတ်စဉ် (၆)
### ဒုတိယပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်သူနာပြုတက္ကသိုလ်
### အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် (၃၀)၊ ၅၄ ရပ်ကွက်၊ ဇေယျာသုခ ၃လမ်း၊ သုဝဏ္ဏနေ ဗိုလ်မှူးစိန်လှ(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နိုင်ငံတော်အစိုးရအဖွဲ့ရုံး၏ ဇနီး၊ ဒေါက်တာမျိုးအောင်ကျော်-ဒေါက်တာလှစန္ဒာ၊ ဦးအောင်စိန်-ဒေါက်တာ ယုဇနတို့၏မိခင်၊ မောင်ဝေယံမျိုးကျော်၊ မောင်စွမ်းထက်မျိုးကျော်တို့၏အဘွားသည် ၂၇-၇-၂၀၂၂ရက် (အင်္ဂါနေ့)ည၉:၅၅နာရီတွင်ကွယ်လွန်သွားပါ၍၂၈-၇-၂၀၂၂ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့် သွေး ဖြင့် အ သက် ကယ် ပါ

သစ်ပင် နည်းလာ တို့ကမ္ဘာ လွန်စွာ ပူအေး ဥတုဘေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

ရက်စွဲ။ ၂၈-၇-၂၀၂၁

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည် -

(က) မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ရောဂါကြောင့် သေဆုံးမှုကို လျှော့ချရန်၊

(ခ) ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို တားဆီးရန်၊

(ဂ) ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံ့စီးပွားရေး ထိခိုက်မှုကို လျှော့ချနိုင်ရန်။

၂။ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် (၂၇-၁-၂၀၂၁) ရက်နေ့မှ (၂၁-၇-၂၀၂၁)ရက်နေ့အထိ ကာကွယ်ဆေးထိုးနှံပြီးဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းအများစုကို အကြိမ်ပြည့် ထိုးနှံပြီးဖြစ်ပါသည်။ ကာကွယ်ဆေးများထိုးနှံရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲထားသည့် မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးစီမံချက် Myanmar National Vaccine Deployment Plan အရ ဦးတည်အုပ်စုများကို သတ်မှတ်၍ ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေးခြင်းဖြစ်ပါသည်။

၃။ ဆက်လက်၍ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးနှံရာတွင် အထက်ဖော်ပြပါရည်ရွယ်ချက်များရရှိစေရေး ဆေးရရှိပေါ်မူတည်၍ အောက်ပါ ဦးတည်အုပ်စုများကို ဦးစားပေးအစီအစဉ်အလိုက် အမြန်ဆုံးထိုးနှံပေးသွားမည် ဖြစ်ပါသည် -

(က) အသက် (၆၅)နှစ်နှင့်အထက် မိဘပြည်သူများ၊

(ခ) ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေးမထိုးရသေးသော ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကကျန်းမာရေး ဝန်ထမ်းများ၊

(ဂ) ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ကာကွယ်ဆေးမထိုးရသေးသည့် စေတနာ့ဝန်ထမ်းများ၊

(ဃ) ဘိုးဘွားရိပ်သာများရှိ ဘိုးဘွားမိဘပြည်သူများ၊

(င) သာသနာ့ဝန်ထမ်းများ၊ ဘုန်းတော်ကြီးနှင့် သီလရှင်များ၊

(စ) ကာကွယ်ဆေးမထိုးရသေးသော နိုင်ငံ့ဝန်ထမ်းများ၊

(ဆ) ပုဂ္ဂလိက ဘဏ်ဝန်ထမ်းများ၊

(ဇ) ပုဂ္ဂလိကစက်ရုံ/အလုပ်ရုံဝန်ထမ်းများ၊

*စာမျက်နှာ ၁၀ ကော်လံ ၁ ❐*

## ယနေ့ သတင်းအညွှန်း

**အမေရိကန်တွင် ကာကွယ်ဆေးထိုးပြီးသူများလည်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်**

နိုင်ငံတကာရေးရာ စာ - ၁၄

**ဇူလိုင် ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉၈၀ တွေ့ရှိ**

ထပ်မံသေဆုံးသူ ၃၆၅ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၈၂၁၀ ရှိ

ပြည်တွင်းသတင်း စာ - ၁၅

**စိတ်မချဘူး**

ဆောင်းပါး စာ - ၂၂

# ONE မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲအဖြစ် ဇူလိုင် ၃၀ ရက်တွင် အောင်လအန်ဆန်နှင့် လီအန်ဒရို ထိုးသတ်မည်

ရန်ကုန် ဇူလိုင် ၂၈

**ONE Championship က စီစဉ်ကျင်းပသည့် Battleground အမည်ရ MMA ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ MMA ကစားသမား အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲ ပါဝင်လာမည်ဖြစ်သည်။**



အောင်လအန်ဆန်နှင့် လီအန်ဒရို

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၃၀ ရက်က ထိုးသတ်သည့်ပွဲတွင် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို အရေးနိမ့်ခဲ့ကာ ချန်ပီယံဆုလက်လွှတ်ရပြီးနောက်ပိုင်း ပထမဆုံး မစ်ဒယ်ဝိတ်တန်းပွဲ ပြန်လည်ထိုးသတ်ရခြင်း ဖြစ်သည်။ အောင်လအန်ဆန်သည် ယခင်က ONE မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၂၀ ပြည့်နှစ်

*စာမျက်နှာ ၁၀ ကော်လံ ၅ ❂*